www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

အောင်မြင်စာပေ (မြ-၀၀၂၇၆)၊

အမှတ်(၇)သိတာလမ်း၊

ပျော်ဘွယ်မြောင်း။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

အောင်မြင်ပုံနှိပ်တိုက် (မြ-၀၀၀၇၇)၊

အမှတ်(၁၄၅)၊နှင်းဆီဖြူလမ်း၊

သုဝဏ္ဏ။

ဖြန့်ချိရေး

အောင်မြင်စာပေ၊

ပထမအကြိမ်၊

၂၀၀၆ ခုနှစ်၊

(ဩဂုတ်လ)၊

အုပ်ရေ(၅၀၀)။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

ပရိသတ်ကို ကျွန်တော် မေးကြည့်ချင်တယ်။

ဟောဒီမှာ. . ဟောဒီမှာ. . လို့ မျက်နှာလေးမော့ပြီး မပြ ပါနဲ့၊ အဲ့ဒီမေးစေ့လေး မဟုတ်ပါဘူး. . . မေးခွန်းလေးပါ။

'အဟမ်း!. .'. . ဆောရီး. . စကားကြီး စကားကျယ် ပြောခါနီး. . လည်ချောင်းရှင်းတာ ချောင်းဟန့်တာ စတိုင်လ်များ လားလို့ လုပ်ကြည့်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရရင်. . . လူတွေပေါ့ဗျာ. . . လူတွေမှာ ကိုယ်နှစ်သက်ရာ စိတ်ဆန္ဒလေးတွေကို သေသည်အထိ ဆုပ်ကိုင်ထားတတ်ကြတာလေးကို တွေးမိလို့ပါ။

ဥပမာ. . . ကျွန်တော့်အဒေါ်ပေါ့၊ လက်ဖက်ရည်တို့ ကော်ဖီတို့ဆို ချိုမှ၊ နို့ဆီနဲ့သကြားကို ဒီအတိုင်း မြိုချသလို ချိုမှ သောက်တာ၊ နည်းနည်းလေး ခါးတာနဲ့. . 'ဟာ!. . နင့်ဟာကြီးက ခါးလိုက်တာ. . 'ဆိုပြီး တွန့်ရွံ့ပြတာမျိုးပေါ့။

အဲ. . အဲ့ဒီအဒေါ်က တမာချဉ်တို့၊ ကြက်ဟင်းခါးသီးတို့ ခွေးတောက်ရွက်ဆို အသားကုန် ဝါးပြီပဲ၊ တစ်ခါများ ဦးလေးက 'မိန်းမရေ. . ငါ့ကို ဂန့်ဂလာဟင်းချိုလေး ပေးစမ်းပါဆိုလို့ အဒေါ်ချက်တာ၊ မချက်တတ်ဘဲချက်တော့. . ခါးကုန်ရော၊ ဂန့်ဂလာဟင်းချိုချက်ရင်. . ထမင်းစားတော့မယ်ဆိုမှ ဟင်းရည်ဆူဆူကို မီးဖိုပေါ်ကချ၊ အောက်ရောက်မှ ရေစင်စင်ဆေးထားတဲ့ ဂန့်ဂလာရွက်ကို ဟင်းရည်အိုးထဲ ထည့်ခတ်ပြီး သောက်ရတာ။

အဒေါ်က ချဉ်ပေါင်ဟင်းချို ချက်သလို အရွက်တွေ နူးအိကျသွားအောင် တစ်ခါတည်း ထည့်ချက်တော့ ခါးတာမှ လန်ထွက်ကုန်ရော၊ အမယ်ဗျာ. . . အဲ့ဒီခါးခါးကြီးကို ဦးလေး မသောက်နိုင်လို့ အဒေါ်သောက်ပစ်တာ ကုန်ပါရောလား။

ပြောချင်တာက လက်ဖက်ရည်,ကော်ဖီ ခါးတာလည်း အခါးပဲ၊ တမာခါးတာလည်း အခါးပဲလေဗျာ၊ ဟိုအခါးမကြိုက်ဘူး. . ဒီအခါးမှဆိုတော့ နည်းနည်းများ ခွတီးခွကျနိုင်လားလို့ စဉ်းစားပြီး. . . အဲ့ဒါ ဘယ်လိုသဘောလဲဗျာလို့ ပရိသတ်ကို



www.burmeseclassic.com

www.burmeseclassic.com



မေးကြည့်ချင်တာပါ။

နောက်တစ်ခုက ကျွန်တော့်အဖိုးပါ၊ သူက တပ်မတော် ပင်စင်စား၊ ကြံ့ခိုင်ရေးအစိုးရအဖွဲ့သစ် ပေါ်ပေါက်လာတဲ့အချိန် မှာ အငြိမ်းစားဝန်ထမ်းတွေ ခံစားခွင့်ကို တိုးမြှင့်ပေးပြီလည်းဆို ရော အိပ်ရာထဲ ပက်လက်ကလေး ငြိမ်နေတဲ့ အဖိုးရယ် ဝုန်းခနဲ ထထိုင်ပြီး ငါ့ပင်စင်ကိစ္စ လုပ်ရမယ်၊ အခုသွားမယ်. . အခုလုပ် မယ်ချည်း ပြောနေလို့ ကျွန်တော်တို့မောင်နှမနဲ့ အစ်မပါ အတော် ဒုက္ခရောက်ပြီး အလုပ်တွေ ရှုပ်ကုန်တယ်လေ။

ပြဿနာက. . . ဒီလို၊ အဖိုးရတဲ့ပင်စင်က တစ်လမှာ သုံးရာ့ခြောက်ဆယ့်ရှစ်ကျပ် ရှစ်ဆယ့်ခြောက်ပြားပဲရတာ. . .၊ ပင်စင်လစာ တစ်နှစ်လုံးစုထုတ်မှ လေးထောင့်နှစ်ရာနဲ့ သုံးဆယ့် နှစ်ပြားပဲ ရတယ်၊ ခါတိုင်းတော့ တစ်နှစ်မှတစ်ခါ သွားထုတ်တာ၊ ကျွန်တော့်သဘောကတော့ အသက်ရှစ်ဆယ်နီးပါး ဖြစ်နေပြီဖြစ် တဲ့အဖိုးကို ဖွဲ့ဒီပင်စင်လစာငွေလေးကို သွားမထုတ်စေချင်တော့ ဘူး။

ဒီအတိုင်း မထားချင်လည်း ဘိုးဘွားရိပ်သာဖြစ်ဖြစ်. . ဒီဝိတ ဒါနသံဃာ့ဆေးရုံကိုပဲဖြစ်ဖြစ် နှစ်စဉ်လှူတာမျိုး လွှဲလိုက် စေချင်တယ်၊ ဘာကြောင့်လဲဆိုတော့ သူက သူ့ကိုယ်စား သူများ လုပ်တာ မကြိုက်ဘူး၊ သူကိုယ်တိုင်လုပ်ရမှ၊ ဒီအသက်အရွယ် ကြီး ဘတ်စ်ကားတိုးစီးဖို့ကလည်း မဖြစ်တော့ တစ်နှစ်တစ်ခါ အငြိမ်းပင်စင်ထုတ်ဖို့ကိစ္စ ကျွန်တော်တို့ အလုပ်ရှုပ်ကြရမယ်၊ အငှားကားနဲ့ အိမ်ကအားတဲ့လူတစ်ယောက် အဖော်လုပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားကြရတယ်။

ပင်စင်ကလည်း အခုသွားပြီး အခုထုတ်လို့မရဘူး. . ၊ ရွှေ့လမှာ ပင်စင်ထုတ်မယ်ဆိုရင် ဒီလကတည်းက ပင်စင်စာအုပ် သွားထပ်၊ ပုံစံဖြည့်ပြီး တင်ထားခဲ့ရတယ်၊ လဆန်းတော့မှ တစ်ခေါက်သွားထုတ်ရတာလေ. . . ။

အဲ့ဒီတော့ အငှားကားခက ပင်စင်ထပ်တုန်းက အသွားအပြန် လေးထောင်. . ပင်စင်ထုတ်တော့ အသွားအပြန် လေးထောင်၊ စုစုပေါင်း ရှစ်ထောင်ကုန်တယ်၊ အဖိုးရတာက လေးထောင့်နှစ်ရာနဲ့ ပြားစွန်း၊ တွက်ကြည့်ရင် တစ်နှစ်တစ်ခါ အိမ်ကနေ သုံးထောင့်ရှစ်ရာလောက် စိုက်ကုန်ပြီး အဖိုးလည်း ပင်ပန်းတဲ့ကိစ္စ ဘာလုပ်မလဲ။

အဲ့ဒါကြောင့် အဖိုးပင်စင်အတွက် ကျွန်တော် တစ်နှစ်ကို ငါးထောင်ပေးမယ် အဖိုး အိမ်မှာပဲ ငြိမ်ငြိမ်လေး နေပေးပါလား ဆိုတာ မရဘူးဗျာ. . . ။

ဟိုဟာမှ ငါ့ပိုက်ဆံ. . ၊ ဒီငါးထောင်က မင်းပိုက်ဆံမို့လို့ သဘောမတူဘူးတဲ့၊ ဆိုတော့ကာ. . . ကျွန်တော်တို့သားအမိ တတွေ အောင့်အင်းသည်းခံပြီး အဖိုးသဘောအတိုင်း တစ်နှစ် တစ်ခါပေါ့. . . ။

အခုကိစ္စက ပင်စင်တွေ တိုးပြီး. . ဒီနှုန်းထားအတိုင်းဆို ငါက နှစ်သောင်းနီးပါး သေချာပေါက်ရမှာ၊ သွားမယ်. . လုပ်မယ်နဲ့ ပြောရောဗျာ. . ၊ အဲ့ဒါနဲ့. . ကဲ. . အဖိုး ဒါဆိုသွားမယ် လုပ်ပေးမယ်၊ ဒီနေ့ တစ်ရက်လောက် သည်းခံပေး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလုပ်ရမယ်ဆိုတာ စုံစမ်းမယ်၊ မနက်ဖြန်မှ မြေးအဖိုးနှစ်ယောက် ချီတက်ကြမယ်ဆိုတာ မရဘူး ပရိသတ်ရေ၊ လနဲ့ချီပြီး စားမဝင်အိပ်မပျော်ဖြစ်နေတဲ့ လူကြီးရောဂါတောင် ဘယ်ရောက်သွားမှန်း မသိဘဲ ထ,ခါးတောင်းကျိုက်နေလို့ မနည်းချော့မော့ပြီး သူ့ဆန္ဒအတိုင်း လုပ်ပေးလိုက်ရတယ်။

ထုံးစံအတိုင်း ကားငှား၊ ထုံးစံအတိုင်း အိမ်မှာ ဖင်ပေါ့ရင်ပေါ့ ရှိတဲ့ ကျွန်တော်ပဲ အဖိုးကိုခေါ်ပြီး ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းရုံးကို ချီတက်ရတော့တာပေါ့။ ဟိုရောက်တော့ အဖိုးလိုပဲ ပင်စင်စား အဖိုးအဖွားတွေ ရှစ်မိုင်လမ်းဆုံကနေ တိုင်းရုံးအထိ တစ်တန်း၊ တစ်ခါ ခုနစ်မိုင်ဘက်ကနေ တိုင်းရုံးအထိ တစ်တန်းစီ တန်းစီခေါ်နေကြလို့ ကျွန်တော်တို့မြေးအဖိုး ဘယ်အတန်း ဝင်တိုးရမှန်းမသိဘဲ ဖြစ်နေတုန်း အဖိုးမိတ်ဆွေက. . သူတို့တပ်ရင်းတစ်ရင်းထဲ အတူတာဝန်ထမ်းဆောင်ခဲ့တဲ့သူပေါ့။

ဟော့. . လူကြီး. . လာဗျ. . ကျုပ်တို့ကြည်းတပ်က ဒီမှာဆိုမှပဲ အဖိုး အဲ့ဒီမှာ ဝင်တိုးပြီး ရပ်လိုက်တယ်၊ အဲ့ဒါကို နောက်က အဖိုးအဖွားများက ကြားဖြတ်တာလားဘာလားဆိုပြီး အော်ကြလို့ ကျွန်တော် အဖိုးကိုခေါ်ပြီး ဟိုးနောက်ဆုံးကနေ ပြန်တန်းစီရတယ်၊ မနက်(၁၀)နာရီလောက် ပူတဲ့နေကလည်း ရဲရဲတောက်၊ အဖိုးကလည်း သူ့ဆန္ဒ၊ သူ့စိတ်က တောက်တောက်ရဲ. .။

နောက်ဆုံးတော့ ရုံးအဝင်ဝမှာတင် အဖိုးရဲ့ခံနိုင်ရည် မှောက်မှောက်လဲသွားခဲ့ရလို့ ရုံးဝင်းထဲအထိ မရောက်ဘဲ ဆေးရုံရောက်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒါတောင် ဆေးရုံမှာ သူ့ကိုထားခဲ့ပြီး ပင်စင်ကိစ္စ သွားလုပ်ဖို့ ကျွန်တော့်ကို အမိန့်တွေ ပေးနေပါသေးတယ်၊ အမေ ရောက်လာမှ ကျွန်တော်လည်း အသက်ရှူချောင်ပြီး နောက်ရက်မှ အဖိုးပင်စင်ကိစ္စ ကျွန်တော်ဆက်လုပ်နိုင်ခဲ့ပါတယ်။

အဖိုး စိတ်အေးတော့ . . ကျွန်တော် အားလုံးလုပ်ပေးလိုက်ပြီ . . တင်လိုက်ပြီ၊ ပြန်ကျအောင် စောင့်ရုံပဲ ရှိတော့တယ်လို့ ပြောမှ အဖိုးသက်ပြင်းကျနိုင်တယ်။

ဆေးရုံမှာ သုံးရက်ကြာပြီး အိမ်ပြန်ရောက်မှ တစ်ခါ စခန်းထလာပြန်ပါတယ်၊ ခုနစ်လပိုင်းမှာ ပင်စင်အသစ်နဲ့ အကျုံး ဝင်တယ်ဆိုရင် ခြောက်လပိုင်းအထိ သူ့ပင်စင်လစာအဟောင်းကို ထုတ်ယူရမယ်လို့ အရေးဆိုတယ်လေ။

အဲ့ဒါလည်းထား . .၊ ကျွန်တော် ကိုယ်စားထုတ်ပေးမယ်၊ အဖိုး ငြိမ်ငြိမ်လေးနေပေးဆိုတာ မရပါဘူး၊ အမေက မျက်ရည် တွေနဲ့ . . အဖေရယ် တော်ကြာ ပင်စင်လစာ အသစ်ကလေး တောင် မသုံးရဘဲ သေရတော့မယ်၊ အဖေ့ပင်စင်လစာ ခြောက် လစာက နှစ်ထောင့်တစ်ရာပဲ ရမှာ၊ သမီး နှစ်သောင်းပေးပါ့မယ် အိမ်မှာပဲ နေပါဆိုတာ . . မယူဘူးကွာ . . ငါ့ပိုက်ဆံက ငါ့ပိုက်ဆံ ပဲဆိုပြီး သောင်းကျန်းနေလို့ . . နောက်ဆုံးတော့ ကျွန်တော်ပဲ ကိုင်း . . လာ . . အဖိုးရေ . . သွားစို့ဆိုပြီး ကားငှား . . ရုံးသွား ပင်စင်နောက်တစ်ခါသွားထုတ်၊ ရတာက နှစ်ထောင်ကျော် တဲ့ တာက ရှစ်ထောင်၊ ဒီတစ်ခါတော့ အဖိုးစိတ်ကို ခြောက်ထောင် နီးပါး စိုက်ထုတ်ပြီး ကျေနပ်ပေးလိုက်ရတယ်၊ တင်ထားတဲ့ ပင်စင်



www.burmeseclassic.com

www.burmeseclassic.com



အသစ် ကျလာရင် ဘယ်စခန်းကနေ ထောင်ထလာဦးမယ်ဆို တာတော့ မသိသေးဘူးဗျ။

ထားပါတော့. .၊ ပြောချင်တာက အခြေအနေအရပ်ရပ် ကို တွက်ဆကြည့်ရင် လွယ်လွယ်နဲ့ သဘောပေါက်နိုင်စရာကို အဖိုးသဘောမပေါက်ဘဲ သူ့စိတ်သူ့ဆန္ဒအတိုင်း ဇွတ်ဖြစ် ဇွတ် လုပ်နေတော့တာကြီးပါ၊ သူငယ်ပြန်လို့ မှတ်ဉာဏ်မကောင်း တော့လို့ဆိုရင်ထား၊ အဖိုးရဲ့မှတ်ဉာဏ်ပိုင်းဆိုင်ရာက လုံးဝကို လုံးဝဂွတ်နေတုန်း၊ မဂွတ်တာ အဲ့ဒီအစွဲနဲ့ အဲ့ဒီစိတ်ဆန္ဒကြီးပါ။

အဲ့ဒါ. . ဘယ်လိုပြောကြမလဲ. . ပရိသတ်ရယ်၊ စဉ်းစား ပေးကြပါဦး. . .။

နောက်တစ်ခုက ကျွန်တော့်ထက် နှစ်နှစ်ကြီးတဲ့ ကျွန် တော့်အစ်ကိုကြီး ကိုတိုးမောင်ပါ၊ သူ့အကြောင်းပြောရင် လုံးချင်း တစ်အုပ်စာတောင်မက. . မကနိုင်လို့ နောက်မှပဲ Toe Maung One Man Show သီးသန့်လုပ်ပေးပါ့မယ်၊ လောလောဆယ် အဲ့ဒီထဲက တစ်ခုပေါ့. . .။

အစ်ကိုက ရည်စားထားရတာထက် ရည်းစားစာ ရေးရ တာ ပိုပြီးဝါသနာပါပါတယ်၊ ဒါ သူထုတ်ပြောတာ မဟုတ်ပါဘူး၊ ကျွန်တော် တစေ့တစောင်း လေ့လာမိလို့ သိရတာပါ။

သူ့အခန်းထဲက သူ့စာကြည့်စားပွဲမှာ ပန်းရောင်ရင့်ရင့် ခြင်းတွဲတစ်ခု ရှိပါတယ်၊ ရုံးသုံးဖိုင်တွဲကြီးကို သူ့ဘာသာ ပန်းရောင် ဖြစ်အောင် ဆေးမှုတ်ထားပြီး 'ချစ်သူထံသို့ပေးစာ'လို့ သဘော ဆေးအဖြူနဲ့ ခေါင်းစည်းစာလုံးတောင် ရေးထိုးထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီလက်ငါးလုံးလောက်ရှိတဲ့ ဖိုင်အထူကြီးထဲမှာ သူ့စိတ်ထဲ အချစ်ကို ခံစားနားလည်တတ်စအရွယ်ကတည်းက ရေးတတ်သလို ရေးလာတဲ့စာတွေကို. . အခု အစ်ကို့အသက် သုံးဆယ်ဗျာ၊ အဲ့ဒီအရွယ်အထိ ရေးလာတဲ့စာတွေ. . အဲ့ဒီဖိုင်ကြီးနဲ့တွဲထားတာကလား၊ အခုလည်း ရေးချင်စိတ်ရှိရင် ရေးနေတုန်းမို့ ကျွန်တော်ထင်တယ် နောက်ထပ်ဖိုင်အသစ်တစ်ခုတောင် ထပ်ထုတ်ရမလား မပြောတတ်ဘူးဗျ. . ။

သူများအတွင်းရေး ခုလိုအပြင်ထုတ်ရတာတော့. . မကောင်းပါဘူး၊ ဒါပေသိ. . ကိုယ့်အစ်ကိုအကြောင်း ကိုယ်ပြောရတာ အန္တရာယ်ကင်းပါတယ်၊ အဲ့ဗျာ. . အဲ့ဒါ ကျွန်တော်ကလည်း ရှာရှာဖွေဖွေ စပ်စပ်စုစု တွေ့ရောဗျာ. . ဆိုတော့ကာ အစ်ကိုနဲ့ ပက်ပင်းတိုးပြီး မိရောဗျာ. . ။

အဲ့ဒီမှာ အစ်ကို့နှယ် ဒေါသလည်းထွက်၊ ရှက်လည်းရှက်ပြီး. . အစ်ကို ဒါတွေ ဘယ်သူ့ပေးဖို့ ရေးတာလဲလို့မေးတော့ ဘာမှမပြောဘူး၊ ဒါပေမယ့်လည်း ညီလုပ်တဲ့သူ တွေ့သွားလို့ မရေးတော့ဘူးလားဆိုတော့ ရေးတုန်းပဲ၊ ဖိုင်ထဲမှာ ထပ်ပြီးရေးထားတဲ့ ရည်းစားစာအသစ်တွေ တွေ့တုန်းပဲ၊ သေချာဖတ်ကြည့်တော့ စာတွေအားလုံး ပထမဦးဆုံးပေးမယ့် စာအမျိုးအစားတွေချည်းပဲ။

ကဲ. . . ပရိသတ်၊ လူတွေက ကိုယ်နှစ်သက်တဲ့ စိတ်ခံဒွိကို သေသည်အထိ ဆုပ်ကိုင်သွားတတ်တဲ့သဘောမျိုး ရှိတယ်လို့ ကျွန်တော်ယူဆလိုက်တာဟာ. . မှန်သလား မှားသလားလို့ ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကြပါဦးဗျာ။

ကျွန်တော့်အဖြေကတော့ မှန်တယ်လို့ ထင်တာပဲ၊ ဘာကြောင့်လဲဆိုတော့ သူများမပြောနဲ့ ကျွန်တော်ကိုယ်တိုင်တောင် တစ်အိမ်သားလုံးနဲ့ ဆန့်ကျင်ပြီး ကိုယ့်စိတ်သာယာမှုဆန္ဒကို ဖွတ်ပေပြီး လုပ်တတ်၊ လုပ်နေတတ်တဲ့ အကျင့်ကြောင့်ပါ။

ပရိသတ်ပဲ တွေးကြည့်ဗျာ၊ 'ကြွက်' ဆိုတဲ့သတ္တဝါဟာ လူတွေကို ကောင်းကျိုးထက် ဆိုးကျိုးများစေတဲ့ သတ္တဝါပါ။ သေတ္တာတွေဖောက်၊ ဘီရိုတွေဖောက်၊ အဝတ်တွေကိုက်ပြီး အသိုက်တွေလုပ်၊ ထမင်းဟင်းတွေ ဖွင့်စားလို့စား. . ၊ ပြီးရင် ချေးတောင်ပါခဲ့သေး၊ ဆန်ပုံးတွေထဲဆို ကြွက်ချေးက အတောင့်လိုက်၊ ချေးတုံးလေးတွေက မြင်နေရလို့ အလွယ်တကူ ကောက်ဖယ်နိုင်တာ၊ ချေးတောင်ပါမှ သေးမပေါက်ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ကြွက်ကြောင့် ရောဂါတွေရ ဆိုတော့ကာ. . . လူတိုင်း ကြွက်ကို မုန်းတယ်ဗျ. . ။

အိမ်မှာ ကြွက်ရှိရင် ကြောင်မွေးရင်မွေး၊ မမွေးရင် ကြွက်ညှပ်လို့ခေါ်တဲ့ သံညှပ်တွေ၊ အဖုံးကြွက်ထောင်ချောက်တွေနဲ့ ရှင်းကြလင်းကြတာလေဗျာ။

အိမ်မှာလည်း ည. . ည. . 'ကျွိ!. . ကျွိ!. .' ဆိုတဲ့ အသံကြားတာနဲ့ အမေကစပြီး ကြွက်နှိမ်နင်းရေးကိစ္စကို မနက်ခင်း ကော်ဖီသောက်ချိန်မှာကတည်းက ညွှန်ကြားတော့တာ။

အဒေါ်တို့လင်မယားလည်း ကြွက်ဆိုအသေမုန်း၊ သူ့ဗ မင်္ဂလာဦးခြင်ထောင်ကို ကြွက်ကိုက်သွားလို့ ကြွက်ဆိုတာနဲ့ ရှေ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးက သမတော့တာ၊ အစ်ကိုနဲ့အမေလည်း ကြွက်ကိုရှာလို့ ကြည့် မရတာဆိုပြီး တွယ်တာပဲ၊ အမေက ဆန်ပုံးထဲကြွက်ဝင်တာကို မကြိုက်တာ၊ ဆန်ပုံးဖွင့်လို့ ကြွက်ချေးတွေ့တာနဲ့ ပွစိပွစိ လုပ်တော့တာပဲလေ၊ အဖိုးကတော့ သူ့ခြေထိပ်,လက်ထိပ်က လေးတွေကို လာလာကိုက်လို့ဆိုပြီး 'ချီးမှုကွ. .'လို့ ညည်းညည်း ပြီး ထရိုက်တာလေ။

ဟိုတစ်လောက သူ့မွေ့ယာဝင်ကိုက်သွားလို့ ဒေါသူပုန် ထနေတာ၊ အဲ့ဒီရက်က တစ်ခါ အိမ်မှာ ကြွက်နှိမ်နင်းရေး လုပ် ကြပါသေးတယ်၊ အိမ်သားအားလုံး ကိုယ့်အခန်းကိုယ် တာဝန် ယူပြီးရှင်း၊ ပြီးရင် မီးဖိုခန်း၊ ဘုရားခန်း၊ ဧည့်ခန်းနဲ့ အိမ်နောက်က စတိုခန်းကို အားလုံးစုပေါင်းပြီး ရှင်းလင်းရေးလုပ်ကြတယ်ဗျ၊ အဖိုးရဲ့အခန်းနဲ့ အမေ့ရဲ့အခန်းကိုလည်း ကျွန်တော်တို့မောင်နှမ တွေ ဝိုင်းရှင်းကြပါတယ်၊ ဒါလည်း ကြွက်က ရှိမြဲ၊ သောင်းကျန်းမြဲ ပါပဲ။

အဟီးဟီး. . . ဖတ်ပြီးလျှောက်မပြောနဲ့ဗျာ၊ ကြွက်တို့ရဲ့ တရားခံအစစ်က ကျွန်တော်ပါ၊ ကြွက်တို့ရဲ့အိမ်တွင်းရေး ခိုလှုံမှု အပြည့်အဝရတဲ့နေရာကလည်း ကျွန်တော့်အခန်းပါ၊ အိမ်မှာ ကြွက်မြဲသွားတဲ့ ပြဿနာအစကလည်း ကျွန်တော်ပါ၊ သေသေ ချာချာ ဝန်ခံရရင် ကြွက်မွေးထားတာ ကျွန်တော်ပါခင်ဗျာ. .။

ဆိုတော့ကာ. . . မင်းကွာ. . မဟုတ်သုတ်ခ အလွော် လုပ်တဲ့ကောင်လို့ အပြစ်ပြောရင်လည်းခံရမှာပါ၊ ကျွန်တော် ဟိုဘဝက ကြွက်ဖြစ်လို့လားမသိဘူးဗျ၊ ကြွက်ကလေးတွေမြင်



www.burmeseclassic.com

www.burmeseclassic.com





ရင် ရင်ထဲမှာ ယားကျိကျိဖြစ်လာအောင်ကို ချစ်တာဗျ။

တကယ်ပါ. .၊ ကိုယ့်ပရိသတ်မယုံရင် ကြွက်ကလေး တစ်ကောင်ဖမ်းပြီး သေချာကြည့်ကြည့်ဗျာ၊ ဒီသတ္တဝါလေးတွေ ရဲ့အဓိကဆွဲဆောင်မှုက မျက်လုံးဗျ၊ ဝိုင်းစက်ပြီး နက်စိုနေတာ၊ မဟူရာပိုင်ရှင်ပေါ့ဗျာ. .။

ပြီးတော့ သူတို့အမွှေးလေးတွေနဲ့ ကိုယ်လုံးလေးတွေကို လည်း ကြည့်ဦး အရမ်းနူးညံ့ပြီး နွေးနေတာ၊ ဟိုမြေကြွက်ကြီး တွေနဲ့ ကြွက်စုတ်လို့ခေါ်တဲ့ နံတဲ့ကြွက်တစ်မျိုးတော့ ကျွန်တော် သဘောမကျဘူးဗျ၊ ကျွန်တော်သဘောကျတာ အိမ်တွေမှာခိုနေ တတ်တဲ့ ကြွက်ဖလောင်းလေးတွေနဲ့ ကြွက်ဝမ်းပူလေးတွေကို ပြောတာ၊ ကျွန်တော်မွေးထားတာလည်း အဲ့ဒီကောင်လေးတွေ ပဲလေ. .။

ဒီလိုဗျ. . . တစ်ရက်မှာ ကျွန်တော့်အဒေါ်က အိမ်မှာ ကြွက်ရှိတယ်ဆိုပြီး ကြောင်တစ်ကောင်ခေါ်လာတယ်ဗျ၊ အဖြူ ရောင်ပဲ. . အဲ့ဒီကြောင် လှသလား မလှဘူးလား ဆိုတာတော့ ကျွန်တော်မသိဘူး၊ ကြောင်ကိုလည်း မချစ်ဘူး၊ ခံလည်းမခံစား တတ်ဘူး၊ အိမ်မှာကြောင် ရှိနေတာလည်း သဘောမကျဘူး။

အဲ့ဒါဗျာ အဲ့ဒီကြောင်က အိမ်ကကြွက်တစ်ကောင်ကို မိရောဆိုပါတော့ အဲ့ဒီတုန်းက ကျွန်တော်ကြွက်မမွေးသေးဘူးဗျ၊ ကြောင်က ကြွက်ကိုလည်းမိရော သင်းက ချက်ချင်းမစားသေး ဘူးဗျ၊ အသေကိုက်ထားတာလည်း မဟုတ်တော့ ကြွက်ကအရှင် ပေါ့၊ ဒဏ်ရာတော့ နည်းနည်းပါးပါး ရချင်ရထားမှာပေါ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



ကြွက်ကထွက်ပြေးရင် လိုက်ဖမ်းတယ်၊ ပြီးရင် ချထားပြီး မသိချင် ယောင်ဆောင်နေလိုက်တယ်၊ ကြွက်ပြေးရင် လက်ကလေးနဲ့ အသာဖိထားတယ်၊ ပြီးရင် လွှတ်ပေးတယ်။

တစ်ခါ ပြန်ဖမ်းပြီး ခုန်ပေါက်ကိုက်ချီပြီး ဆော့တယ်၊ အဲ့သလိုနည်းနဲ့ နောက်ဆုံး သူလည်း ကစားလို့ရိုးသွား၊ ကြွက် လည်း သေငယ်ဇောနဲ့မောပြီး မလှုပ်တော့ဘူးဆိုတော့မှ အမြီးက နေစပြီး ကိုက်ဖြတ်စားတော့တာလေ၊ အိမ်သားတွေကတော့ ကြောင်မလေး ကြွက်နဲ့ဆော့နေတာကိုကြည့်ပြီး သဘောကျနေ တာပေါ့၊ ကျွန်တော်ပဲ ကြိတ်ပြီးဒေါသထွက်နေတာ။

အဲ့ဒီမှာ. . အဒေါ်တို့လည်းလစ်ရော ကြောင်ဆီကနေ အဲ့ဒီကြွက်ကိုယူပြီး ကျွန်တော့်အခန်းထဲ ခေါ်လာခဲ့လိုက်တယ် ဗျာ၊ အမြီးတော့ မရှိတော့ဘူးဗျ၊ သူ့ခင်မျာ ကြောက်တာရော နာတာပါပေါင်းပြီး တုန်နေတာလေ၊ အဲ့ဒါနဲ့ အဲ့ဒီကြွက်ကိုယ် ပေါ်မှာ ဒဏ်ရာတွေရှာပြီး ဆေးထည့်၊ အမြီးတိုလေးကိုလည်း ဆေးထည့်ပေးပြီး ကျွန်တော့်ကုတင်အောက်က စက္ကူပုံးထဲမှာ ထည့်ထားလိုက်တယ်၊ သူစားဖို့ဆိုပြီး မီးဖိုခန်းကနေ ဆန်နည်း နည်း၊ ထမင်းနည်းနည်း ယူထည့်ထားလိုက်တယ်ဗျ။

အဲ့ဒီအချိန်ကစပြီး. . . သူအသက်ရှင်ခွင့် ရမယ်ဆိုရင် ကျွန်တော့်အခန်းမှာ သူ့တသက်တာ တစ်လျှောက်လုံး စိတ်ချမ်း သာကိုယ်ချမ်းသာ နေပါစေလို့လည်း ဆုံးဖြတ်ထားလိုက်တယ်။

အဲ့ဒီနောက်ပိုင်း နှစ်ရက်သုံးရက်လောက် ကျွန်တော့် အလုပ်ကိစ္စတွေနဲ့ မြီးတိုလေးကို မေ့သွားတယ်ဗျ၊ နောက်မှသတိ



www.burmeseclassic.com

www.burmeseclassic.com



ရလို့ ကြည့်လိုက်တာ. . လား. . လား. . မြီးတိုက အိမ်ထောင်သည် ကြွက်မလေးဗျ။

သူ့ကလေး နီတာရဲနှစ်ကောင်ကို ဘယ်နေရာကနေ သွားခေါ်လာလဲမသိဘူး၊ ကျွန်တော်ထည့်ထားတဲ့ စက္ကူပုံးထဲ ရောက်နေတယ်၊ ဒါမှမဟုတ် သူ့မှာ ကိုယ်ဝန်နဲ့မို့လို့ ဒီရက်အတွင်းမှာ မွေးလိုက်တာလားလို့ မပြောနိုင်ဘူး၊ ကြွက်ပေါက် နီတာရဲလေးနှစ်ကောင် ရောက်နေတာအမှန်ပဲ။

ဒါဆို. . သူ့ယောကျ်ားကြွက်ထီးလေးလည်း ရှိရမယ်ဆိုပြီး ကျွန်တော်လည်း သူတို့အတွက် ရိက္ခာကို ပိုပိုသာသာလေး ထပ်ဖြည့်ပေးထားလိုက်တယ်။

အစစ်ပဲဗျို့. . တစ်ည ကျွန်တော့်ဗီရိုပေါ်က ဆင်းလာတဲ့ ကြွက်က အမြီးနဲ့ဗျ၊ ဒါဆို မြီးတိုရဲ့အမျိုးသားပေါ့၊ အင်းပေါ့. . သူမသေဘူးဆိုတော့ မလုံခြုံတဲ့နေရာကနေ အခု လုံခြုံတဲ့နေရာဆီ မိသားစုပြောင်းရွှေ့လာတာ ထင်ပါရဲ့။

ဒါနဲ့ ကျွန်တော်လည်း မြီးတိုတို့မိသားစုကို တိတ်တဆိတ် စောင့်ရှောက်ပေးထားတယ်ဗျာ၊ အစာရေစာအတွက် သူတို့ ထွက်ရှာနေစရာမလိုဘဲ သူတို့နေတဲ့စက္ကူပုံးထဲမှာ ပြည့်စုံအောင် လုပ်ထားပေးတော့ အပြင်ထွက်စရာမလိုတော့ဘူး၊ ဒါဆို အဒေါ် ကြောင်ဖြူမ ရန်ကလည်း အေးပြီလေဗျာ။

ကျွန်တော်လုံးဝခိုက်သွားတဲ့ အချက်တစ်ချက်တော့ ရှိတယ်၊ အဲ့ဒီအချက်ကလည်း ကြွက်တွေကို သံယောဇဉ်ဖြစ်သွားအောင် စတင်စေ့ဆော်လိုက်တာပဲလို့ ထင်တယ်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဗျ. . . အဲ့ဒီနေ့က ဘာရယ်မဟုတ်ဘဲ အလုပ်က အပြန် ကြွက်တွေအတွက် ဘာဝယ်သွားရရင် ကောင်းမလဲလို့ စဉ်းစားပြီး စတိုးဆိုင်တစ်ဆိုင်ထဲကို ဝင်မိသွားတယ်ဗျ၊ ဆိုင်က တစ်ဦးတည်းကိုယ်ပိုင်ဖွင့်တဲ့ မီနီမာ့ကတ်ပုံစံမျိုးပါ။ အတော့်ကို စုံပါတယ်၊ မီးဖို ချောင်သုံးပစ္စည်းကအစ အခြေခံစားကုန် အကုန်လုံးနီးပါး ရတဲ့အပြင် ပြည်တွင်းဖြစ် နိုင်ငံခြားဖြစ် မုန့်မျိုးစုံ အပြင် ခွေးစာ၊ ကြောင်စာ ရပြီဆိုတဲ့ သီးခြားဆိုင်းဘုတ်ကလေးပါ ချိတ်ထားတော့ ကျွန်တော်လည်း အဲ့ဒီဆိုင်းဘုတ်ကြောင့် ဝင်သွား မိတယ် ထင်တာပဲဗျ။

ဆိုင်ထဲမှာ ဈေးဝယ်နေတဲ့အမျိုးသမီးနှစ်ယောက်နဲ့ အရောင်းအကူလို့ထင်ရတဲ့ ကောင်မလေးနှစ်ယောက် အလုပ်ရှုပ် နေတော့ ကျွန်တော်လည်း ကောင်တာမှာ ငြိမ်ပြီး ပေသီးခေါက် နေတဲ့ ကောင်မလေးဆီ အကြည့်ရောက်သွားတယ်လေ။

နောက်တာပါ. . calculator နဲ့တွက်နေတာ၊ အား. . ချောတယ်ဗျ၊ ဒီခေတ် မြန်မာဆန်တဲ့ဆင်ယင်ထုံးဖွဲ့မှုက ကျောက် တူးသလိုတူးပြီး ရွှေရှာသလိုရှာတာတောင် တွေ့ဖို့မလွယ်တာ၊ ဒီမှာတွေ့ပြီဗျို့. . . ။

နက်မှောင်ရှည်လျားတဲ့ ဆံကေသာကို တစ်ပတ်လျှိုဆံ ထုံးလေးနဲ့၊ သနပ်ခါးပါးကွက်ကျားက ဝါဝင်းတဲ့အသားအရည်နဲ့ လိုက်မှလိုက်ဗျာ၊ သေချာတာကတော့ ပါတိတ်ဝမ်းဆက်ပဲ၊ ဝတ် ထားတာလည်း ရင်ဖုံးပဲ၊ ဟိုဗျာ. . ဗျူတီကွင်းန်လေ သက်မွှန်ပြီး ကြော်ငြာတဲ့ ဗျူတီကွင်းန်. . အဲ. . အဲ့ဒီအတိုင်းပဲ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဆိုင်ထဲဝင်လာပြီး ဘာဝယ်လို့ ဘာမေးရမှန်းမသိအောင် တောင်မလေးရဲ့ အလှမြစ်ပြင်ထဲ ဒလိမ့်ခေါက်ကွေးကို မျောသွား တာဗျ။

"ဘာလိုချင်လို့လဲရှင့်. ."

"အဲ!. ."

ကောင်မလေးမော့ကြည့်ပြီး အဲ့သလိုမေးမှ ကျွန်တော် သည်း သတိဝင်လာပြီး အိုးနင်းခွက်နင်း ဖြစ်မသွားအောင် အတော်ထိန်းလိုက်ရတယ်။

"အဟမ်း. . ဟိုဗျာ. . ကြွက်. . ကြွက်စာရှိလား"

"ရှင်!. ."

"ကြွက်စာလေ. . ကြွက်တွေကျွေးဖို့အစာ"

ကောင်မလေးမျက်နှာတည်ပြီး တန်းသွားလို့ စောစော က လှတာကလေးတွေတောင် ဘယ်ရောက်ကုန်မှန်းမသိဘူး ဖြစ်သွားတယ်။

"ရှင်လာနောက်နေတာလား. ."

"ဟာ. . မနောက်ပါဘူးဗျာ၊ တကယ်ကြွက်စာလိုချင်လို့ ဒါ ရွှေမှာ ခွေးစာ၊ ကြောင်စာ ရပြီဆိုတော့ ကြွက်. . ကြွက်စာ ရော ရှိမလားလို့ပါ"

အဲ့ဒီအခိုက်မှာပဲ အရောင်းကောင်တာဘက်ကနေ အ ရောင်းအကူကောင်မလေးတစ်ယောက် ရောက်လာလို့ ဟိုအလှ ဘုရားလေး မျက်လွှာချသွားတယ်ဗျ၊ အဟဲ. . နည်းနည်းပြင်လို့ ရသွားတယ် ထင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုပြောတာ ဟန်းစကားလေးတွေရဲ့ အစာလား"

"မဟုတ်ဘူး ညီမလေး Rat ကြွက်၊ Mouse ကြွက်ရဲ့ အစာပဲ"

ကောင်မလေးခေါင်းကုတ်ပြီး နိုင်ငံခြားဖြစ် စက္ကူဗူးတစ်ဗူး ထုတ်ပေးတယ်။

"သမီးထင်တာတော့ ဟန်းစတားလည်း ကြွက်မျိုးစိတ်ထဲ ကပဲဆိုတော့ ဒါ ကြွက်ကြိုက်မယ်ထင်တယ်၊ ကျွေးကြည့်ပါလား"

"အင်း. . အင်းလေ. . ဒါဘယ်လောက်လဲ"

ကောင်မလေးက ဗူးမှာကပ်ထားတဲ့ဈေးနှုန်းကိုထောက် ပြပြီး. . .

"ခုနစ်ရာရှင့်. . ဒါက ထိုင်ဝမ်လေ၊ ယိုးဒယားက ကိုးရာ၊ ဆွစ်ဇာလန်ကလာတဲ့ အစာဗူးရှိသေးတယ်၊ သူက အကောင်းစား ပေါ့။ အစာရောဆေးပါပေါင်းစပ်ပြီးလုပ်ထားတော့ ကျန်းမာရေး အတွက်ပါ စိတ်ချရတယ်လေ. ."

"ဟုတ်လား. . သူက ဘယ်လောက်လဲ"

"တစ်သောင်းခွဲ. ."

"ဒါဆို. . အဲ့ဒါပဲပေးပါ. ."

"ဟုတ်. . ဟိုးကမမဆီမှာ ဘောင်ချာဖြတ်ပြီး ရှင်းလိုက် နော်"

"အိုခေ. ."

ကျွန်တော်လည်း အဲ့ဒီဘူတာကိုဆိုက်ချင်တာ အတော်ပဲ မျာ. .၊ ကောင်တာကအလှတရားလေးက၊ ဟန်း-ဆွစ် ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အတိုကောက်စာလုံးနဲ့ တစ်သောင်းခွဲငွေ အမောက်တင်ပြီး ဘောင်ချာဖြတ်ပေးတယ်၊ ကျွန်တော်ငွေထုတ်ပေးတော့ ကျေးဇူးတင်ပါတယ်တဲ့၊ ကရဝိတ်သံဗျာ. . သာယာပ့်၊ တကယ့်ကရဝိတ်လို 'ကတ်. . ကတ်' လို့မအော်ဘူးနော် ပရိသတ်၊ ဒါနဲ့ ကျွန်တော်လည်း ကိုယ့်အသံလေးကို ချိုးမြှင့်လိုက်တယ်။

"ကျွန်တော်မနောက်ဘူးဆိုတာ ယုံပြီနော်"

ဆိုတော့ကာ ကောင်မလေးပြုံးပြီး. .

"နောက်လည်းလာပြီး အားပေးပါရှင်. . "တဲ့. . ၊

ကျွန်တော်တစ်သက်လုံးအားပေးဖို့ တစ်ထိုင်တည်း ဆုံးဖြတ်မိတာဟာ မြီးတိုတို့မိသားစုကြောင့်ဆိုတာ အသေအချာပေါ့ဗျာ၊ ဒီလောက်လှတဲ့ ကောင်မလေးနဲ့ဆုံဖြစ်ဖို့ ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရမယ်ဆိုရင် မြီးတိုတို့မိသားစုက ပထမဆုံးပေါ့။

ကျွန်တော် အဲ့ဒီကထွက်လာပြီး ပျော်ရတဲ့အပျော်ဟာ အိမ်ရောက်တော့လည်း ပျော်ရတာပဲ၊ ဒီအစာကို သတ္တဝါတွေ မနေနိုင် မထိုင်နိုင်ဖြစ်သွားအောင် ဘယ်လိုဖော်စပ်သလဲတော့ မသိဘူးဗျို့ အစာဗူးဖောက်ပြီး နည်းနည်းလောက် စက္ကူပုံးထဲ ပစ်ထည့်လိုက်တာ မြီးတိုတို့လင်မယား တကျွိကျွိနဲ့ အသံတွေ ထွက်လာပြီး အလုအယက် စားကြပုံဗျ၊ အဲ့ဒါနဲ့ ကျွန်တော်လည်း အကြံရပြီး အစာကို ကြမ်းပြင်မှာ နည်းနည်းပုံထားပြီး ကြမ်းပြင်ကို လက်ညှိုးလေးနဲ့ ခေါက်လိုက်တယ်။

"မြီးတို. . မြီးတို. . လာ. . လာ. . မြီးတို. . "



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ ထွက်လာတယ်ဗျာ၊ မြီးတိုပဲ၊ သူ့ယောက်ျား မြီးရှည်ကတော့ အခြေအနေစောင့်ကြည့်တဲ့သဘောမျိုး ပုံးပေါ်ကနေ ချောင်းနေတယ်၊ မြီးတို ကြမ်းပြင်ပေါ်ဆင်းလာပေမယ့် ကျွန်တော့်ကိုရှိန်ပြီး ရှေ့မတိုးဘူးဗျ၊ အဲ့ဒါကြောင့် အစာနည်းနည်း ယူပြီး သူ့ဆီလှမ်းပက်ပေးလိုက်တော့ လန့်ပြီး ပြန်တက်ပြေးတယ်၊ နောက်မှ ပြန်ဆင်းလာပြီး စားတာဗျ။

ဟား!. . . ဒီကောင်တွေ အတော်ကြိုက်ဗျာ၊ စားတာမှ အားပါးတရပဲ၊ သူ့ယောက်ျားမြီးရှည်ကတော့ ကြောက်လို့မဆင်းဘူးဗျို့. . . သွားရည်တစ်မြားမြားတော့ ကျနေမှာ အမှန်ပဲဗျ။

အဲ့ဒါနဲ့ နောက်ရက်တွေကစပြီး မနက်တစ်ခါ၊ ညနေ ကျွန်တော်အလုပ်ကပြန်လာချိန်တစ်ခါ မြီးတိုမြီးရှည်ကို တစ်ကောင်စီ နာမည်ခွဲခေါ်ပြီး အစာကျွေးတဲ့အကျင့်ကို ကျင့်တယ်လေ၊ ဒါပေမယ့် မရပါဘူး၊ မြီးတိုမပဲ သူ့နာမည်သူသိတယ်၊ မြီးတို လို့ခေါ်လိုက်တာနဲ့ ထွက်လာတယ်၊ အစာချကျွေးရင် လာစားတယ်၊ မြီးတိုစားနေတာကို ကျွန်တော် ဘာမှမနှောင့်ယှက်ဘူး ဆိုတာ သေချာမှ ကိုတော်ကြီး မြီးရှည် ကုတ်ချောင်းချောင်းနဲ့ ထွက်လာပြီး စားတာဗျ။

ဒါတောင် ကျွန်တော့်ဆီက လှုပ်ရှားမှုတစ်ခုခု မြင်တာနဲ့ ငနဲသားက အရင်ဆုံး လစ်ပြေးတာဗျ၊ အသုံးမကျတဲ့ကောင် ခင်ပွန်းအတွက် အသက်ပင်သေသေလို့ပြောပြီး သူ့မယားဖြစ်မှ ပစ်ပြေးတဲ့ကောင်။

ဒါကြောင့်. . . ဒေါ်မာမာအေးက မရှောင်ဖျာလိုလိပ်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပေါ်တင်၊ ရတော့ ဖျာလိုခင်း နင်းချေတဲ့ မောင်မင်းကြီးသား လို့ ပြောတာ၊ ဟဲ့ . . မြီးရှည် မင်းလိုကောင်မျိုးတွေကြောင့်ကွ။

ဒါပေမယ့်လည်း ကျွန်တော်ပျော်ပါတယ်၊ သူတို့လင် မယားအပြင် ကလေးတွေလည်း ဆော့တတ်တဲ့အရွယ် ရောက် လာတော့ မိသားစုစုံစုံလင်လင် အစာထွက်စားကြလို့ ကျွန်တော် ကြည့်ပြီး ပီတိဖြစ်တယ်လေ။ အစာကိုလည်း ခိုးစားမှာစိုးလို့ ပုလင်းနဲ့ လှယ်ထည့်ပြီး သိမ်းရတာကလား၊ စွတ်ကြိုက်လို့ စွတ် စားပြီး စွတ်ကားကုန်မှာ စိုးလို့ပါ။

အဲ့သလိုနဲ့ပဲ ကျွန်တော့်အခန်းမှာ ကြွက်တွေမွေးဖြစ်သွား တယ်ဆိုပါတော့၊ တစ်အိမ်လုံးက ကြွက်မုန်းလို့ ချေမှုန်းရေး အမြဲ တမ်းလုပ်နေချိန်မှာ ကျွန်တော်က ကြွက်မွေးတယ်ဆိုတော့ လူ သဘောများ တော်ခွကျကျလို့ပြောတာ လွန်ပ့ါမလား၊ ဒါကြောင့် လူဟာ ကိုယ်နှစ်သက်တဲ့ စိတ်နဲ့ဆန္ဒကို သေသည်အထိ ဆုပ်ကိုင် ထတတ်တဲ့အမျိုးလို့ ကျွန်တော်စွတ်စွဲတာပေ့ါဗျာ။

ကဲ. . ပရိသတ်ရေ. . အဲ့ဒီစိတ်နဲ့လူတွေ တစ်အိမ်တည်း နေပြီး ဘာတွေဆက်ဖြစ်ကြမလဲဆိုတာ ဆက်ဖတ်ကြည့်လိုက်ကြ ရအောင်နော. . . ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂)

ကျွန်တော် သူမတို့ဆိုင်ကို ဒုတိယတစ်ခေါက် ရောက်သွားချိန်မှာတော့ သူမနဲ့ အတော်အဆင်ပြေပြေ ပြောဆိုဆက်ဆံခွင့် ရခဲ့ပါတယ်၊ ကျွန်တော့်ကိုမြင်တာနဲ့ မှတ်မိနေပြီး အပြုံးနဲ့ကြိုတယ် ခင်ဗျ။

"အစာဘူးနဲ့ အဆင်ပြေရဲ့လား"

"အာ!. . . ပြေတယ်ဗျ၊ အခု. . . ကုန်သွားပို့ တစ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေးပါဦး. . ."

"ဘုရားရေ. . ကုန်ပြီ. . . ဟုတ်လား"

"အင်းလေ. . ."

"ဟောတော့ သူများတွေ အဲ့ဒီတစ်ဗူးဆို သုံးလလောက် ကျွေးရတယ်တဲ့. .၊ ရှင်ဘယ်လိုများ ကျွေးလိုက်တာလဲ"

"ဟာ!. . သူတို့က တစ်ကောင်နှစ်ကောင်ဖြစ်မှာပေါ့. . ကျွန်တော်က အကောင်များလာပြီဗျ. .၊ အနေအစားချောင်လို့ သူ့အမျိုးတွေ သွားခေါ်လာတာလား၊ သူတို့ဘာသာပဲ ပေါက်တာလား မပြောတတ်ဘူး. .၊ အကောင်နှစ်ဆယ်လောက် ဖြစ်နေပြီ"

"ရှင်!. . ရှင်!. . ဘယ်. . ဘယ်လို. . သူ့အမျိုးတွေ. . ဟုတ်လား. ."

"အင်းလေဗျာ. . . သူတို့တွေ သားပေါက်နှုန်း အရမ်းမြန်တယ်လို့တော့ သိထားတယ်၊ ဒါပေမယ့် ဒီလောက်မြန်မြန်ကြီး အကောင်များလာတော့ သူ့အမျိုးတွေမှမဟုတ်ရင် ဘာလာဖြစ် နိုင်မလဲဗျာ၊ ကဲ. . . တစ်ဘူးသာပေးပါ၊ ဈေးမတက်ဘူး မဟုတ် လား"

"မတက်ပါဘူး၊ အဲ့ဒါဆို. . ရှင်ဘယ့်ကိုက်မလဲ၊ ဒီလိုလုပ် ပါလား ဈေးသက်သာပြီး အသင့်အတင့်ကောင်းတဲ့ ယိုးဒယား အစာနဲ့ ရောကျွေးလေ"

"အဲ. . အင်း. . အဲ့ဒါမဆိုးဘူးနော်၊ ဟုတ်တယ်ဗျ. . တစ်လတစ်ဘူး တစ်သောင်းခွဲဆိုတော့ ဟုတ်ပ. .၊ အေးဗျာ. . ယိုးဒယားတစ်ဗူး ထပ်ပေး၊ အဲ့ဒီနှစ်ခု ရောသမမွှေပြီး ကျွေးရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘျွန်တော့်ကောင်တွေက အမှန်အကန် ဆွဲတဲ့ကောင်တွေ"

ကျွန်တော် ကျသင့်ငွေရှင်းပြီး ဘောင်ချာဖြတ်နေတုန်း ဆိုင်ထဲကို တစ်ယောက်ဝင်လာလို့ အမှတ်တမဲ့လှည့်အကြည့်။

"ဟာ. . ဦးဇော်. . ဘယ်ကိုလာတာတုန်း. ."

"ဟေ. . . ခိုင်မြ၊ အေးကွ. . . ဒါ ငါ့တူမဆိုင်လေ၊ အိမ်က ကောင်ကြီးအတွက် အစာကုန်နေလို့ လာဝယ်တာကွ. . မင်းရော. . ."

"ကျွန်တော်လည်း အိမ်ကကောင်တွေအတွက်ပေါ့. . . ဟဲဟဲဟဲ. . ."

"မင်းက ဘာမွေးထားလဲ. . စိန်ဘားနက်လား၊ ဒိုဘာမင်လား၊ ဘူးဒေါ့လား. . ."

"မဟုတ်ဘူး. . . ကြွက်. . ."

"ဟမ်!. . ."

အဲ့ဒီအခါမှာပဲ ကောင်မလေးက. . .

"ဟုတ်တယ် ဦးရဲ့. . ဟန်းစတားလှေးတွေ ထင်တယ်"

"ဩော်. . . အဲ့သလို ပြောစမ်းပါ ခိုင်မြရာ. . ၊ ဟော့. . ယဉ်လေး. . ဒါ ဦးတို့ကုမ္ပဏီကကွ. ."

"ဟုတ်. . ."

"မင်းလည်း မှတ်ထား၊ ဒါ. . ငါ့ရဲ့တစ်ဦးတည်းသောတူမ ယဉ်ယဉ်လေးတဲ့၊ တစ်နှစ်ကမှ ကျောင်းပြီးတာလို့ အခု. . သူ့ ကိုယ်ပိုင်စီးပွားရေး လုပ်နေတာ. . အားပေးပါဦးကွ. ."

"စိတ်ချ ဦးဇော်. . အစကတည်းက အားပေးနေတာ. .

www.burmeseclassic.com



အခု. . ကိုယ့်လူရင်းတွေဆိုတော့ တစ်သက်လုံးကို အားပေးတော့မှာ. . .”

“အေး. . အေး ကောင်းတယ်၊ ဟာ. . ဟော့ကောင် မင်း”

“သွားပြီဗျို့. . သူဦးလေးမရှိမှပဲ လာအားပေးတော့မယ်”

ကျွန်တော်လည်း မိုးကောင်းတုန်း ရေခံလိုက်ပေမယ့် နည်းနည်းတော့ လန့်တယ်ဗျ၊ နောက်တစ်ခါ အစာလာဝယ်ရင် မိုးအုံ့နေတဲ့မျက်နှာနဲ့ တိုးလို့ကတော့ ဒုက္ခ၊ ဘာပဲဖြစ်ဖြစ် ဦးဇော်နဲ့ ကျွန်တော်က ရုံးမှာအတွဲဆုံး ဌာနတူ စိနီယာ-ဂျူနီယာ ဆိုတော့ ပြဿနာမရှိဘူး. . ထင်တာပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



"မြို့ ဦးဇော်လူက ကြောင်တောင်တောင်နဲ့"

"သူက ဒီလိုပဲ သမီးရဲ့. . နောက်တတ်ပြောင်တတ်တာ တလွဲလို့ လူကောင်းပါ၊ ဦးဇော်တို့ ကုမ္ပဏီကို အရင်က သူ့အဖေ တစ်ဦးတည်း ပိုင်တာလေ၊ နောက်ပိုင်း လုပ်ငန်းအကြပ်အတည်း တွေနဲ့ အရှုံးပေါ်ပြီး အခြားတစ်ဦးလက်ထဲ လွှဲလိုက်ရတာ၊ ဦးဇော် က သူ့အဖေလက်ထက်ကတည်းက လုပ်လာတဲ့လူခံလည်းဖြစ်၊ ကိုယ့်သူဌေးရဲ့သားလည်းဖြစ်လို့ သူနဲ့ခင်နေကြတာပါ"

"သူက သူ့အဖေ အရှုံးပေါ်လို့ လွှဲထားတဲ့ကုမ္ပဏီမှာ အလုပ်ပြန်လုပ်တယ် ဟုတ်လား. . ၊ သူ မရှက်ဘူးလား မသိဘူး"

"ဘာရှက်စရာလဲ သမီးရယ်. . အလုပ်ကအလုပ်ပဲဟာ၊ ခိုးမစားနဲ့ ရိုးသားဖို့ပဲလိုတယ်. . ရှက်စရာမလိုဘူးလေ"

"ဟင့်အင်း. . သမီးကတော့ ရှက်တယ်၊ ကိုယ်ကျရှုံးခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



နေရာ ကိုယ်ပြန်ရပ်တာ မျက်နှာပြောင်လွန်းတာပဲ. . ”

“အေး. . လူတစ်ကိုယ်စိတ်တစ်မျိုးပေါ့၊ ဩော. . သမီး မှာထားတဲ့ ဂျာမန်ကြောင်မျိုးရပြီကွ. . ရှေ့တစ်ပတ်ထဲ ရောက် လိမ့်မယ်. . . ”

“ဟယ်. . ဝမ်းသာလိုက်တာ၊ အဖြူပေါ်မှာ အနက်ကွက် တွေနဲ့နော်. . ”

“ဟုတ်တယ်. . မှာကတည်းက သမီးပြောတဲ့ကာလာအ တိုင်း မှာလိုက်တာ. . . အဒေးပိုင်းကြောင်ဆိုတော့ ဒီရောက်ရင် အမွေးတွေ ကျွတ်ကုန်မလား မသိဘူးဟ. . . ”

“ကြောင်က အပူကြိုက်ပါတယ်ဦးရဲ့. . ဆိုင်မှာလည်း အဲကွန်းရှိတာပဲ”

“ဩော်. . . အေး ဟုတ်တာပဲ၊ ကဲ. . . ဦးကို အစာဘူး ပေးဦးဟေ့. . . ”

“ခင်မေ. . . ဘားနက် အစာဘူး. . . ”

“ဟုတ်. . . ဒီမှာ အဆင်သင့်ဖြစ်ပြီ မမ. . . ”

“အေး. . . အေး. . . သွားမယ် သမီး. . . ”

“ဟုတ်. . ”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အိမ်ထဲဝင်လာချိန်မှာ ဧည့်ခန်းထဲမှာ အဖိုး တလွဲပြီး အိမ်မှာ လူစုံတက်စုံ ရှိနေတာပါ။

"ဟဲ့!. . ခိုင်မြ. ."

"ဗျာ. . အမေ. ."

"လာစမ်း. ."

အကဲခတ်ကြည့်ရသလောက် အိမ်မှာ တစ်ခုခု ထူးခြားပြီ ဆိုတာ သိသာပါတယ်။

"မင်းအခန်းကို အမြန်တက်ဖွင့်စမ်း"

"ဗျာ!. . . ဘာအတွက်လဲ အမေ"

"ဘာရမလဲ. . နင့်အခန်းထဲမှာ ကြွက်တွေသောင်းကျန်း နေတာ အပြင်ကတောင် ကြားရတယ်၊ နင့်အဒေါ်ရဲ့ ဖြူမလည်း နင့်အခန်းနံတံခါးရှေ့ကကို မခွာတော့ဘူး၊ မြန်မြန်လုပ် ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဝိုင်းရှင်းဖို့စောင့်နေတာ. . .”

ဘုရားကယ်ပါ. .၊ အစ်ကိုရော အစ်မရော အဒေါ်တို့ လင်မယားပါ ရရာလက်နက်ကိုယ်စီနဲ့ စောင့်နေကြမှန်း ခုမှ သတိထားကြည့်မိပြီး ကျွန်တော်ဖျားသွားပါတယ်. .။

အစ်ကိုက တံမြက်ရိုးကို ခပ်ဆဆကိုင်ရင်း. . .

“မင်းမို့လို့နေနိုင်တယ်ကွာ ဒီလောက်သောင်းကျန်းနေတာ”

“ဟုတ်ပ. .၊ မိဖြူ အစာခေါ်ကျွေးတာ လာမစားလို့ ငါ လိုက်ရှာတော့ မင်းရဲ့အခန်းရှေ့မှာလေ. .၊ ဘယ်လိုမှကို ခေါ်လို့ မရဘူး. .”

“ကဲ. . မောင်လေး. . အစ်မလည်း အပြင်သွားဖို့ကိစ္စ ရှိသေးတယ် မြန်မြန်လုပ်”

ကျွန်တော် အတော်ထူထူပူပူ ဖြစ်သွားပါတယ်၊ အိမ်သား အားလုံး ဝါရင့် ကြွက်ရိုက်သမားတွေချည်းမို့လို့ အခန်းသာဖွင့် ပေးလိုက်ရင် မြီးတိုတို့ ဆွေမျိုးတစ်သိုက် ကံကြမ္မာဟာ မတွေးဝံ့ စရာပါ။

အဲ့ဒါကြောင့် ခပ်သွက်သွက်စဉ်းစားပြီး. . .

“ဒီအတိုင်း ဖွင့်လိုက်လို့ မဖြစ်ဘူးထင်တယ် အမေ. .၊ ဖွင့်တာနဲ့ တစ်အိမ်လုံး ပျံ့နှံ့ကုန်မှာ. . အဲ့ဒီတော့ ဒီလိုလုပ်မယ်၊ ဒီကောင်တွေအားလုံး တစ်စုတစ်ဝေးတည်းမိအောင် လှောင်အိမ် ကြီးကြီး တစ်ခုလုပ်ပြီး အစာနဲ့ထည့်ဖမ်းပစ်မယ်၊ ပြီးမှ တစ်လုံး တည်း သွားရှင်းပစ်လိုက်မယ်. . ဘယ့်နှယ်လဲ. . .”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား ခိုင်မြဲရယ်. . ."

"ဪ. . . အမေရယ် ကြွက်ဆိုတဲ့ကောင်က ရောဂါပိုး သယ်ဆောင်ဖြန့်ဖြူးတဲ့နေရာမှာ နံပါတ်တစ်ဆို. . ၊ တစ်အိမ်လုံး ပျံ့နှံ့သွားတာနဲ့စာရင် တစ်ခန်းထဲမှာ စုနေတာမကောင်းဘူးလား၊ တော်ကြာ အဖိုးအခန်းထဲပါ ရောက်ကုန်မှ အကုန်ဒုက္ခပေးကုန်မယ်. . ."

"ဒါဆို. . . မင်းအတွက် ဒုက္ခမရောက်ဘူးလား၊ ရောဂါ ဖြစ်ရင် ဘယ်လိုလုပ်မလဲ"

"သား. . ဒီည အပြင်မှာထွက်အိပ်မယ်. . ၊ မနက်ဖြန် အားလုံးရှင်းပေးမယ် မပူနဲ့. . ."

"ကဲ. . . ဒါဆိုလည်းပြီးရော သမီးသွားတော့မယ်အမေ နောက်ကျနေပြီ"

"အေးအေး. . . သားကြီး မင်းလည်း အပြင်သွားရမယ် ဆို"

"ဟုတ်. . အမေ၊ ဒါဆို သားလည်းသွားတော့မယ်. ."

တော်ပါသေးရဲ့ လက်မရှဲ့တွေ လှုပ်ရှားကွဲသွားပေလို့ပဲ။

အဲ့ဒီအခိုက်မှာပဲ အဒေါ်ယောကျ်ား ဦးအောင်က. . .

"မင်းကွာ. . ဖင်ထဲကြွက်ဝင်တာတောင် မသိတဲ့ကောင် ဆိုတာ မင်းပဲနေမှာ၊ အသံကြားရသလောက် နည်းတဲ့ကြွက်တွေ လားကွာ. ."

"ဒါတော့ ဦးအောင်ရာ. . အလုပ်ကလည်းပင်ပန်းတော့ အိပ်ပျော်သွားရင် ဘယ်သိပါတော့မလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဒါတော့ မင်းဆင်ခြေပေးတာပါကွာ၊ အိပ်တာပဲဖြစ်ဖြစ်၊ သွားတာလာတာပဲဖြစ်ဖြစ် သတိနဲ့နေ. . သတိနဲ့သွား. . သတိထားပြီး အိပ်ရတယ်ကွ. . ၊ သတိဆိုတာ ပိုတယ်ကိုမရှိဘူး၊ ငါတို့ကတော့ အခန်းထဲ ကြွက်မပြောနဲ့ ခြင်တစ်ကောင်ဝင်လာရင်တောင် သိတယ်၊ အဲ့ဒါ သတိပဲကွ. ."

"ဒါဆို ဦးအောင်တို့ခြင်ထောင်ကို ခေါင်းရင်းတည့်တည့် ကြွက်ကိုက်သွားတာကျတော့ရော. ."

"အဲ. . အင်း. . အဲဒါက. ."

"ကဲ. . အပိုတွေပြောပြီး အချိန်ဖြုန်းမနေနဲ့၊ ရှင်လည်း ပါပလာတစ်ယောက်နဲ့ ဖုန်းချိပ်ထားတယ်ဆို ဖုန်းကအခန်းထဲမှာ. ."

"ဩော်. . အေးဟာ. . ပါတနာပါကွာ. . ၊ အင်း. . မေ့နေလိုက်တာ. ."

အဒေါ် ပါးပါးနပ်နပ် ဝင်ကယ်ပေလို့သာပေါ့၊ မဟုတ်ရင် ဦးအောင်ရဲ့သတိက တဝမ်းပူနဲ့တိမလား၊ တတလင်းချိပ်နဲ့ငို့မလားဆိုတာ ကျွန်တော် ကြားရမြင်ရမှာလေ။

အဟတ်ဟတ်. . ဩော်. . လူတွေများ. . ငါ့နှယ်. . ။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



စကားပြတ်တုန်း ကျွန်တော်လည်း အသာလစ်ထွက်လာပြီး အပေါ်ထပ်က ကျွန်တော့်အခန်းဆီ ရောက်လာတယ်၊ လား.. လား.. သူများအသက်မှ ကောင်းတယ်ထင်နေတဲ့ ကြောင်မ၊ ကျွန်တော့်အခန်းပေါက်ဝမှာဝပ်ပြီး ချောင်းနေတာ၊ ကျွန်တော်လည်း အဒေါ်လစ်တုန်းလေး ပြေးကန်ထည့်လိုက်တာလေ ညောင်ခနဲတောင် မအော်နိုင်ဘဲ လစ်တော့တာ..။

ကျွန်တော် အခန်းတံခါးဖွင့်သံကြားတော့.. အထဲမှာ ပါဆယ်ဂိမ်းကစားနေကြတဲ့ မြီးတိုတို့ ဆွေမျိုးတစ်သိုက် ငြိမ်သွားတယ်။

အခန်းတံခါးပြန်ပိတ်ပြီး ကြည့်လိုက်တော့.. ဝိုး.. အားလုံး ကျွန်တော့်ကုတင်ပေါ်မှာ။

"ကဲ.. လာကြ.. လာကြ.. မင်းတို့ရိက္ခာ ပြတ်သွားလို့



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းနေကြတာမဟုတ်လား၊ ကဲ. . လာ. . ရန်မဖြစ်ကြနဲ့ အေးဆေးစားကြ. . ”

“မြီးတို. . လာကြလေကွာ. . ”

ဒီတော့မှ မြီးတို ဦးဆောင်ပြီး အောက်ဆင်းလာကြလို့ ကျွန်တော်လည်း အစာဘူးဖောက်ပြီး အပုံလိုက်အပုံလိုက်လေးတွေ ပုံကျွေးပြီး ထိုင်ကြည့်နေလိုက်တယ်။

သနားစရာပါ ပရိသတ်ရယ်. . ၊ ကြည့်ပါဦး ကိုယ့်အုပ်စုနဲ့ကိုယ် ငြိမ်ငြိမ်သက်သက် စားနေလိုက်ကြတာ။ ကြွက်တွေဟာ အစားအသောက်စားတဲ့နေရာမှာ အင်မတန် ဣန္ဒြေကြီးတာဗျ၊ တချို့ကောင်တွေဆို အစာကို သူတို့လက်ကလေးနှစ်ဖက်နဲ့ မ,ယူပြီး ငုတ်တုတ်ထိုင်စားတာ။

မြီးတိုတို့မိသားစုလည်း ကလေးတွေအတော်ကြီးလာပြီ၊ နောက်ထပ် ကိုယ်ဝန်ဆောင်ထားရပုံပဲ၊ အစာကလည်းကောင်းတော့ ကြွက်တွေအားလုံး ဝဝကစ်ကစ် ချစ်စရာလေးတွေကြီးပဲ၊ အိမ်ကလက်မရွံ့တွေနဲ့ တွေ့လိုက်လို့ကတော့. . . ဟူး. . . ။

ကျွန်တော် သက်ပြင်းမောကြီးချပြီး ဒီသတ္တဝါလေးတွေ အန္တရာယ်ကင်းအောင် ဘယ်လိုများလုပ်ရပါ့လို့ ထိုင်တွေးနေလိုက်တယ်၊ နေရာရွှေ့ဖို့ကတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး၊ သူတို့လည်း ဒီအခန်းမှာနေရတာ အတော်ပျော်နေပြီ၊ တခြားရွှေ့ထားလည်း ဒီကိုပြန်လာကြမှာ သေချာတယ်။

ကြွက်တွေကို မုန်းလို့သာမုန်းကြတာ ကျေးဇူးသိတတ်တဲ့ သတ္တဝါတွေထဲမှာ သူတို့ပါတယ်ဆိုတာ ကျွန်တော်လောင်းရဲ



www.burmeseclassic.com

www.burmeseclassic.com





တယ်ဗျ၊ အခု ကျွန်တော့်အခန်းမှာ ဘာတစ်ခုမှ ဖျက်ဆီးကိုက်ဖြတ်ပစ်တာမျိုး မရှိသေးဘူးဗျာ. . အံ့ရောပဲ. . ။

ဒါကြောင့် လူဖြစ်ဖြစ် တိရစ္ဆာန်ဖြစ်ဖြစ် စေတနာ၊ မေတ္တာ 'သာမှန်ပါစေ မှန်တဲ့တုန့်ပြန်မှု ရှိတယ်လို့ဆိုတာ. . . ကြွက်လောက်ပြဿနာရှာ. . ကြွက်လောက်သောင်းကျန်းတာ ရှိဦးမလား. . ၊ အခု ကျွန်တော့်ကို ပြဿနာရှာကြပါတော့လား. . သောင်းကျန်းကြပါတော့လား. . ။

တစ်ခုပဲ. . မနက်က သူတို့အစာကုန်သွားလို့ မကျွေးခဲ့ရဘူးလေ၊ အဲ့ဒါကြောင့် ဗိုက်ဆာပြီး ဒီကောင်တွေအသံထွက်လာတာနေမှာ. . ၊ အဲ. . ကျွန်တော်တွေးရင်းနဲ့ အသိတစ်ခု ဖြတ်ခနဲဝင်လာတယ်၊ ဟုတ်တယ်. . ဒီကောင်တွေ ပုံမှန်စားနေရတဲ့ရက်တွေက ဘာသံမှမထွက်ဘူး၊ အစာသာပုံမှန်ကျွေး. . အိုခေ. . ၊ ကျွန်တော့်အတွေးနဲ့ကျွန်တော် ပျော်သွားပြီး မြီးတိုတို့အုပ်စုအတွက် ရတက်မအေးရတဲ့ကိစ္စတွေ ပြေသွားလို့ အစာဘူးသိမ်းဖို့ ထလာခဲ့ပါတော့တယ်. . ။

အဲ့ဒီအချိန်မှာ. . ကျွန်တော့်နောက်က မြီးတိုတို့ပါလာတယ်။ ဟောဗျာ. . မဝကြသေးဘူး ထင်ပါရဲ့. . တစ်အုပ်လုံး လိုက်လာတာဗျ. . ။

"ကဲ. . ကဲ. . မဝလည်းထပ်စားကြ ဆူတော့မဆူနဲ့ကွ၊ မင်းတို့အသံက မင်းတို့အသက်ကို ပြဿနာလုပ်လိမ့်မယ်. . ကြားကြလား. . ငါပြောတာ. . ရော့. ."

အားလုံးပြိုင်တူ ခေါင်းညိတ်လိုက်ကြတယ်လို့ပြောရင်



www.burmeseclassic.com

www.burmeseclassic.com



မယုံမှာစိုးလို့ ကျွန်တော်လည်း မပြောတော့ပါဘူး၊ ဘယ်သူမှ လည်း ခေါင်းမညိတ်ကြပါဘူး၊ ဒါပေမယ့် မြီးတိုမတစ်ကောင် ကတော့ ကျွန်တော်ဖမ်းရင် ငြိမ်ပြီးအဖမ်းခံပါတယ်၊ သူ့အသက် ကို ကျွန်တော်ကယ်ထားတယ်ဆိုတာတော့ သူကောင်းကောင်း သိပုံပါ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



“မ
ဦးဇော်. .”

“ဟော. .”

“ကြွက်တွေက ဉာဏ်ရည်ကိန်းမနိမ့်လှဘူးဆိုတာ ဦးဇော် ယုံလား”

“အင်း. . စိတ်ကျန်းမာရေးကုသမှုအပိုင်းမှာ အထောက်အကူပေးတယ်ဆိုတာတော့ ငါလည်းကြားဖူးသလိုပဲကွ. .၊ ဘာဖြစ်လို့လဲ. .”

“ကြွက်က လူစကား နားလည်တယ်ဗျ. .”

“ဟာကွာ. . မဖြစ်နိုင်တာ. .”

ကျွန်တော်တို့နှစ်ယောက် နေ့လယ်ခင်း ရုံးခဏလစ်ပြီး လက်ဘက်ရည်ထွက်သောက်ကြတာပါ. .၊ ကျွန်တော်က အကြောင့် ဦးဇော်သောက်ဖို့ မ,ယူလိုက်တဲ့ လက်ဘက်ရည်ခွက်က



www.burmeseclassic.com

www.burmeseclassic.com



အောက်ပြန်ကျသွားပြီး မျက်မှန်ပေါ်က ကျော်ကြည့်တဲ့မျက်လုံးတွေနဲ့ ဆက်ပြောတယ်. . .။

"ငါ့တူမကတော့ မင်းကို ကြောင်တောင်တောင်နဲ့တဲ့"

"ဗျာ!. ."

"ပြောမှာလေကွာ. . မင်းက အဲ့ဒီမှာ ကြွက်စာသွားဝယ်တာကိုး. ."

"သြော်. . အင်းလေ. ."

"ကြုံကြုံဖန်ဖန်. . မင်းနှယ်"

"ဟာ. . တကယ်. . ဦးဇော်ရ၊ ကျွန်တော့်အိမ်မှာ မွေးထားတာ. . အကောင်နှစ်ဆယ်လောက်ရှိတယ်"

ဆိုတော့ကာ ဦးဇော် မျက်လုံးပြူးလာပြီး. .

"ဟကောင်ရ မင်း ပေါက်ပန်းဈေးလျှောက်လုပ်နေတာလား. ."

"မဟုတ်ဘူး ဦးဇော်ရဲ့၊ ဒီလို. . ကျွန်တော်ပြောပြမယ်"

အဲ့ဒီနောက် ကျွန်တော့်ရဲ့ကြွက်ဇာတ်ကို မိနစ်နှစ်ဆယ်လောက်ကြာအောင် ဖွင့်ပြလိုက်လို့ ဦးဇော် မျက်လုံးတွေပြူး၊ အာတွေခြောက်ပြီး၊ ရေနွေးတွေ တဂွပ်ဂွပ်သောက်ရင်း နားထောင်တယ်လေ။

"အဲ့သလိုနဲ့ အခု အကောင်နှစ်ဆယ်လောက် ဖြစ်လာတာ"

"ဘုရား ဘုရား. . မင်းကွာ. . ဒုက္ခပါပဲ၊ ဘယ်လိုစိတ်ကူးတွေနဲ့ လျှောက်လုပ်ရတာလဲကွာ. . ငါ့နှယ်. ."

www.burmeseclassic.com



"ဒါ စိတ်ကူးမဟုတ်ဘူးဦးဇော်. . စိတ်ဆန္ဒဗျ၊ လူတိုင်းကိုယ် နှစ်သက်တာ ကိုယ်လုပ်ကြတာပဲ မဟုတ်ဘူးလား၊ တချို့က ခွေးမွေးတယ်၊ တချို့က ကြောင်မှကြောင်၊ တချို့ဆို ယုန်တို့ ငှက်တို့ ဖွတ်တို့. . ."

"ဟော့ကောင်. . လျှောက်မပြောနဲ့ ဘယ်သူမှ ဖွတ်မမွေးဘူး"

"ဖွတ်ကြီးတော့ မိကျောင်းလေဗျာ. ."

"တယ်. . ဒီကောင်"

"သဘောကိုပြောတာပါ. . လူတိုင်းမှာ အဲ့သလို ရူးသွပ်တဲ့စိတ်ကလေး ရှိကြတယ်လို့ဆိုတာ ကျွန်တော်လည်း အံ့သြတယ်လို့ ဝန်ခံရမှာပဲ၊ သူများတွေ ခွေးလှလှ၊ ကြောင်လှလှလေးတွေ မွေးကြတယ်၊ လှလို့ ချစ်စရာကောင်းလို့ပေါ့၊ ကျွန်တော့်ကြွက်ဖလောင်းတွေ. . ကြွက်ဝမ်းဖြူတွေက အဲ့ဒီတိရစ္ဆာန်တွေလောက်မလှ. . ဈေးကွက်မဝင်တာတော့ အမှန်ပဲ၊ ဒါပေမယ့်ကျွန်တော်ချစ်တယ်ဗျာ၊ လူအကြောင်း ပေါင်းကြည့်မှသိသလိုကြွက်အကြောင်းလည်း ပေါင်းကြည့်မှပဲ သိတာဗျ. ."

"ဟင်း. . လုပ်ပြန်ပြီ. ."

"ဩော်. . တကယ် ဒီကောင်တွေမှာ Family Type ရှိတယ် ကိုယ့်မိသားစုနဲ့ကိုယ် သိုက်သိုက်ဝန်းဝန်း နေတတ်ကြတယ်၊ အမယ် သူတို့အသိုက်ကို သွားကြည့်လိုက်၊ ကလေးတွေအိပ်တာက တစ်ကန့်၊ လင်မယားအိပ်ကြတာက တစ်ကန့်၊ အိမ်သာတက်တဲ့နေရာက တစ်ကန့်ဗျ. ."

www.burmeseclassic.com



"ဟော့ကောင်. . ဒါတော့ မင်းလွန်ပြီ ခိုင်မြ"

"တကယ်ပြောတာ. . ဦးဇော် မယုံရင် တစ်ရက်လောက် အိမ်ကိုလိုက်ကြည့်ပါလား၊ ကျွန်တော့်ကြွက်တွေ လူစကားနား လည်လာပြီဆိုတာကိုပြမယ်၊ ခွေးတွေကြောင်တွေလိုပဲ လူနဲ့ရင်းနှီး လာပြီဆိုတာပြမယ်၊ ကိုယ့်မိသားစုနဲ့ကိုယ် စည်းကမ်းရှိရှိနေပြီး သူတို့ကို စောင့်ရှောက်တဲ့လူတွေကို ဒုက္ခမပေးဖို့ ဆုံးဖြတ်ထား တယ်ဆိုတာပြမယ်. . ဘယ့်နှယ့်လဲ"

ဦးဇော် နားထောင်ရင်း ရင်ဘတ်တွေယားလာသလို နှိုက် ကုတ်ရှုံ့တွပြီး မျက်မှန်ကို မမှန်တော့သလိုချွတ်ပြီး စားပွဲပေါ် ချ လိုက်တယ်. . ။

"ကောင်းပြီ. . မင်းပြောသလိုမဟုတ်ရင် ငါ့ကိုဘီယာ တိုက်မလား. . "

"အိုခေ. . တိုက်မယ်. . "

"ကျွန်တော်ပြောသလိုဟုတ်တယ်ဆိုရင် ဦးဇော်ဆီက ကျွန်တော်တစ်ခုပြန်တောင်းမယ်. . "

"တောင်းလေ. . ဘာတောင်းမလဲ. . "

"သေချာစဉ်းစားပြီးမှ တောင်းမယ်. . "

"ဟော့ကောင်. . မတန်မရာတော့ မရဘူးနော်. . "

"ဩော်. . တောင်းပါပြီဆိုမှတော့၊ အပြန်အလှန်တန်ရာ တန်ကြေးပေါ့. . "

"အိုခေ. . ကြိုက်ပြီ၊ လုံးဝမဖြစ်နိုင်တဲ့ ကိစ္စကြီးကွာ၊ ဒီည နေမတောင် အကြိုသောက်ပစ်လိုက်ချင်သေး. . "



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဒီကိစ္စ လျှို့ဝှက်နော်၊ ကျွန်တော့်အိမ်သားတွေတောင် အသိခံလို့မဖြစ်တာ၊ ဘေးလူဆိုဝေးရော. ."

"အေးပါ. . အရှူးလေးရာ၊ ကဲ. . လစ်ကြမယ် အစည်းအဝေးပြီးရင် ဘော့စ်က ဆိုဒ်ထဲသွားမယ်လို့ကြားတယ်၊ မင်းလည်းလိုက်ရမှာပဲ. . လစ်မသွားနဲ့ဦး. ."

"စိတ်ချ. . ကိုယ့်ဦးလေးမျက်နှာ ပျက်ရမယ့်အလုပ်ဆိုလုံးဝပဲ. ."

"အေးပေါ့ကွာ. . အဲ. . အဲ. . ဟာ. . ဟော့ကောင်"


ကျွန်တော် ပိုက်ဆံချထားခဲ့ပြီး လစ်ထွက်လာခဲ့တယ်၊ ဟိုးတုန်းက သူ့သမီးလိုချင်ရင် သူ့အမေကိုကြည့်တဲ့ဗျ၊ ဘယ်လိုအဓိပ္ပါယ်လဲတော့ မသိဘူး၊ လောလောဆယ် သူ့တူမကိုစိတ်ဝင်စားတော့. . သူ့ဦးလေးပဲ. . အဟဲ. . ဟဲ. . ဟဲ. . ။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

အာ စာနဲ့ထိန်းလိုက်လို့ မြီးတိုတို့ကိစ္စ အတော်ငြိမ်းသွားတယ်၊ ငြိမ်းရမယ်လေ၊ အိမ်တိုင်ရာရောက် ရိက္ခာထောက်ထားတဲ့ကိစ္စ နည်းတဲ့အခွင့်အရေးလား၊ ဒီကောင်တွေ အသိုက်တွေထဲ အဝကျယ်ပုလင်းတွေနဲ့ အစာတွေထည့်ပြီး လိုက်ထည့်ပေးထားတာ၊ ပုလင်းကို တုံးလုံးလှဲပေးထားတော့ သူတို့အာသာ ယက်ထုတ်ပြီး စားပေရော့ပဲ. .၊ ပုလင်းနဲ့ဆိုတော့ အသားကုန်



www.burmeseclassic.com

www.burmeseclassic.com



ကိုက်ဖောက်ပြီး စားလို့မရဘူးလေ၊ အဝကနေထွက်ကျတာပဲ စားရမှာ၊ အနံ့ကလည်း မြူဆွယ်ထားတော့. . ဒီကောင်တွေ ကိုယ့်မိသားစုနဲ့ကိုယ် အဲ့ဒီပုလင်းနားကကို မခွာတော့တာ. .။

ကျွန်တော်ကြွက်ရှင်းပြီးပြီဆိုလို့ အမေနဲ့အဒေါ်တို့ အခန်းထဲ လာကြည့်ကြတယ်လေ၊ ဟိုကောင်တွေကလည်း နပ်တယ်၊ ကျွန်တော့်အသံနဲ့ အခြားသူတွေရဲ့စကားသံပါ ကြားနေရလို့ လေတောင် မလည်ဘူး. . ငြိမ်နေတာ. .။

အမေတို့ ကျေနပ်ပြီးပြန်ထွက်သွားမှ ကျွန်တော်လည်း ပင့်သက်ချပြီး အခန်းတံခါးပိတ်၊ ပြီးမှ ကုတင်ပေါ် ပစ်လှဲချလိုက်တယ်၊ ဒီနေ့ ရုံးပိတ်ရက်လည်းဖြစ်တော့ နားမယ်ပေါ့၊ ဒါပေမယ့် မရပါဘူး မြီးတိုတို့အသားအမိ အရင်ဆုံးထွက်လာပြီး ကျွန်တော့် ကုတင်ပေါ် ရောက်လာကြတယ်၊ ကျွန်တော့်ကိုယ်ပေါ်လည်း ဖြတ်ပြေးလို့ပြေးနဲ့ မြူးနေကြတာလေ။

အဲ. . မကြာပါဘူးဗျာ၊ တခြားအုပ်စုတွေပါ ရောက်လာပြီး ကျွန်တော့်ကုတင်ပေါ် Happy World လုပ်ကြတော့တာဗျို့၊ သေချာကြည့်မှ မြီးတိုတို့အုပ်စုက မယားဖက်ကအမျိုးနဲ့ လင်ဖက်ကအမျိုးဆိုပြီး နှစ်မျိုးကွဲနေတာ သိသဗျာ၊ ကြည့်လေ. . . မြီးတိုက ကြွက်ဝမ်းပူအမျိုးလို့ ပြောရမယ်ဗျ၊ ကြွက်တွေထဲမှာတော့ ပြေပြစ်ပြီး ကြွက်ချောချောတဲ့အမျိုးပေါ့၊ ဦးခေါင်းပိုင်း ဖွဲ့စည်းပုံနဲ့ ကိုယ်လုံးပုံစံက မျှတယ်လေ။

သူ့ယောက်ျား မြီးရှည်က ဘာနဲ့စပ်ပြီးကျတဲ့အကောင်လည်းမပြောတတ်ဘူး. . နှုတ်သီးပို၍ချွန်ပြီး ခါးပိုရှည်တယ်၊ ဒါဆို



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီပုံစံတွေက လင်ဖက်ကအမျိုးပဲ ဖြစ်ရမယ်၊ နေပါဦး. . ပုကုန်းတုန်း ခပ်ကျစ်ကျစ်ကောင်တွေက ဘယ်မျိုးကပါတာတုန်း. . ။

ကျွန်တော် တွေးကြည့်ကြည့်နေတုန်း ခါးလျားရှည်ကြွက်ထီးတစ်ကောင်က အဲ့ဒီပုလုံးလုံးလေးကိုသွားပြီး အီစီကလီ လုပ်နေတာ တွေ့လိုက်မှ. . ဩော်. . မဟုတ်မှလွဲရော. . ဒါ မြီးရှည်အမျိုးနဲ့ညားတဲ့ တခြားမျိုးစိတ်ဖြစ်ရမယ်. . . ။

"ဒေါက်!. . ဒေါက်!. ."

"ခိုင်မြရေ. ."

"ဟိုက်. . သောက်ခွေး. ."

ကျွန်တော်လန့်ပြီး ဝုန်းခနဲခုန်ထလို့ မြီးတိုတို့ဆွေမျိုးတစ်သိုက်လည်း လန့်ဖြန့်ထွက်ပြေးကုန်ကြတယ်၊ အားလုံး ကိုယ့်အသိုက်ထဲ ကိုယ်ပြန်ရောက်ကုန်ကြပြီး အသံဗလံတွေငြိမ်သွားတော့မှ အခန်းတံခါးဆီ လျှောက်သွားပြီး ဖွင့်ကြည့်လိုက်တယ်။

"ဟာ. . အစ်ကို. ."

"မင်းအိပ်နေတာလား. ."

"ဟုတ်ကဲ့. . ဒီနေ့နားတယ်လေ. ."

"အေး. . မင်းအခန်းက ကြွက်သံတွေကြားသလားလို့ကွ"

"ဟာ. . ကြံကြီးစည်ရာအစ်ကိုရာ၊ မနက်ကပဲ ပုံးနဲ့သွားရှင်းထုတ်လိုက်ပြီလေ. .၊ စောစောကပဲ အမေနဲ့အဒေါ်တောင် အခန်းထဲလာကြည့်သွားသေးတယ်. ."

"ဟေ. . ဟုတ်လား. . ငါပဲနားကြားလွဲသလားကွာ"

"အစ်ကိုစိတ်ထင်လို့ပါ. . ဘာမှမရှိတော့ဘူး ဝင်ကြည့်မ



www.burmeseclassic.com

www.burmeseclassic.com



လား. ."

"မကြည့်တော့ပါဘူးကွာ၊ မင်းအိပ်တာ အနှောင့်အယှက်ပေးသလိုဖြစ်နေပြီ. . ကဲ. . ကဲ. . အိပ်တော့"

"ဟာ. . အစ်ကို. ."

"ဘာလဲ. ."

"အဟဲဟဲဟဲ. . အစ်ကို့မြင်မှ သတိရတယ်. ."

ကျွန်တော်ပြောရင်း အခန်းထဲကထွက်ပြီး အခန်းတံခါးပိတ်လိုက်တယ်။

အဲ့ဒီနောက် အစ်ကို့ရဲ့ခါးကို ဖက်ခေါ်လာရင်း. . .

"ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား"

"ဘာလဲ. . ပိုက်ဆံချေးဖို့ဆိုရင်တော့ မရှိဘူးကွ. ."

"မချေးပါဘူး. . အစ်ကိုရာ၊ အစ်ကိုလိုရင်တောင် ကျွန်တော်က ပေးဦးမှာ. ."

"ဟေ. . တကယ်လား. ."

"အင်း. . အများကြီးတော့မဟုတ်ဘူးပေါ့၊ အစ်ကို ဘယ်လောက်လိုလို့လဲ. ."

"တစ်ပုံးလောက်ကွာ. . . ဖြစ်မလား၊ ငါ တစ်လပဲသုံးမယ်"

"အဲ့လောက်ကတော့ ရတယ်"

"တော်ပါသေးရဲ့ကွာ၊ မဟုတ်ရင်တောင် အမေ့ဆီပြောမလို့ အတော်ပဲ. .၊ ကဲ. . မင်းကို ငါဘာကူညီရမလဲ"

"ရည်းစားစာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်!. ."

အစ်ကိုမျက်ခုံးတွေ မြင့်တက်သွားပြီး ကြည့်တယ်၊ ဒါက သူ့ရဲ့ခရေဇီလေ၊ ရည်းစားစာကို ဘယ်သူ့မှမပေးဘဲ သူ့ဘာသာ ရေးပြီးသိမ်းတာ သူ့စိတ်ပျော်စရာ မဟုတ်လား၊ ဒါကို သွား တောင်းတယ် ဆိုတော့. . .။

"လုပ်ပါ အစ်ကိုရ. . ကျွန်တော်ဖတ်ကြည့်ရသလောက် အစ်ကို့စာလေးတွေက ရေရေလည်လည်မိုက်တယ်. . . တစ် စောင်လောက်. ."

"ဟကောင်ရ. . ငါ့စိတ်ကူးက မင်းလိုချင်တဲ့ပုံစံနဲ့ ဘယ် လိုလုပ်ဖြစ်မှာလဲ. ."

"ဒါဆိုလည်း အသစ်ရေးပေးဗျာ. ."

"အာ. . ငါ. . သူများအတွက် မရေးတတ်ဘူးကွာ"

"ကဲ. . ဒါဆိုလည်း အစ်ကိုရေးပြီးသားထဲက ကောင်းနိုး ရာရာလေးပေါ့. .၊ ကျွန်တော်လုံးဝမရေးတတ်လို့ပါ အစ်ကိုရာ လုပ်စမ်းပါ. ."

"ဟား. . မင်းနဲ့တော့ ခွကျနေပြီကွာ၊ ကဲ. . လာ. . လိုက်ခဲ့၊ ဩော်. . ပိုက်ဆံက ငါ့အခုလိုတာနော်. ."

"ကဲ. . အခုပြန်ယူပေးမယ်၊ အစ်ကို ဖိုင်ထဲမှာနည်းနည်း ရွေးကြည့်ပြီးထိုင်စောင့်"

"ပြီးရော. ."

"ဒါနဲ့ပဲ. . ကျွန်တော့်အခန်းဆီ ကပျာကသီပြေးပြန်လာ ပြီး ဘီရိုအံဆွဲထဲက ပိုက်ဆံကိုထုတ်ယူကာ ပြန်ပြေးလာခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့အခန်းထဲရောက်မှ ကျွန်တော့်အခန်း ပိတ်ထားခဲ့ဖို့ မေ့ပေမယ့် ခဏပဲလို့တွေးပြီး . .

"ကဲ . . ရော့ . . တစ်သိန်း"

"အေး . . ဟုတ်ပြီ . .၊ ကဲ . . ဒါက မင်းနဲ့သင့်မယ်ထင်တယ်"

အစ်ကို သူ့ဖိုင်ထဲက စာတစ်စောင်ကို ဆွဲထုတ်ပြီး ကျွန်တော့်ကိုလှည့်အပေး ကျွန်တော့်နောက်ကျောဖက်ကို လှမ်းကြည့်ပြီး . . .

"အား!! . . ."

အစ်ကို အားကုန်အော်ပစ်လို့ ကျွန်တော်လည်းလန့်ပြီး လှည့်ကြည့်တော့ . . ဘုရားသခင် . . ကယ်တော်မူပါ . . မြီးတိုတို့အုပ်စု ကျွန်တော့်နောက်ကနေ တပ်ကြီးချီပြီး ပါလာတာလေဗျာ၊ ဒါပေမယ့် သူတို့လည်း အစ်ကို့အော်သံကြီးကြောင့် လန့်ပြီးပြန်ပြေးကုန်ကြလို့ . .။

"အစ်ကို . . အစ်ကို . . ဘာဖြစ်တာလဲ"

"ကြွက် . . ကြွက်တွေ . . အား! . . ဝေါ! . . အော့! . . .၊ အမလေးဗျာ . . ဒီ . . ဒီလောက်များတဲ့ကြွက်တွေ"

"ဟင် . . ဘယ်မှာတုန်း"

"မင်းနောက်မှာ . ."

"ဘယ်မှာလဲဗျ . . အစ်ကိုမျက်လုံးလည်း ဖွင့်ကြည့်ပါဦး"

ဒီတော့မှ အစ်ကိုလှည့်ကြည့်ပြီး ကြောင်အအဖြစ်နေတုန်း အမေရောအဒေါ်ပါ အခန်းထဲပြေးဝင်လာကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့!. . သားကြီး ဘာဖြစ်တာလဲ"

ဆိုတော့ကာ ကျွန်တော်လည်း ဖြီးလုံးလုံးအသံမျိုးလေးနဲ့

"ကြွက်တွေတဲ့အမေ. ."

"ဟေ. . ဘယ်မှာလဲ. . ကြွက်"

"မသိဘူး. . သူမြင်တာတဲ့"

"မဟုတ်သေးဘူးကွာ. . ခိုင်မြ မင်းနောက်မှာ အုပ်လိုက်ကြီးကွ. . အကောင်တစ်ရာလောက် ရှိမလားမသိဘူး"

"ဟာ. . မဖြစ်နိုင်တာအစ်ကိုရာ၊ အဲ့သလောက်သာ တကယ်ရှိရင် တစ်အိမ်လုံးတောင် ထွက်ပြေးရမယ်၊ ကြွက်ကလေးတစ်ကောင်နှစ်ကောင်ရှိတာကိုတောင် ဒီအိမ်မှာ ပြောင်းဆန်နေတာ"

"အေး. . သားရယ်၊ နင့်ညီအခန်းက ကြွက်တွေလည်း ရှင်းလိုက်ပြီပဲ၊ အခု. . အမေတို့ဝင်လာတာလဲ ဘာမှမတွေ့ဘူး"

"ဟာ. . မသိတော့ဘူးဗျာ၊ ကျွန်တော်တော့ရှုးချင်တော့တာပဲ. . ဝေါ့!. . အော့!. . ရင်ဘတ်တောင် အောင့်တက်လာတယ်. .၊ ဝေါ့!. . အော့!. ."

"ဟဲ့!. . ဟဲ့!. . လုပ်ကြပါဦး. . တိုးမောင်. . သားကြီး"

"အစ်မရေ. . သူပျို့တာအန်တာ တစ်မျိုးကြီးနော်"

"အေးဟယ်. . အိမ်မှာလည်း အဖေသောက်တဲ့ဆေးတွေပဲရှိတာ. ."

"ညီမဆီမှာ. . ဟို. . မရိုမသေစကား ဆီး. . ဆီးစ်တာတစ်ခု ကျန်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . ဟာ . . ညည်းနှယ် ယောက်ျားလေးကို အဲ့ဒါ ဘာလုပ်ရမှာလဲ . ."

"ဟို . . အဖျား . . အဖျားတိုင်းတာတို့ ဘာတို့"

"တော် . . နင် . . နင်သွားတော့"

အဒေါ် မျက်နှာငယ်လေးနဲ့ထွက်သွားမှ ကျွန်တော်ကပဲ

"အမေရယ် အဒေါ်က စာမှမသင်ရတာ ဘယ်သိပ့်မလဲ၊ အရမ်းကြီးမဟောက်ပါနဲ့ . . သူ့ခမျာ စိုးရိမ်စိတ်နဲ့ပြောရတာပါ"

"တော် . . နင့်အဒေါ်ကိုက နေရာတကာ၊ ကဲ . . သား ကြီး ဆေးခန်းသွားကြမလား"

"ဟင့်အင်း . . အမေ . . ရပြီ . . ကျွန်တော်ခဏနားလိုက် တော့မယ် . ."

"အေး . . အေး . . ကဲလာ . . ခိုင်မြ"

"ဟုတ် . ."

အခန်းတံခါး စေ့ထားပေးခဲ့ပြီး အခန်းအပြင်ရောက်မှ အမေက . . .

"ခိုင်မြ . . နည်းနည်းနားစွင့်ထားပြီး ဂရုစိုက်လိုက်ဦး"

"ဟုတ် . ."

အဲ့ဒါနဲ့ပဲ ကျွန်တော်လည်း ကျွန်တော့်အခန်းဖက် အသာ ပင့်သက်ချပြီး ပြန်လျှောက်လာခဲ့ရတယ်၊ ပရိသတ်ရေ . . အဒေါ် ရယ် သနားပါတယ်၊ အမေဟောက်ထုတ်လိုက်လို့ မျက်နှာငယ် လေးနဲ့ ပြန်ထွက်သွားရရှာတာ၊ ခုလောက် သူ့အခန်းထဲ သွား တောင်ငိုနေမလား မပြောတတ်ဘူးဗျ . . . ။



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်က ငယ်ငယ်တုန်း အပြင်းဖျားပြီးသတိလစ်တာ ဆေးရုံမှာတင် တစ်ပတ်လောက်ကြာတယ်တဲ့ဗျ။ သူသတိရလာပြီးနောက်ပိုင်း သတိလစ်နေတဲ့အချိန် ဦးနှောက်ထဲ အောက်စီဂျင်အရောက်နည်းလို့ မှတ်ဉာဏ်တွေပျက်စီးပြီး စာသင်လို့ကို မရတော့တာလေ၊ အရွယ်သာကြီးလာတယ် အတန်းက ဒီအတန်းပဲမို့လို့ အဖိုးတို့က ကျောင်းဆက်မထားတော့ဘဲ ကျောင်းထုတ်လိုက်ကြတယ်။

အခု အရွယ်ရောက်ပြီး အိမ်ထောင်ကျတော့ အမေကပဲ သူ့ညီမ စာမတတ်ပေမတတ်ကို ယောကျ်ားလုပ်သူက နိုင်စားမှာစိုးလို့ဆိုပြီး လင်မယားနှစ်ယောက်စလုံး အိမ်ခေါ်ထားလိုက်တယ်။

အဖေရှိတုန်းက အိမ်မှာလည်း စီးပွားရေးပြေလည်တော့ ပြဿနာမရှိလှဘူး မဟုတ်လား၊ အဒေါ့်ယောကျ်ား ဦးအောင်ကလည်း တခြားဟုတ်ရိုးလား၊ အိမ်မှာက အဖေ့ကားကို မောင်းတဲ့ဒရိုင်ဘာလေ၊ ခုတော့ အဖေလည်းမရှိတော့ဘူး၊ စီးပွားလည်းကျ၊ ကားလည်းရောင်းပစ်လိုက်တယ်၊ ဦးအောင့်လည်း အရင်လို ခေါင်းရိုက်ပြီး တစ်အိုးတည်းစားလို့ မရတော့ဘူး၊ သူတို့လင်မယားအတွက် သူတို့ ဘာသာရှာရော့ပဲ၊ အခုတော့ ပွဲစားလုပ်လိုက်၊ ကားမောင်းလိုက်နဲ့ လင်မယားနှစ်ယောက်စာလောက်က အဆင်ပြေပါတယ်။

ကျွန်တော်တို့မောင်နှမတွေလည်း အဆင်ပြေပါတယ်၊ အဖေရှိတုန်းကလို အလျှံအပယ်သာ မဖြစ်တာ၊ အစ်မက သူ



www.burmeseclassic.com

www.burmeseclassic.com



ဂိုက်ပြတဲ့လစာက တစ်လသုံးသိန်းလောက်ရတယ်၊ အစ်ကို လည်း အစိုးရရုံးဝန်ထမ်းပေမယ့် အပြင်မှာ ဘာသာရပ်အချိန် ပိုင်းနည်းပြ ဝင်လုပ်တော့ သူလည်း တစ်လသုံးသိန်းလောက် စီတယ်။

ကျွန်တော်ပဲဗျ. . တစ်လ တစ်သိန်းနှစ်သောင်းလောက်နဲ့ ကိုယ့်ဘာသာခေါင်းပေါင်းစထူနေတာ၊ အိမ်စရိတ်က ကျွန်တော် မပေးရဘူးလေ၊ အစ်ကိုနဲ့အစ်မက တစ်လတစ်သိန်းခွဲစီ အိမ် စရိတ်ထောက်ကြတယ်။

အဲ့ဒါကြောင့် အမေက ကျွန်တော့်ကို. . ဟဲ့. . ခိုင်မြဲ လို့ ခေါ်ပေမယ့် အစ်ကိုနဲ့အစ်မဆို သားကြီး. . အို. . လေး. . သမီး ကြီး. . ဖြစ်နေတာဗျို့. . ၊ အဟုတ်ဟုတ်. . စကားအဖြစ် ပြော တာပါဗျာ၊ မိဘမေတ္တာထဲမှာမှ မိခင်မေတ္တာဆိုတာ အရောင်ခွဲ ခြား သတ်မှတ်တာမျိုး မရှိပါဘူး. . ၊ ကြီးကြီးငယ်ငယ် ပေးပေး မပေးပေး တစ်တန်းတစ်စားထဲထားပြီး ချစ်ကြတာပါပဲ။

"ကျွိ!. ."

"ပလုတ်တုတ်. ."

ကျွန်တော် အခန်းထဲလှမ်းအဝင် ကြွက်တစ်ကောင်တက် နင်းမိတော့မလို့လေ၊ ဟား. . ခုနေများ အိမ်ကမြင်သွားရင်တော့ ဒုက္ခဗျာ၊ ကြည့်ကြပါဦး. . ဟောင်းလောင်းပွင့်နေတဲ့အခန်းထဲမှာ သကောင့်သားတွေ ပလားနေအောင် နေနေကြတာလေ၊ အဲ့ဒါ ကြောင့် ကပျာကသီ အခန်းတံခါးပိတ်ပြီး ကျွန်တော်ကိုယ်တိုင် ကုတင်ပေါ် တက်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း မြီးတိုမတို့သားအမိတွေ အရင်ဆုံးတက်လာပြီး နေရာယူကြလို့ ကျန်တဲ့ကောင်တွေပါ အပြေးအလွှား ရောက်လာကြပါတယ်၊ ဒါကလည်း ကျွန်တော်ကျင့်ထားလို့ ဖြစ်တာပါ။ အဲ့သလို ထိုင်ပြီး အစာလေးနည်းနည်းချကျွေးတတ်တဲ့ အလေ့ရှိနေတော့ ကျွန်တော် ဒီလိုထိုင်လိုက်ရင်ပဲ စားရနိုးနိုး မဟုတ်လား၊ အဲ့ဒါကြောင့် ကုတင်အောက်က အစာပုလင်းကို လှမ်းနှိုက်ပြီး အဖုံးဖွင့်တယ်ဆိုတာနဲ့ ကျွန်တော့်အနားကို ဝိုင်းလာကြပါတော့တယ်။

"ဟ. . ဟ. . အဲ့ဒီစာရွက်က ငါ့ရဲ့နှလုံးသားကြေငြာစာတမ်းကွ. . ဒီအပေါ်မှာ တက်မထိုင်ကြနဲ့. ."

"ကျွိ!. . ကျွိ!. ."

"ရှူး. . တိုးတိုး၊ မင်းတို့သေချင်လို့လား၊ အသံထွက်တိုင်း ကောင်းတယ်များ ထင်နေလား၊ ရော့. . ဟော့. . ဟော့. . လုမစားကြနဲ့ကွာ. . ခိုးမှုပဲ. . ဒီမိုကရေစီခေတ်မှာ ဒီမိုကရေစီကြွက်ဖြစ်ချင်ရင် ဒီလိုလုယက်ခုတ်ခွစားသောက်တတ်တဲ့ သောက်ကျင့်တွေ ဖျောက်ကွ၊ ငါ့နှယ်. . အတော်ခွကျတဲ့ကောင်တွေ"

ကျွန်တော်ပြောနေတဲ့ကြားက. . ကြွက်သိုးနှစ်ကောင် စားမန်ခုတ်ပြီး ထကိုက်ကြလို့ ကျွန်တော်လည်းစိတ်တိုပြီး ခေါင်းအုံးနဲ့လှမ်းထုပစ်လိုက်တော့တယ်။

"လူစကားကိုနားမလည်တဲ့ကောင်တွေ. . အဲ. ."

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"မမ . . ဟန်း-ဆွစ် . . ကုန်နေပြီသိလား"

"ဟင် . . အဲ့ဒါ မနေ့က ပစ္စည်းမှာတဲ့စာရင်းထဲ မထည့်လိုက်ဘူးလား"

"ဟုတ် . . ခွေးစာဘူးတွေ ကာနေလို့ ရှိသေးတယ်လို့ပဲ ထင်နေတာ . . "

"ခင်မေရယ် . . အဲ့သလောက်တော့ ငါမျက်နှာလွှဲမယ်လေ"

"ဟုတ် . . ဒီ . . ဒီတစ်ခါပဲ၊ နောက်မဖြစ်စေရဘူး"

"ပြီးရော . . ဟိုလူလာဝယ်ရင်၊ နင့်ဘာသာပဲထွက်ပြီး တောင်းပန်လိုက် . . "

"ဟို . . ကိုကိုကြောင်လားဟင် . . မမ"

"ဟုတ်တယ် . . "



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . လာပြီ"

"ဟင်!. ."

ယဉ်ယဉ်လေး လန့်သွားလို့ ကောင်မလေးတွေ ခိုးခိုး ခစ်ခစ် ရယ်ကြတယ်။

"နင်တို့က ငါ့ကို မလေးမစားနဲ့နော်. . ဟင်း"

"မိုက်တော့မိုက်တယ် မမရဲ့. . စတိုင်လ်ကျတယ်"

"အဲ့ဒါဆို ညည်းတို့ပဲ ကြိုက်လိုက်ကြလေ"

"အား!. . ."

ခင်မေရဲ့ဘေးကတစ်ယောက် လန့်ပြီးအော်လို့ အားလုံး ထိပ်ပြာကုန်ပြီး. .

"ဟဲ့!. . ဘာဖြစ်တာလဲ. ."

"ကြွက်. . ကြွက် မမရေ၊ အကြီးကြီးပဲ. . မြွေကြွက်ကြီး"

"ဘုရားရေ. . ဘယ်ကဖောက်ဝင်လာတာလဲမသိဘူး ဘယ်ရောက်သွားပြီလဲ"

"ဒီ. . ဒီထဲဝင်ပြေးတာ. ."

"ဟင်. . စတိုခန်းထဲမှာတော့ ကုန်ပြီထင်တယ်. . ဒုက္ခ ပါပဲ၊ ဟဲ့. . အခန်းမီးဖွင့်ပြီး ရှာကြစစ်ကြစမ်း"

အဲ့ဒီနောက်. . သုံးယောက်ထဲနဲ့ ရှုတ်ထွေးပြာခတ်ကုန် ပြီး ကုန်ပိုပစ္စည်းလှောင်တဲ့အခန်းထဲ ဝင်ရောက်သွားကြတယ်။

"ဘုရားရေ. . အကုန်ကိုက်ဖောက်ထားပါရော့လား"

"မမရေ. . ဒီမှာကြည့်ပါဦး ဆန်အိတ်တွေ"

"တောက်!. . အဲ့ဒါကြောင့် ကြောင်မွေးထားတာ၊ ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘာလုပ်နေလဲမသိဘူး"

"မမ. . သမီးတို့အိမ်ကကြောင်ကို ခေါ်လာရမလား"

"ဘာ. . နင်တို့ကြောင်လောက်ကတော့ ဒီကကြွက်တွေက ပြန်ချီသွားဦးမယ်၊ နင်မမြင်ဘူးလား ကြွက်ကြီးကို. . စိတ်ညစ်လိုက်တာ. . "

"မမ. . အခု ဘယ်လိုလုပ်ရမလဲဟင်"

"ဘာမှလုပ်လို့မရဘူး. . ထားခဲ့လိုက်တော့၊ မနက်ဖြန်မှ အလုပ်သမားခေါ်ပြီး ရှင်းခိုင်းမယ်"

ယဉ်ယဉ်လေးစိတ်ထဲ ရှိုင်းရှိုင်းကြီးဖြစ်မလာအောင် အတော်ထိန်းချုပ်အောင့်အင်းပြီး ကောင်တာရှိရာ ပြန်လာခဲ့တယ်။

"ခင်မေရေ အပြင်ထွက်တော့ ဒီမှာဝယ်သူရောက်နေပြီ"

"ဟုတ်ကဲ့. . မမ. . လာပြီ"

"သမီးရေ. . ရှမ်းခေါက်ဆွဲ နန်းပြားထုတ်တွေ ရှိလားကွယ်"

"ရှိတယ်. . အန်တီ"

သူမအတွက် ဒီလိုကိုယ်ပိုင်လုပ်ငန်းလေး အသက်ဝင်လာဖို့ အတော်လေးရုန်းကန် ထူထောင်ခဲ့ရတာပါ။ အပြစ်ပြောဖို့ရှာကြံ အပြစ်တင်ရမယ်ဆိုရင် မေမေ့ရဲ့ ဒုတိယအိမ်ထောင်ပါပဲ၊ သူမ အရွယ်လေးငယ်ငယ်နဲ့ အဖေဆုံးသွားလို့ မေမေနဲ့ သားအမိနှစ်ယောက် အဖိုးအဖွားတွေရဲ့ အရိပ်အာဝါသအောက်မှာ နေရတုန်းက ဘာမှလိုလေသေးမရှိအောင် အေးချမ်းခဲ့တာလေ။

အဖိုးပိုင်တဲ့သစ်စက်တွေ၊ အထည်ချုပ်အလုပ်ရုံတွေက



www.burmeseclassic.com

www.burmeseclassic.com



သူမတစ်သက် စားကုန်တာမှမဟုတ်ဘဲ၊ အဖိုးက သူယုံကြည်ရတဲ့ မန်နေဂျာဦးတင်ဝင်းနဲ့ မေမေ့ကို နောင်ရေးအတွက်ဆိုပြီး လက်ထပ်ပေးလိုက်တော့မှ ငါးပါးကိုမှောက်တော့တာ။

အဖိုးက မေမေ့ကို အမွေခံအဖြစ် လွှဲလို့လည်းပြီးရော ဦးတင်ဝင်းရဲ့လက်သည်းတွေ အစွယ်တွေထွက်လာတယ်၊ အဖိုးနဲ့ လက်တွဲပြီး သစ္စာရှိလာခဲ့သမျှ မေမေနဲ့ကျမှ ပညာတွေပြ၊ ကစားတွက်တွေထုတ်၊ လုပ်ငန်းရဲ့အရှုံးပြယုဂ်က သူ့အတွက် အမြတ်ထုတ်တာမျိုးတွေ လုပ်လာလို့ အဖိုး ရင်ထုမနာဖြစ်ပြီး စုံစမ်းကြည့်တော့ သူ့မှာ သားကြီးမယားကြီးရှိနေတဲ့လူဆိုတာ သိလိုက်ရတယ်။

အဲ့ဒီမှာ မေမေ ဒုတိယအိမ်ထောင်နဲ့လမ်းခွဲ၊ ပိုင်ဆိုင်မှုတွေ ခွဲစိတ်ပြီး မေမေ့ဘာသာရပ်တည်နိုင်ဖို့ ကြိတ်ပြီးကြိုးစားတာပါပဲ၊ ဒါပေမယ့် လုပ်ငန်းအတွေ့အကြုံအားနည်းမှုနဲ့ ဦးတင်ဝင်းရဲ့ ရက်ရက်စက်စက်ထိုးနှက်၊ တိုက်ခိုက်မှုတွေကြောင့် မေမေ့မှာ လဲလဲကွဲကွဲ နောက်ဆုတ်ခဲ့ရတာ၊ အဖိုးကလည်း အဲ့ဒီစိတ်နဲ့ ဆုံးခဲ့ရတယ်၊ မေမေလည်း စိတ်ထောင်းကိုယ်ကြေပေါ့. .၊ အဖွားကတော့ ဟိုးတုန်းကတည်းက တရားဓမ္မနဲ့နေတတ်သူမို့လို့ တော်သေးတယ်ပဲပြောရမယ်။

အဲ့ဒါကြောင့် သူမ ကျောင်းပြီးတယ်ဆိုတာနဲ့ မေမေနဲ့ အဖွားအတွက် သူမရပ်တည်နိုင်မှုဖြစ်မယ်ဆိုတာ နားလည်လာတယ်၊ အဲ့ဒီ စေတနာမှန်လို့လား မဆိုနိုင်ဘူး သူမရဲ့အတန်းဖော် သူငယ်ချင်း ကျော်မိုးသက်တို့မိသားစု ပြည်ပကိုထွက်ဖို့ စီစဉ်ကြ



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျော်မိုးသက်အမေ တည်ထားတဲ့ ဒီဆိုင်လေးကို တန်ဖိုးသင့်ပြီး သူမကိုလွှဲပေးခဲ့လိုက်တာလေ၊ သူမလွှဲပြောင်းယူခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း လုပ်ကိုင်ကာစက အခက်အခဲနည်းနည်းရှိပေမယ့် ကျော်မိုးသက်ကူညီလို့ လက်လီလက်ကားဖောက်သည်အဟောင်းတွေနဲ့ ချိတ်ဆက်မိပြီး အဆင်ပြေပါတယ်။

ကျော်မိုးသက်လည်း မသွားခင်လေးလလုံးလုံး ဆိုင်မှာအများကြီးအကူအညီပေးခဲ့တာလေ၊ အဲ့ဒီတစ်ယောက်လည်းထွက်သွားပြီးကတည်းက စာလည်းမလာ၊ ဖုန်းလည်းမဆက်နဲ့အဆင်မှပြေကြရဲ့လား. . .။

"မမရေ. . အန်ကယ်ဦးဇော်လာပြီ"

သူမ အတွေးဖြတ်ပြီး လှမ်းကြည့်တော့ အလူမီနီယံလှောင်ချိုင့်တစ်လုံးကို အငှားကားနောက်ခန်းထဲကနေ ထုတ်ယူလိုက်တာ တွေ့မြင်ရပါတယ်။

"ဟယ်!. . ကိုကိုကြောင်. . အဲလေ. . မမကြောင်. . မမရေ. ."

"နင်တို့ဘယ်လိုဖြစ်နေကြတာလဲ"

"အဟီး. . ယောင်သွားလို့. ."

"ညောင်!. ."

"ကဲ. . တူမရေ. . ညည်းမှာထားတဲ့ ဂျာမဏီကြောင်မျိုးရပြီဟေ့. ."

ဦးဇော်က ကြောင်ထည့်ယူလာတဲ့ လှောင်ချိုင့်ကို သူမစားပွဲပေါ် တင်ပေးလိုက်တယ်ဆိုရင်ပဲ ခင်မေတို့ အပြေးရောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြတယ်။

"ညောင်!. ."

"ဟောတော်. . . ဂျာမဏီကြောင်ကလည်း ဗမာလိုပဲ အော်တယ်နော်"

"အေးပေါ့ဟ. . သူတို့မှာ သီးခြားစပီကင်မှုမရှိတာ၊ အဲ. . ဟာ. . . ဒီကောင်မလေးတွေနဲ့ ငါတောင်ယောင်ကုန်ပြီ၊ ကြောင်က ကြောင်လိုမအော်လို့ နင့်ကြီးတော်လိုအော်ရမှာလား"

"ဟင်. . သမီးတို့အိမ်ကကြောင်က အဲ့သလို မအော်ပါဘူး"

"ဟေ... ဘယ်လိုအော်လို့လဲ"

"ခွီး!. . တဲ့. . အဟီးဟီးဟီး. ."

"တယ်. . နင်တို့ ငါ့ကို လူရွှင်တော်ပြတ်လုံးတွေနဲ့ လာနောက်မနေနဲ့. . ငါက ရယ်ရတဲ့အလုပ်ဆို သိပ်မုန်းတာ"

"ဟင်. . ဘာလို့လဲဦးဇော်ရဲ့"

"ရှေ့သွားတစ်ချောင်း ကျိုးနေလို့. ."

သောခနဲရယ်ကြပြန်လို့ ယဉ်ယဉ်လေးက. .

"ကဲ. . ဦးဇော်ရေ. . အဲ့ဒီရွှေဖလားမတွေနဲ့ ပြောနေလို့ တတော့ ပြီးမှာမဟုတ်ဘူး"

ပြောရင်းနဲ့ ကြောင်လှောင်ချိုင့်လေးကို မ,ကြည့်ပြီး. .

"လှလိုက်တာ. . သမီးလိုချင်တဲ့ပုံစံမျိုးပဲ၊ အကောင်လည်း ကြီးတယ်နော်. ."

"အဲ့ဒါ လသားလေးပဲရှိသေးတယ် နောက်ထပ်ကြီးဦးမှာ၊



www.burmeseclassic.com

www.burmeseclassic.com



အစာကတော့ ဂရုစိုက်ကျွေးကွ၊ အဆိမကျွေးနဲ့ အမွှေးကျွတ်တယ်"

"ဦးဇော်. . သမီး အပြင်ထုတ်လိုက်တော့မယ်"

"ဟ. . ဟ. . နည်းနည်းယဉ်အောင် အစာလေးနဲ့ထားပါဦး ချက်ချင်းကြီးထုတ်လိုက်လို့ ထွက်ပြေးသွားရင် သုံးသိန်းဖိုးနော်. . သမီး. . "

"အင်းပါ. . ဩော်. . သူ ကြွက်တော့ ခုတ်မှာပါနော်"

"အာ. . ဒီကောင်မျိုးတစ်ကောင်သာရှိရင် တစ်မိုင်ပတ်လည်မှာ ဘယ်ကြွက်မှမနေရဲဘူး. . စိတ်ချ. . "

"ဟာ. . အဲ့ဒါတော့ အန်ကယ်ကြီးပိုပြီ"

"ဟေ. . တကယ်ပြောတာ၊ ဦးဇော် မွေးထားတာလည်း ဒီမျိုးပဲ၊ အိုး. . ခုတ်ချက်ကလန်ထွက်နေတယ်၊ ဒီကောင်တွေအကောင်ကြီးတော့ ခွေးလည်းမကြောက်တော့ဘူး၊ ရပ်ကွက်ထဲက ကြွက်တွေပြေးကုန်လို့ ဘုန်းကြီးကျောင်းကကြွက်တောင် သွားခုတ်စားတယ်၊

အဲ. . အဲ. . သမီးရေ. . သူတို့အမုန်းဆုံးက အခုလို လှောင်ပိတ်ထားတာမျိုးပဲကွ၊ အဲ့ဒါဆို ဘယ်တော့မှမယဉ်တော့ဘူး၊ လွှတ်သာလွှတ်ပေး၊ အချိန်တန်ရင် ကိုယ့်နေရာကိုယ်ရောက်အောင် ပြန်တတ်တယ်. . "

"ဟောတော်. . အဲ့သလိုကြီးလား. . ၊ ကြောင်တွေက အထီးပဲအိမ်လည်တာ၊ အမက အိမ်မလည်ဘူးဆို. . "

"ဟုတ်တယ်. . ဒီကြောင်မျိုးကိုက တောလည်တတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ကောင်မျိုး၊ သမီးပဲ ကြွက်ခုတ်တဲ့ကြောင်ပဲ လိုချင်တယ်ဆို"

"အင်းပါ. . အခုလည်း ကြွက်သောင်းကျန်းလို့ စတိုခန်းထဲကပစ္စည်းတွေ အကုန်ပေါက်ပြဲ၊ စုတ်ပြတ်ကုန်ပြီ. ."

"အာ. . ဟာ. . ဒါမျိုးဆို ဂျာမန်မျိုးကြီး အကြိုက်ပေါ့ကွာ၊ ဒီမှာတစ်ညအိပ်ပြီး လွှတ်ပေးထားလိုက်၊ သမီးတို့ဆိုင်က အဲကွန်းဖွင့်ထားတော့ အမြဲတမ်းပိတ်ထားတာပဲဟာ၊ တော်ရုံနဲ့ အပြင်ထွက်မှာမဟုတ်ဘူး"

"ဟုတ်. . ကျေးဇူးပဲနော်. . ကဲ. . ရော့"

"ဒါ. . ဘာလဲ. ."

"ဦးဇော်အတွက် မုန့်ဖိုး. ."

"ထားလိုက်ပါကွာ. . ဦးဇော်က နည်းရင်မလိုချင်ဘူး"

ရယ်ကြပြန်သေးတယ်။

ပြီးမှ ဦးဇော်က. . .

"အလကားစတာပါ. . သမီးရာ၊ ဦးဇော်မယူပါဘူး၊ ဒါနဲ့ ဒီနားမှာ ဦးဇော်ရဲ့ ချာတိတ်နေတယ်ကွ. ."

"ဟင်. . ဦးဇော်. . ကြည့်စမ်း. . သွားနော်. အန်တီနဲ့ တိုင်ပြောမယ်. ."

"ဟ. . ဘာကိုလဲ"

"ချာတိတ်ဆို. . ဦးဇော်နော်. . အဲ့သလို သစ္စာမဲ့တဲ့အထုပ်မျိုး မကြိုက်ဘူး သိလား"

"ဟာ. . . ဒီကလေးနဲ့ကွာ. . ချာတိတ်ဆိုတာ ခိုင်ခြေကို ပြောတာကွ၊ ဟိုတစ်ခါ ကြွက်စာလာဝယ်တဲ့ ကောင်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ”

“ဩော်. . သိပါဘူး၊ အဟိဟိ ချာတိတ်ဆိုတော့ ဟိုဟာလားလို့”

“တော်. . ရှိတဲ့တစ်ယောက်တောင် ဘယ်နား ပုံ့သကူ ပစ်ရမှန်းမသိ ဖြစ်နေတာ. . ”

“အင်းပေါ့. . ခုတော့ ပစ်ချင်ပြီပေါ့. . ”

“ပစ်မှာပေါ့ကွ. . နင့်အဒေါ်က ပါးစပ်မော်တာတပ်ပြီး ပြောနေတာ. . ငါ့နားရွက်တွေတောင် ပန်ကာဖြစ်နေပြီ”

“အဟိဟိဟိ. . ခစ်ခစ်ခစ်”

“အဲ့ဒါထား. . ငါ့ချာတိတ် မလာသေးဘူးလား”

“မလာဘူးလေ. . သမီးတို့ကလည်း မျှော်နေတာ”

ခင်မေတို့က ယဉ်ယဉ်လေးကို ကြည့်ပြီးပြောလို့ ဦးဇော် မျက်လုံးပြူးသွားပြီး သူ့တူမကိုကြည့်တယ်။ ယဉ်ယဉ်လေးက မျက်နှာကို ချိချိမော့မော့လုပ်ပစ်ပြီး. . .

“ယဉ်တို့က ကျပ်မပြည့်တဲ့သူဆို စိတ်ကိုမဝင်စားတာ”

“ညည်းကပြည့်တယ်ပေါ့”

“ပိုတောင်ပိုနေသေး. . တစ်ကျပ်နဲ့ ငါးပြားလေ၊ ကြောင်မွေးတာတောင် ဘာလင်အထိလှမ်းမှာပြီးမှမွေးတာ သဘောပေါက်”

“ကောင်းပါလေ့. . ကောင်းပါလေ့. . အစ်မနဲ့ အမေ့ကို ပြောလိုက်. . ဟင်းကောင်းကောင်းသာချက်ထား၊ နေ့လယ်တစ်ပတ်ပိတ်ရက် အိမ်လာလည်မယ်လို့”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . အဖွားလည်းမျှော်နေတာ"

"ကဲ. . ငါသွားပြီ၊ ခိုင်မြတို့အိမ် ခဏဝင်ပြီးပြန်မယ်"

ဦးဇော်ထွက်သွားမှ ခင်မေတို့ကပြောတယ်။

"မမ. . ကိုကိုကြောင်က ဒီနားလေးတင်နေတာတဲ့နော်"

"အဲ့ဒါဘာဖြစ်လို့. . "

"နီးလျက်နဲ့ ဝေးနေတာလေ"

"မိန်းကလေးတွေနော်. . ဟင်း. . "

သူမ ဣန္ဒြေကြီးနဲ့ငေါက်နေရပေမယ့် စိတ်ထဲမှာ ပျော်သလိုတော့ဖြစ်မိတယ်၊ သူ့ပုံစံက မိန်းကလေးတွေ စိတ်ဝင်စားမှုဖြစ်စေတာတော့ အမှန်ပဲလေ၊ ဒါပေမယ့် မေမေ့ဘဝထဲဝင်လာတဲ့ ဦးတင်ဝင်းလို ယောကျ်ားမျိုးသာဆို မခက်ပေဘူးလား. . ။

တော်ပါပြီ. . ငါ မေမေ့လိုဘဝမျိုးတော့ ဘယ်တော့မှ အဖြစ်မခံဘူး. . . ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

"ဟေ့ . . ကိုဇော်ကြီးပါလား၊ အလိုလေး အိမ်တွေဘာတွေတောင် လာလည်လို့ . . ငါတော့ ထိထိုးမှုပဲ"

"လာချင်တယ် အစ်မရေ . . ခိုင်မြသာမေးကြည့်တော့၊ အလုပ်ကလည်း ဆရာရှိတုန်းကမှ သက်သာသေးတော့"

"လာ . . ထိုင် . . ဘာသောက်မလဲ"

"အအေးတစ်ခွက်လောက် . ."



www.burmeseclassic.com

www.burmeseclassic.com



"ရင်ပူတယ်ပေါ့..၊ ညီလေးရေ.. ဒီမှာ နင့်အစ်ကိုလာ
တယ်.. အအေးတစ်ခွက်လောက် ဖျော်ခဲ့ပါဟေ့.."

အောက်ထပ်မှာ အမေ့အသံနဲ့ ဦးဇော်အသံကို ကြား
လိုက်ရလို့ ကျွန်တော် စာကြည့်စားပွဲကနေ ထလိုက်တယ်။

"ဖယ်ကြဦးကွ.. အောက်မှာ ဧည့်သည်ရောက်နေပြီ"

ကျွန်တော့်ပေါင်ပေါ်မှာရော စားပွဲပေါ်မှာပါ ချာချာ
လည်အောင်ရှိနေတဲ့ ကြွက်တွေကို မောင်းချပြီး အောက်ထပ်
ဆင်းဖို့ ပြင်လိုက်တယ်၊ ဦးဇော်က အဖေရှိတုန်းက အဖေ့တပည့်
ဆိုတော့ အမေတို့ အဒေါ်တို့နဲ့လည်း ရင်းနှီးတယ်လေ။

ဟိုတုန်းက ရွှေထီးဆောင်းခဲ့ရတဲ့ အကြောင်းတော့
မပြောချင်တော့ပါဘူး ပရိသတ်ရယ်၊ ပြောရင် ခိုထီးဆောင်းပြီး
ညည်းတယ် ပြောဦးမယ်၊ လောလောဆယ် ဦးဇော်ဘယ်လိုမျက်စိ
လည်လာသလဲလို့ ဆင်းမေးလိုက်ဦးမယ်၊ ဦးလေးအရင်းကြီး
လည်း ဖြစ်သွားနိုင်တော့... အဟဲဟဲဟဲ...။

အဲ... ဟိုကိစ္စများလား၊ ရုံးမှာ ကျွန်တော်နဲ့အလောင်း
အစားလုပ်ထားတဲ့ကိစ္စကို သတိရပြီး အခန်းထဲက ထွက်လာပြီးမှ
မြီးတိုမတို့အုပ်စုကို တစ်ချက်လှည့်ကြည့်လိုက်တယ်။

ပြီးမှ... ကိုရီးယားဇာတ်ကားထဲက သရုပ်ဆောင်တစ်
ယောက်လို လက်သီးဆုပ်ပြီး တံတောင်ထောင်းသလိုဟန်မျိုးနဲ့

"ခဏလေး.. မြီးတိုမရေ.."

အဲ့ဒီနောက် အခန်းတံခါးပိတ်ပြီး ထွက်လာခဲ့ပါတယ်
ဒီနေ့ အစ်ကိုရောအစ်မပါ စာသွားသင်နေလို့ အိမ်မှာမရှိကြပါ



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်လည်း ခရီးထွက်နေတော့ အမေနဲ့ အဒေါ်ပဲရှိတယ်လေ. . အေးဆေးပဲ၊ ဦးဇော်ကို အခန်းထဲခေါ်လာပြီး ကြွက်ဒီတမ္ဘာ ပျော်စရာလေး ပြပစ်လိုက်မယ်လို့ အားခဲထားလိုက်တယ်။

"ဦးဇော်. ."

"ဟေ. . ဘာလဲ. . မင်းနှပ်နေတာလား"

"မနှပ်ပါဘူးဗျာ. . စာဖတ်နေတာပါ။ ဒီကိုသက်သက်ပဲလား"

"အေး. . ဆိုင်ကိုလည်း မှာထားတဲ့ကြောင် လာပို့ရင်းနဲ့လေ"

"ဘာဆိုင်လဲ ကိုဇော်ကြီး"

အဒေါ်က ဖြတ်မေးလို့ ဦးဇော်က ကျွန်တော့်ကိုကြည့်ပြီး ပြောတယ်။

"ဩော်. . မင်းမပြောထားဘူးလား"

"အင်း. . မေ့နေတာ. ."

"ဟာ. . ကွာ. . ဒီလို ညီမကြီးရေ၊ ဒီလမ်းထိပ်က မီနီမာ့တ်လေးက ကျွန်တော့်တူမ ဖွင့်ထားတာလေ"

"ဟုတ်လား. . အဲ့ဒါ ဒေါ်မူမူတို့. ."

"ဟုတ်တယ်. . . ဒေါ်မူမူတို့ သားအမိတွေ အော်စီရောက်သွားပြီး ဆိုင်ကို တူမလေးက ဈေးသင့်ပြီး ယူထားလိုက်တာလေ"

"ဩော်. . အဲ့ဒါကြောင့် လူသစ်တွေ့ပါလို့ ထင်နေမိတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုး. . ၊ ဟိုကောင်တာမှာထိုင်နေတဲ့ တစ်ပတ်လျှိုဆံထုံးလေး ချောချောလေးလား. . ”

“အစစ်ပေါ့ညီမကြီးရာ၊ မြင်ရုံနဲ့ မောင်ဇော့်တူမဆိုတာ သိသာနေတာပဲ. . ဟဲဟဲဟဲ. . ”

“ဟုတ်ပ. . သူ့ဦးလေးတစ်ယောက်ပဲ ခြေမျက်စိအထက် ပိုင်း ဖျက်နေတာ. . ”

“ဟေး. . ဟေး. . ငယ်ငယ်တုန်းက ဝဲနည်းနည်းပေါက် အာ. . ညီမကြီးရာ. . ဒီလောက်လည်းမဟုတ်ပါဘူးဟ”

“ဩော်. . ဦးဇော်. . ကျွန်တော် မနေ့က အလုပ်တွေပါ လာတယ်၊ စာရင်းတစ်ခုက နည်းနည်းလွဲနေတယ်ဗျ”

ကျွန်တော်မျက်စိမှိတ်ပြပြီး ပြောတာကို ဦးဇော်သဘော ပေါက်တယ်. . ။

“ဟုတ်လား. . . အဲ့ဒါ ဒါရိုက်တာအဖွဲ့ကို တင်ရမှာ ကောင်လေးရ. . ဘယ်မလဲ”

“အပေါ်မှာ. . ”

“လာ. . လာ. . သွားကြမယ်၊ အဲ့ဒါမသေချာရင် ကွဲပြီ အစ်မရေ. . ခဏလေးနော်”

“အေး. . အေး. . သွား. . နင့်တူကိုလည်း စောင့်ရှောက် ပါကွယ်. . ”

“အဲ့ဒါတော့စိတ်ချ အမေရေ. . ၊ ဦးဇော်က သားလိုသူ့ တူအရင်းလိုကို သဘောထားတာ. . ”

“ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော် ရယ်မောရင်း ပုခုံးခက်ပြီး ကျွန်တော့်ရင်ဘတ်ကို
ထိမ်ဆွဲတယ်ဗျို့၊ အပေါ်ထပ်တက်လာရင်းနဲ့လည်း လေသံနဲ့. .
"ခွေးကောင်. . မင်း ငါ့တူမကို ချိန်နေပြီလား"
"ဟင့်အင်း. . ချိန်းချင်တာ. ."
"တယ်. . မင်းထင်သလောက်မလွယ်ဘူး ဟေ့ကောင်၊ အ
ချက်မကွဲချင်ရင် လွတ်လွတ်နေ. ."
"အစပိုင်းတော့လည်း ဒီလိုပါပဲ ဦးလေးရာ"
"ဘာ. . ဘာကွ. ."
ကျွန်တော်တို့နှစ်ယောက် အခန်းထဲမဝင်ခင် ဦးဇော်ကို
အမင်အသံထွက်အောင် စနေတာပါ။ ဒါမှလည်း လူစိမ်းအသံ
ကြားပြီး အထဲက တေတွေ ကိုယ့်အသိုက်ကိုယ် ပြန်ဝင်ပြေးကြ
မှာလေ. . ။
"လူရင်းကြီးတွေပဲ. . ဦးဇော်ရာ၊ သဘောမတူဘူးလား"
"ဟာ. . ဒီကောင်တော့. ."
"ကျွန်တော် အမေ့ကိုဖွင့်ပြောပြပြီး လူကြီးချင်းနားဖောက်
ရမလား"
"ခိုင်မြဲ. . မင်းနော်၊ ငါပြန်မယ်ကွာ. ."
"ဟာ. . စိတ်မဆိုးပါနဲ့ဦးလေးရာ၊ အဟတ်ဟတ်. . ချစ်
လို့ စတာပဲဟာကို. ."
ကျွန်တော်. . ပြောရင်း ဦးဇော်ကို ဖက်နမ်းပစ်လို့ ဦးဇော်
စိတ်ပြေပြီး. . .
"ကဲ. . ကြာတယ် ဟေ့ကောင်၊ ငါပြန်ရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ. . အသံတိတ်ပြီး အထဲဝင်ကြမယ်"

ကျွန်တော်တို့ အခန်းထဲရောက်တာနဲ့ တံခါးပြန်ပိတ်ပြီး ဦးဇော်ကို ခြေဟန်လက်ဟန်နဲ့ တံခါးကိုကျောမှီပြီး ထိုင်ခိုင်းထား လိုက်တယ်၊ အဲ့ဒီနောက် ကျွန်တော်က အစာပုလင်းကို ကုတင် အောက်ကနေ သွားယူလာပြီး ဦးဇော်နဲ့မလှမ်းမကမ်းမှာ ထိုင် လိုက်ပါတယ်၊ ကျွန်တော် အစာပုလင်းကို တစ်ချက်နှစ်ချက်လှုပ် ပြီး အဖုံးဖွင့်တယ်ဆိုရင်ပဲ ကြွက်မျိုးအပေါင်း ခေါင်းထောင်ကြည့် ကုန်ကြပါပြီ။

"ကဲ. . မြီးတို. . မြီးတို. . လာမယ်၊ ဒီနေ့ခွဲတမ်းက တစ် ကောင်ကို တစ်ကျပ်သားနှုန်းရမယ်. ."

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

ကျွန်တော် အဲ့သလိုအသံပေးပြီး ကြမ်းပြင်ကို လက်ညှိုးနဲ့ သုံးချက်ခေါက်တယ်ဆိုရင်ပဲ မြီးတိုထွက်ပေါ်လာပြီး ကျွန်တော့် ရှေ့ကနေ မော့ကြည့်ပါတော့တယ်၊ ပုလင်းထဲကနေ အစာနည်း နည်းယူပြီး ချကျွေးပြီးမှ ဦးဇော်ကို ဘယ်လိုလဲလို့ မေးဆတ်ပြ လိုက်တယ်၊ ဦးဇော်ခမျာ အံ့ဩမျက်လုံးကြီးတွေနဲ့ ပါးစပ်အ ဟောင်းသားတောင် ဖြစ်သွားတယ်။ အဲ့ဒီနောက်. . .

"ကဲ. . မြီးတိုရဲ့ယောကျ်ား မြီးရှည်လာမယ်. ."

"ဒေါက်!. . ဒေါက်!. . ဒေါက်!. ."

အမှန်တော့. . အမြဲတမ်း မိန်းမ ဦးဆောင်မှုနောက်မှာ မှီခိုပြီး စားသောက်နေရတဲ့မြီးရှည်ဟာ ခဏဆိုထွက်လာတော့မှာ သိလို့ အဲ့သလို အော်လိုက်တာပါ။ မြီးရှည်ထွက်လာလို့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော် အစာချကျွေးပြီး . . .

"အဲ့ဒါ ဒီကောင်မရဲ့ယောက်ျားလေ၊ အလကား ကြွက်ဖျင်း၊ မိန်းမအမွေးနား မှီစားတဲ့ကောင်"

"ဟ!. . ထမီနားလုပ်ပါကွ. . "

"ကြွက်မှာ အမွေးပဲရှိတာလေ. . ဘယ်မှာလဲ ထမီ"

"အေးပါ. . အေးပါ. . မင်းကောင်တွေ ပြေးကုန်ပြီ"

လှည့်ကြည့်တော့ အဟုတ်ပဲလေ။

"အဲ့ဒါ. . လူစိမ်းအသံကြားလို့ဗျ. . ခဏလေး"

"အဟမ်း. . ကဲ. . ကဲ. . အားလုံးထွက်လာကြတော့၊ မင်းတို့ကို အန္တရာယ်မပေးပါဘူးကွာ၊ ချစ်လို့ သနားလို့လာကြည့်တာ. . လာ. . လာ. . လာ. . "

ကျွန်တော် ပြောရင်း ကြမ်းပြင်ကို လေးငါးချက်လောက် ဆင့်ခေါက်ပြီး အစာတွေခပ်ပြန့်ပြန့်လေး ကျဲချလိုက်တယ်။ ထုံးစံအတိုင်း မြီးတိုဦးဆောင်တဲ့ မြီးတိုမမိသားစုတစ်စုလုံး ထွက်ပေါ်လာပြီး အစာစားကြတယ်။

"အဲ့ဒါ သူ့မိသားစုအကုန်ပဲ၊ သုံးကောင်ပေါက်တာ မွေးစာရင်းလုပ်ပေးရင်း တစ်ကောင်သေသွားလို့ သားတစ်ကောင်၊ သမီးတစ်ကောင်ပဲကျန်တယ်၊ ဟော. . ဟော. . လာကြပါပြီဗျာ၊ အဲ့ဒါ မြီးတိုဘက်က အမျိုးတွေလေ၊ သူတို့က သိပ်သတ္တိကောင်းကြတယ်၊ အမြဲတမ်းသူတို့ပဲ ဦးဆောင်တယ်၊

အဲ. . အဲ. . နောက်ကကောင်တွေက မြီးရှည်ကောင်ရဲ့ အမျိုးတွေပေါ့၊ အရမ်းကြောက်တတ်တဲ့ကောင်တွေ၊ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ခါးလျားရှည်ရင် ပျင်းလို့ ရှေးလူကြီးတွေပြောတာ. .၊

ဟိုးဖက်က ပုတိုတို့ ဖလောင်းတို့ ဘာလုပ်နေကြလဲ. . ထွက်လာကြလေ၊ ရော့. . ရော့. . ဟိုကောင်တွေ စည်းနဲ့ကမ်းနဲ့ စားကြ တစ်ကောင်နဲ့တစ်ကောင် ငဲ့ညှာမှပေါ့ကွ၊ ကိုယ့်အမျိုးဂုဏ်ဆိုတာ ကိုယ်တိုင်မြှင့်မှ မြင့်တာ၊ ကြွက်လောကမှာလဲ ကြွက်မင်းဆိုတာ ရှိခဲ့ဖူးတယ်၊ မင်းတို့သာ ကိုယ်ကျင့်တရားကောင်းရင် တစ်နေ့ မင်းတို့လည်း ကြွက်မင်းမဖြစ်နိုင်ဘူးလို့ ဘယ်သူမှမပြောနိုင်ဘူးကွ”

ကိုင်း. . ဘယ့်နှယ့်ရှိစလို့ဆိုတဲ့ အမူအရာမျိုးနဲ့လှည့်အကြည့်. . ဦးဇော် ဘေးနားမှာပါ ကြွက်တွေပလားနေလို့ ဦးဇော် အသံမထွက်နိုင်တော့ဘဲ ပျို့ပျို့တက်နေတဲ့ရင်ဘတ်ကို ဖိဖိပြီး ကိုယ်ကိုကျုံ့ထားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်. . သွား. . သွား. . မင်းဝေးဝေးနေ၊ မင်းတိုယ်က ကြွက်စော်နံတယ်"

"ဟာ. . ဦးဇော်ကလည်းဗျာ. . "

"ဦးဇော်ကလည်းမလုပ်နဲ့. . ငါ မင်းအိမ်ကပြန်လာပြီးကတည်းက ဘာမှကို စားလို့မရတော့ဘူး၊ ညအိပ်မှတာတောင် မျက်လုံးထဲမှာ ကြွက်တွေပဲမြင်နေလို့ လန့်လန့်နိုးနေတာကွ. . ချီးပဲ"

"ကဲ. . လာ. . ကျွန်တော်လက်ဘက်ရည်တိုက်မယ်၊ ညနေကျရင် ဘီယာပါတိုက်ဦးမှာ. . "

"တကယ်နော်. . "

"တကယ်ပါဆို. . "

အဲ့သလိုနဲ့ ရုံးအောက်ရောက်လာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခိုင်မြ. . မင်း အဲ့ဒီလောက်များတဲ့ကြွက်တွေ မွေးထားတာ မင်းအိမ်က မသိဘူးလား"

"မွေးတယ်လို့တော့မသိဘူး ရှိနေတာတော့သိတယ်"

"ဟာ. . အဲ့ဒါမပြောဘူးလား"

"ရှိတာပဲသိတာ. . လာကြည့်တော့ ဘာမှမတွေ့တာ"

"ဟာ. . မဖြစ်နိုင်တာ ဒီလောက်အများကြီး အကောင်သုံးဆယ်လောက်ရှိမလားမသိဘူး"

"ဟုတ်တယ်. . ဦးဇော်လာတဲ့နေ့ကမှ အကောင်ရေထပ်တိုးလာတာ. . သတိထားမိတာ. ."

"မင်းရဲ့ရှူးသွပ်မှုက အရမ်းအန္တရာယ်များသွားပြီကွ၊ မင်းဆီကနေ ပလိပ်ရောဂါလို ရောဂါပိုးမျိုးတွေ ပျံ့နှံ့သွားနိုင်တယ်"

"စိတ်မပူပါနဲ့. . သူတို့တွေ ကျွန်တော့်ဆီမှာ အစာရေစာ အဆင်သင့်ရနေလို့ အေးဆေးကလေးမွေးရုံပဲရှိတာ၊ ဘယ်အကြိုအကြားမှမသွားရတော့ ဘာရောဂါမှပါမလာနိုင်တော့ဘူး၊ ပါလာလည်း ကျွန်တော်ကျွေးတဲ့အစားအစာတွေထဲမှာ သူတို့နဲ့ပတ်သက်ပြီး ကယ်ရီဖြစ်နိုင်တဲ့ရောဂါ (၈)မျိုးကို စနစ်တကျ ကာကွယ်ပေးနိုင်တဲ့ ဆေးဝါးတွေပါတယ်လေ၊ အဲ့ဒါကြောင့် ကျွန်တော့်အကောင်တွေ တစ်သွေးတစ်မွေးကြီးတွေ ဖြစ်နေတာ ဦးဇော်မြင်တယ် မဟုတ်လား"

ဦးဇော် ရှုံ့မဲ့မဲ့နဲ့ လည်ပင်းတွေကုတ်၊ ဗိုက်တွေကုတ်ပြီး လွတ်နေတဲ့ ဝိုင်းတစ်ဝိုင်း ရွှေထိုင်လိုက်တယ်၊ လက်ဘက်ရည်ကတော့ ကျွန်တော်ပဲ မှာပေးလိုက်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီအတိုင်းဆို မင်း ငါ့တူမကို စိတ်ကူးမယဉ်နဲ့တော့ခိုင်မြဲ"

"ဗျာ!. . ဘာဖြစ်လို့လဲ"

"ဟာ. . ယဉ်ယဉ်လေးက ကြွက်ကိုအသေမုန်းတာ၊ အဲ့ဒီနေ့က သူ့ဆိုင်မှာ ကြွက်တွေနှိမ်နင်းဖို့ ဂျာမန်ကြောင်မျိုးရင်းကြီး တစ်ကောင်မှာထားလို့ ငါ သွားပို့ပေးပြီး မင်းဆီဝင်လာတာ၊ အဲ့ဒီကြောင်မျိုးက တစ်မိုင်လောက်ကကြွက်ကိုတောင် အနံ့ခံပြီးလိုက်ခုတ်စားတဲ့ကြောင်ကွ၊ မင်းကြွက်တွေတော့ ကုန်ပြီသာမှတ်ထား"

"အာ. . အေးဆေးပါ ဦးဇော်ရာ၊ ကျွန်တော့်အခန်းက ဝင်လာတဲ့ကြွက်တောင် ပြန်ထွက်ဖို့တောင်မလွယ်တဲ့အခန်းဗျ. . အရမ်းလုံခြုံတယ်. ."

"အေးပါ. . ကြည့်လိုက်ကြတာပေါ့။ နောက်မှ အဘရေ ကြွက်မတွေ့ဘူး. . မလုပ်နဲ့. ."

"ကျွဲမတွေ့ဘူး လုပ်စမ်းပါဗျာ. . ဆိုရိုးစကားကို မဖျက်စမ်းပါနဲ့. ."

"လောလောဆယ်. . ကြွက်ပဲလေကွာ. ."

အဲ့ဒီအခိုက် စားပွဲထိုးက လက်ဘက်ရည်လာချပေးလို့ ကျွန်တော်တို့ စကားဖြတ်ပြီး လက်ဘက်ရည်သောက်ကြတယ်၊ ပြီးမှ ကျွန်တော် ဦးဇော်ကို စာတစ်စောင် ထုတ်ပေးလိုက်တယ်။

"ဒါ. . ဘာလဲဟ. ."

"သိချင်ရင်ဖတ်ကြည့်လေ. ."

ဦးဇော် အတော်အူတူတူ ဖြစ်သွားပုံနဲ့ အိတ်ထဲက မျက်မှန်ထုတ်တပ်ပြီး စာကို ဖွင့်ဖတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## ရည်းစားစာ. . .

"ဟကောင်ရ. . ဘာလဲဟ. . "

"ရည်းစားစာလေ. . "

"ဟမ်!. . "

A4 ဆိုဒ်စာရွက် အလွတ်တစ်ရွက်လုံးမှာ အလယ်ခေါင် တည့်တည့် ဆော့ပင်နဲ့စာလုံးကြီးကြီးရေးထားတဲ့ 'ရည်းစားစာ'ကို ဖတ်ပြီးပြန်မေးတာပါ၊ စာကလည်း ရည်းစားစာဆိုတာကလွဲပြီး ဘာမှမရေးထားတာကြောင့် ဖြစ်ပါလိမ့်မယ်၊ အဲ့ဒါနဲ့ ကျွန်တော် လည်း အစ်ကိုပေးလိုက်တဲ့ ရည်းစားစာကို ထပ်ပြီးထုတ်ပြရ တယ်။

"အဲ့ဒါကိုဖတ်ကြည့်ပြီး ကျွန်တော်လည်း ဘာလုပ်လို့ဘာ ကိုင်ရမှန်းမသိဖြစ်ပြီး အဲ့သလိုရေးထားလိုက်တာ၊ ဒါဆို ကောင်မ လေးသဘောပေါက်ပြီလေ၊ သူ့ကိုကျွန်တော်ချစ်လို့ ရည်းစားစာ ပေးတယ်ဆိုတဲ့အဓိပ္ပါယ်ပေါ့. . "

"ဟာ. . ကွာ. . "

"ဟာကွာမလုပ်နဲ့. . ကျွန်တော်လည်း မရေးတတ်ဘူး၊ ကျွန်တော့်အစ်ကိုက ရေးတတ်လို့ ရေးထားတာလည်း ဖတ်ကြည့် ဦး"

ဦးဇော် ရှုံ့တွတွနဲ့ ယူဖတ်ပြန်တယ်။

## ချစ်နှမ ဒါလီရေ. .

အပြစ်ချလို့ နာပြီလို့ မပြောလိုက်ပါနဲ့. . သဘောပိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ခင်ထဲကမေတ္တာသာ အကြောင်းမှန်မို့လို့ အချစ်စာလွှာလေးနဲ့ တောင်းခံလိုက်ပါတယ်၊ လိုက်ခါနေတဲ့ ဒီရင်အုံက မဒီခင်ယမုံ အလှပဂေးကို တစ်ဘဝလုံးပေးဆပ်ပြီး လက်ထပ်ပါရစေ. . .၊ စာစ်ပတ်နဲ့ မရပ်နိုင်တဲ့ အရက်သမားလိုပဲ အသက်နဲ့ထပ်တူ ခြတ်နိုးသွားမှာပါ။ ထပ်တိုးစကားကြားချင်ရင်တော့ အများအမြင် မှာ ကိုယ်ဟာ မင်းရဲ့ကျွန်ရင်းလို ဝပ်စင်းပြီး ခစားမယ့်သူပါ၊ ဘဝ ခြားအောင်တော့ မလုပ်လိုက်ပါနဲ့ အဟုတ်ကြိုက်လို့ အရဲစွန့်တာ ကိုလည်း အသည်းထွန့်ထွန့်လူးအောင် မကျီစယ်ပါနဲ့ကွယ်၊ ညှော်စွယ်ထားတဲ့ဘဝခရီးကို အလှကြီး လှသွားအောင် နှမကြီးက သည်း ရှေ့လက်တွဲလိုက်ပါတော့လို့. . .

လက်ရေးသည်းခံ

ရင်ခုန်သံ ဒင်. . ဒေါင်

ရေးသူ-တိုးမောင်

ဦးဇော် ဟူးခနဲ သက်ပြင်းမောကြီးမှုတ်ပြီး စာရွက်ပေါ်မှာ သူ့မျက်မှန်ကိုပါချွတ်ပြီး ချထားလိုက်တယ်။ ပြီးမှ မသက်မသာ သမ်းကြည့်ပြီး. .

"မင်းအစ်ကိုက ဘီသိတ်ဆရာများလား"

"ဟာ. . မဟုတ်ရပါလားဗျာ. ."

"မသိဘူးလေကွာ. . သူ့ရည်းစားစာက ကွက်စိတ်သံ တွေ ထွက်နေလို့ မေးကြည့်တာ"

"ဟုတ်တယ်. . အဲ့ဒါကြောင့် ကျွန်တော်လည်းစိတ်ပျက်

www.burmeseclassic.com



ပြီး 'ရည်းစားစာ' ထိုင်ရေးပစ်လိုက်တာ"

"အင်း. . မင်းလည်း တော်တော်ပင်ပန်းဦးမယ်"

"အာ. . ဒီခေတ်ကောင်မလေးတွေက အရမ်းမြင့်တယ်၊ ချက်ဆိုတာနဲ့ ကျက်ပြီးသားပဲ. . "

"နားခွက်က မီးတောက်တယ် လုပ်စမ်းပါကွာ"

"မလိုတော့ဘူး ပေါင်းအိုးနဲ့ချက်တာ ပလပ်ထိုးလိုက်ရုံပဲ"

"တော်ပြီကွာ. . မင်းနဲ့စကားပြောရတာ အာခေါင်လိမ်လိမ်သွားတယ်. . ခွီးမှပဲ၊ ညနေ ဘီယာတိုက်မှာနော်"

"Full Table ဒါပေမယ့် ရည်းစားစာတော့ ပေးပေးဗျာ"

"ဟ. . ဘယ်သူ့ကိုလဲ. . "

"ယဉ်ယဉ်လေးကို. . "

"ဟမ်. . ဦးလေးက ကိုယ့်တူမကို ပေးပေးရမလားကွ"

"ပေးရမယ်လေ. . ဦးဇော်နဲ့ကျွန်တော် လောင်းထားတာ ဦးဇော်ရှုံးတယ်လေ. . အဲ့ဒါ လောင်းကြေးရှုံးလို့ ဦးဇော်ပြန်ပေးရမယ့်ကိစ္စပဲ. . "

"ဟာ. . မလုပ်ဘူးကွာ. . "

"လုပ်ပါဗျာ. . ပေးပေးတော့ရော. . ဦးဇော်ကို ဘာပြောလို့ရမှာလဲ၊ ဘာမှရေးထားတာမှ မဟုတ်တာ"

"မရေးပေမယ့် ဒီစာရဲ့အဓိပ္ပါယ်ကို မင်းပြောပြပြီးပြီလေကွာ"

"သူမှမကြားတာ. . ၊ လုပ်ပါဗျ. . ညနေရှယ်ဝိုင်းနော်၊ ဧည့်ခံမယ့် ချာတိတ်မလေးနှစ်ယောက် ခေါ်ပေးမယ်နော်၊ ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



အားကိုးပါတယ်ဗျာ. .၊ ဒီစာရွက်လေးယူသွားပေးတာ ဘယ်လောက်မှလည်း မလေးပါဘူး”

“ချီးမှုပဲကွာ. . ရှင်းတော့. . သွားမယ်”

“အဟတ်ဟတ်. . ဟေ့. . ဟေ့ ဒီမှာ ပိုက်ဆံရှင်းမယ်”

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ရဲ့ပထမခြေလှမ်းအစက အဆင်ပြေပါတယ်၊ ရင်လည်း တော်တော်ခုန်ပါတယ်၊ အိမ်မှာ ကြွက်စာထည်းကုန်ခါနီးပြီဆိုတော့ ကျွန်တော့်ရည်းစားစာဖတ်ပြီးသွားတဲ့အချိန်၊ ကျွန်တော် သူတို့ဆိုင်မှာ အစာသွားဝယ်တဲ့အချိန်နဲ့ ကွက်တိလောက်ကျမယ်ထင်တယ်လေ။


ရင်ခုန်စရာကြီးဗျ. . . အဟတ်ဟတ်။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

"ကျွန်တော့်ကို အခန်းပြောင်းပေးတော့ အမေ"

ထမင်းစားခန်းထဲကို နောက်ဆုံးမှရောက်လာပြီး ပထမဦးဆုံးပြောလိုက်တဲ့ အစ်ကိုတိုးမောင်ရဲ့စကားက. . ငြိမ်နေတဲ့ ကော်ဖီဝိုင်းလေးကို လှုပ်သွားစေပါတယ်။

ကျွန်တော်တို့အားလုံး အစ်ကို့ကို မော့ကြည့်လိုက်ကြတယ်။ အစ်ကိုက ရပ်နေရာမှ ခုံကိုနောက်ဖက်အနည်းငယ်ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ယူပြီး ဝင်ထိုင်လိုက်တယ်၊ အိပ်မှုန်ထမျက်လုံးတွေနဲ့ မကြည်သာ
တဲ့ အစ်ကို့မျက်နှာကြောင့် အမေ ပြာပြာသလဲဖြစ်သွားပြီး အစ်
ရှေ့ကကော်ဖီပန်းကန်ထဲ ကော်ဖီငှဲ့ထည့်ပေးရင်း မေးတယ်. .

"သားကြီး. . ပြောလေ. . ဘာဖြစ်လို့လဲ"

"ကျွန်တော်အိပ်လို့မရဘူး အမေ၊ တစ်ညလုံး ကြွက်တွေ
ဆူညံနေတဲ့အသံပဲ နားထဲမှာကြားနေရတယ်"

ဆိုတော့ကာ. . ကျွန်တော်ဝါးမြိုပြီးချလိုက်တဲ့ ကြွက်
ပေါင်မုန့်ကြော်က လည်ချောင်းထဲကနေ ကုခနဲ ပြန်ခုန်တတ်လာ
တယ်။

ဘုရားရေ. . . ငါ့အကောင်တွေ ညဖက်မအိပ်ဘဲ ဘာ
လုပ်ကြတာလဲ၊ ဒီလောက် အဝအပြဲကျွေးထားတာ အိပ်ကြ
တော့လား၊ နောက်နေ့တွေ အိပ်ဆေးပါ ထည့်ကျွေးရမလိုတောင်
ဖြစ်နေပြီ. . . ဒုက္ခပဲကွာ. . ။

"တကယ်များ ကြွက်ရှိနေတာလား အစ်မရယ်၊ ကျွန်
ဖြူမလည်း ထမင်းကျွေးဖို့ခေါ်လိုက်ရင် အပေါ်ထပ်ကပဲပြန်ဆင်း
လာတယ်၊ စားပြီးတာနဲ့ အပေါ်ထပ် ပြန်တက်တာပဲ"

အဒေါ်ထင်မြင်ချက်ကို အဒေါ်ယောက်ျားဦးအောင်
ဆက်ပြီးပင့်ပေးတယ်။

"ကြောင်ရဲ့အရသာအရှိဆုံး နတ်သုဒ္ဓါဟာ ကြွက်ပဲ
ကြွက်နံ့ရနေလို့ အပေါ်တက်ချောင်းတာ နေမှာပေါ့"

ထိုအခါ အစ်ကိုက. . .

"မသိတော့ပါဘူးဗျာ. . ဟိုတစ်ခါ နေ့ခင်းကြောင်တော



www.burmeseclassic.com

www.burmeseclassic.com



ကြီး ကြွက်တွေအုပ်လိုက်မြင်လို့မြင်၊ တစ်ညလုံးအိပ်မရအောင် ကြွက်သံတွေကြားနဲ့ ကျွန်တော်ပဲ ရှုးချင်နေတာလား မပြောတတ်ဘူး”

“ဟဲ့. . ဟဲ့. . သားကြီး”

“လောလောဆယ် အဲ့ဒီအခန်းမှာ ကျွန်တော်မနေချင်တော့ဘူးအမေ”

“အေး. . ဒါဆို ဘယ်လိုလုပ်ကြမလဲ၊ ခိုင်မြဲနဲ့ အခန်းချင်းလဲမလား”

(ဗုဒ္ဓေါ. . မြတ်စွာဘုရား ကယ်ပါ. .)

ကျွန်တော် အသက်တောင်မရှူနိုင်ဘဲ အစ်ကို့ကိုလှမ်းပြီး အကဲခတ်နေမိတယ်။ အင်းလို့သာ ခေါင်းညိတ်ရင်တော့. . .

“သိပ်မထူးဘူးထင်တယ် အမေ၊ ကျွန်တော် ဒီညကစပြီး ဧည့်ခန်းမှာ ဆင်းအိပ်မယ်”

“အို. . မဖြစ်နိုင်တာ သားကြီးရယ်၊ ဒီလိုလုပ် အမေနဲ့နင့်ညီမနဲ့ သားကြီးအခန်းမှာ ပြောင်းအိပ်မယ်၊ သားကြီးက အမေတို့အခန်းမှာ ဆင်းအိပ်. . ဟုတ်ပြီလား”

“အင်း. .”

ကျွန်တော် ကြိတ်ပြီးပင့်သက်ရှိုက်ရပေမယ့် ဒါလည်းသိပ်တော့ အဆင်မပြေလှဘူးလေ၊ အမေသာ အနားမှာရှိရင်. . ဒီပြဿနာကို အစ်ကို့လို မြုံပြီးခံစားနေမှာတော့ မဟုတ်ဘူးဗျ၊ တွို. . ကွို. . ဆိုတာနဲ့ ထလာမှာ အသေအချာပဲ၊ ကျွန်တော့်အိမ်သားတွေ ဘာကြောင့် ကြွက်ကိုမုန်းကြတာပဲ. . ၊ သူတို့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လွတ်လပ်ခွင့်မပေးချင်ရတာလဲ၊ ခိုးဝှက်စားသောက်တတ်လို့လား၊ ကိုက်ဖြတ်ဖျက်ဆီးတတ်လို့လား၊ အခု ကျွန်တော့်အခန်းမှာ အဝတ်တစ်ထည် စက္ကူတစ်ရွက်တောင် မပျက်စီးဘူးအမေ၊ သူတို့လည်း တခြားတိရစ္ဆာန်တွေကို လွတ်လပ် ပျော်ရွှင်စရာကောင်းတဲ့ဘဝကို လိုချင်ကြတယ်ဆိုတာ ကျွန်တော်မြင်နေရတယ်။

သူတို့သာ ဒီထက်ကျယ်ကျယ်ပြန့်ပြန့် ရှိနေခွင့်ရပြီး အန္တရာယ်ကင်းတဲ့ အသက်ရှင်မှုမျိုးသာ ရမယ်ဆိုရင်. . ကြောင်ကို တကူးတကခေါ်မွေးပြီး ကျွေးမယ့်အစား ကြွက်ကိုကျွေးသင့်တယ်၊ ကြောင်ချေးကျုံးရ၊ သွန်ရတဲ့ဒုက္ခ ကင်းဝေးသလို ဆန်ပုံးထဲ ကြွက်ချေးပါတာမျိုးလည်း မရှိတော့ဘူးအမေ။

ကြွက်ကြောင့် ရောဂါရနိုင်တယ်ဆိုရင်. . ကြောင်မွေးကြောင့် ရလာတဲ့ အသက်ရှူလမ်းကြောင်းရောဂါတွေ ကြောင်ဆီကနေ အချိန်မရွေး ကူးစက်လာနိုင်တဲ့ ခွေးရူးပြန်ရောဂါတွေ ကရော ကြောက်စရာမကောင်းတော့ဘူးတဲ့လား၊ အဲ့ဒါကို ကာကွယ်ဆေးနဲ့ ကာကွယ်ထားနိုင်တယ်လို့ ဆင်ခြေပေးရင် ကျွန်တော့်ကြွက်တွေလည်း အစာနဲ့ဆေးကို ဂရုစိုက်ကျွေးထားလို့ ရောဂါကို ကာကွယ်ထားနိုင်ပါပြီ။

"ခိုင်မြဲ. ."

"ဗျာ!. . သား. . ကြွက်. . ကြွက်. ."

"ဟဲ့. ."

"အန်. ."



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်နေတာလဲ. . ငိုင်တိုင်တိုင်နဲ့. . "

အမေ အဲ့သလိုငေါက်မှ ကျွန်တော်လည်း အသိဝင်ပြီး ယောင်ယမ်းပြောမိထားတာအတွက် စိုးရိမ်သွားတယ်။

"သွား. . နင့်အစ်ကိုရဲ့ လိုအပ်တဲ့ပစ္စည်းလေးတွေ ဝိုင်းသယ်ရွှေ့ပေးလိုက်"

"ဟုတ်. . ဟုတ်. . အမေ. . "

အဲ့ဒီနောက် ကျွန်တော်လည်း ထမင်းစားခန်းကထွက်ပြီး အပေါ်ထပ်ကို ခတ်သွက်သွက် တက်လာခဲ့တယ်၊ အစ်ကို့ပစ္စည်းတို ကူသယ်ဖို့ အဒေါ်ရောဦးလေးအောင်ပါ အပေါ်ထပ်ရောက်သွားပြီမို့လို့ပါ၊ မတော်မဆများ မြီးတိုမတို့သားအမိတွေ ပါဆယ်ဝိမ်းကစားတာတို့ ထုတ်ဆီးတိုးကစားနေတာတို့နဲ့ကြုံရင် ဒီဖက်ခန်းကကြားပြီး ပြဿနာတက်နိုင်တယ်လေ။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဟင်းစားလေးဘာလေး ကြည့်ဦးမယ်နော်"

"ဟုတ်. . အန်တီညို. . မလာတာတောင် ကြာပြီနော်"

"မလာဆို အိမ်ကကိုယ်တော်ကြီးက ဂျယ်လီမိတ်တွေ ရှိုးနေပြီဆိုလို့ပေါ့. ."

"ရယ်ဒီမိတ်ပါ. . အန်တီညိုရဲ့. . အဟင်းဟင်း"

"အေး. . အေး. . ငါလည်း ဂျယ်လီကြိုက်တော့ အဲ့ဒါ စိတ်စွဲနေတာ. .၊ ဪ. . ဒါနဲ့ သမီးက ကိုဇော်တူမဆို. ."

"ဟုတ်. . အန်တီညိုက ဦးဇော်ကိုသိလို့လား"

"အိုကွယ်. . သိတာမှ အရင်းကြီးတွေပေါ့၊ အစ်ကိုကြီး ကုမ္ပဏီထောင်တုန်းက ကိုဇော်က အစ်ကိုကြီးတပည့်လေ၊ အခု လည်း အစ်ကိုကြီးလွှဲထားခဲ့တဲ့ ကုမ္ပဏီမှာပဲဆက်လုပ်နေတာ ဟိုတစ်ပတ်ကတောင် အိမ်လာလည်သေးတယ်၊ အိမ်က အစ်ကို ကြီးရဲ့သားအငယ်ဆုံးလည်း အဲ့ဒီမှာပဲလုပ်နေတာ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဟို. . ခိုင်. . ခိုင်မြဲဆိုတာလား"

"ဟုတ်တယ်. . . သမီးလည်း သိနေတာကိုး၊ ခိုင်မြဲက အန်တီ့တူလေ. . အဟင်းဟင်းဟင်း. . "

"အဲ. . အဲ့ဒါဆိုအတော်ပဲ၊ သူ့ကိုပြောလိုက်ပါဦး ကြွက်စာရောက်နေပြီလို့. . "

"ဟမ်!. . "

"ဟိုလေ. . မနေ့က သူရုံးကနေ ဖုန်းဆက်မေးတယ်၊ ဒီမှာက သူဝယ်နေကျအစာက ကုန်နေတယ်၊ နောက်အပတ်မှ ရောက်မယ်ထင်တာ ဒီနေ့ရောက်လာတယ်လေ၊ အဲ့ဒါ. . ပြောလိုက်ပါဦးနော်"

"နေပါဦး သမီးရဲ့. . ဘာ. . ဘာစာ၊ ကြွက်. . ကြွက်စာဟုတ်လား. . "

"ဩော်. . အဟင်းဟင်း. . ဟန်းစတားလေ အန်တီ့ညီရဲ့၊ ကြွက်ကလေးတွေနဲ့တူတဲ့ အကောင်လေးတွေ သူမွေးထားတာထင်တယ်၊ အစာက သမီးတို့ဆီက ဝယ်တာလေ. . "

"ဩော်. . ဟန်း. . ဟန်းစတားနော်"

"ဟုတ်. . ဩော်. . ခင်မေရေ. . အန်တီ့ညီကို ဟင်းစားလေးပြပေးလိုက်ပါဦး. . အသစ်ရောက်လာတဲ့ မာလာငါးတွေလည်း ပြပေးလိုက်. . "

"ဟုတ်. . မမ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲဖြစ်ဖြစ် သောက်ပြီးစားပြီး အဆီရစ်ပြီးပြီဆိုတော့လည်း ပေးရတော့မှာပဲလို့ ဦးဇော်ကြီး ညစ်ကျယ်ကျယ်တွေးပြီး ရောက်လာတယ်။ ဆိုင်ထဲမှာ ဝယ်သူနည်းနည်းကျနေတဲ့အတွက်ရော သူကိုယ်တိုင် မဝံ့မရဲဖြစ်နေတာကြောင့်ပါ ဆိုင်ထဲမဝင်သေးဘဲ ယဉ်ယဉ်လေးမီနီမော့ကတ်နဲ့ မျက်စောင်းထိုးလောက်မှာရှိနေတဲ့ ကော်ဖီဘားထဲ ဝင်လာခဲ့တယ်။

"ဦးဇော်. ."

"ဟာ. . ဟော့ကောင်. . မင်း"

"ဒါ. . ကျွန်တော့်ဘိလေ၊ ဒီနေရာကနေရှိုးရင် မမြင်ရပေမယ့် သူ့အခြေအနေလေး စောင့်ကြည့်လို့ရတာပေ့ါ. . အဟဲဟဲလာ. . ထိုင်. ."

"တော်ပြီကွာ. . ကြာလာရင် ငါအစာ နင်တော့မယ်"

"အဟတ်ဟတ်. . ကျွန်တော် ပြန်မကလော်တော့ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဗျာ. . လာပါ. . ကော်ဖီနော်. . ”

ကျွန်တော် ဦးဇော်ကို အတင်းဆွဲထိုင်ခိုင်းပြီး ကော်ဖီတစ်ခွက် မှာပေးလိုက်တယ်။

“ပေးပြီးပြီလား. . ဦးဇော်. . ”

“ဘာလဲ. . ”

“ဟာ. . စာလေဗျာ. . ”

“မပေးရသေးလို့ပါကွ. . ”

“ဟာ. . ဗျာ. . ကြာနေပြီနော်. . ”

“တစ်ပတ်တောင် မပြည့်သေးပါဘူးကွာ. . ”

“ကျွန်တော် မစောင့်နိုင်တော့ဘူးဗျာ. . ဦးဇော်မပေးလည်း ကျွန်တော့်ဘာသာ သွားပေးမယ်. . ပြန်ပေးတော့”

“ဟေ့ကောင်. . အကုန်သောက်ရှက်တွေကွဲပြီး မျက်နှာပျက်စရာတွေ ဖြစ်ကုန်မယ်၊ ငါ့ဘာသာကြည့်လုပ်မယ်”

“ဒါဆိုလည်း မြန်မြန်လုပ်တော့. . ”

“ငါ့နှယ်ကွာ. . ဒါနဲ့ မေးရပါဦးမယ်၊ မင်းတို့အရွယ်တွေက အိမ်ထောင်ပြုလို့ရတဲ့ အရွယ်တွေပဲ ခုချိန်မှာ အပျော်သဘောမျိုး မဖြစ်သင့်တော့ဘူးကွ”

“ကျွန်တော် အတည်ယူမှာပါ. .၊ တကယ်ပြောတာ”

“ဟကောင်. . ဖြည်းဖြည်းပြောလည်းရတယ်. . ”

အဲ့ဒီအခိုက်မှာပဲ ယဉ်ယဉ်လေးတို့ စတိုးဆိုင်ထဲကနေ အဖြူ အနက်ကွက်ကြားထားတဲ့ အမွေးပွကြောင်ထွားကြီးတစ်ကောင် ထွက်လာတာကို ကျွန်တော်လှမ်းမြင်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . ဦးဇော်. . အဲ့ဒါ သူ. . သူ့ကြောင်ကြီးလား"

ဦးဇော်လှမ်းကြည့်ပြီး. . .

"အစစ်ပေါ့ကွ. . အဲ့ဒါ ငါပြောတဲ့ ဂျာမန်မျိုးရင်းကြီးဆိုတာ"

ကျွန်တော်တို့နှစ်ယောက် လှမ်းကြည့်နေတဲ့အခိုက်မှာပဲ ကြောင်ပွကြီးကို လမ်းထဲကခွေးတွေ ဝိုင်းလိုက်ကြပါတော့တယ်။

"ဟာ. . ဟာ. . ဒုက္ခပဲကွ. . "

ဦးဇော် ညည်းညူသံပေးပြီး ဝိုင်းကနေထသွားလို့ ကျွန်တော်လည်းလိုက်သွားမိတယ်၊ တိုက်ဆိုင်တယ်ပဲပြောရမလား အပြင်မှာ ခွေးနဲ့ကြောင်နဲ့တွေ့ပြီး ပွဲဆူနေတာ ယဉ်ယဉ်လေးလည်း သိပုံရပြီး ဆိုင်ထဲကထွက်လာတယ်။

"ဟယ်. . ဦးဇော်ရေ လုပ်ပါဦး၊ သမီးရဲ့ပုံပုံတော့ သေတော့မှာပဲ. . "

"ဝုတ်!. . ဝုတ်!. . ဝေါင်း!. . "

"ချွီး!. . ဖူး!. . "

"မလွယ်ဘူး သမီးရေ. . ကြောင်က မာန်ပေါက်သွားရင် ဖမ်းဖို့မလွယ်ဘူး"

"ဦးဇော်. . ခွေးတွေနည်းနည်းလှန့်ထုတ်လိုက်ရင် ဖြစ်မယ်ဗျ. . "

"အေးဟ. . ခိုင်မြ. . လုပ်ပါဦး"

"ဟဲ့!. . ခွေးဟ. . "

လုပ်ပါဦးဆိုတော့ ကျွန်တော်လည်း ခဲလေးဘာလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုတွေ့ငြား ရှာတယ်၊ ကွန်ကရစ်ခင်းလမ်းဆိုတော့ ကျွန်တော်လိုချင်တဲ့ လက်နက်ကိရိယာမရနိုင်လို့ ဖိနပ်ချွတ်ပြီး လိုက်ပေါက်ပစ်လိုက်တယ်။

ဆိုတော့ကာ ခွေးလည်းပြေး၊ ကြောင်လည်းပြေးပါလေရောလား. . .။

“ပုံပုံ. . ပုံပုံရေ. . မီမီမီ လာလာလာ. . ပုံပုံ. . ဟောတော် ဒုက္ခပါပဲ. .”

“ခိုင်မြရေ. . လုပ်ပါဦးဟ. . ဟိုခြံထဲရောက်သွားပြီ”

“ဟုတ်ကဲ့. . ဟုတ်ကဲ့. . စိတ်မပူနဲ့ ဒီရပ်ကွက်ထဲရှိနေလို့ကတော့ ပျောက်ကိုမပျောက်ဘူး. . စိတ်ချ”

“အေးကွာ. . အားကိုးပါတယ် အဲ့ဒီတစ်ကောင်ကို သုံးသိန်းကွ. . .”

“အတော်ရှူးတာပဲနော်”

“ဘာဖြစ်တယ်. .”

ကျွန်တော့်စကားကို ယဉ်ယဉ်လေးကြားပြီး နှုတ်ခမ်းလေးထော်လာလို့. . .။

“အာ. . ဘာမှမဟုတ်ပါဘူး၊ ကြောင်က အတော်ကြီးတယ်လို့ပြောတာပါ. .”

ဆိုတော့ကာ ထော်နေတဲ့နှုတ်ခမ်းလေး သူ့ဦးလေးဘက်လှည့်သွားပြီး. . .

“ဦးဇော် ရအောင်ပြန်ခေါ်ပေး. . ဒါပဲ”

ပြောပြီး ဆိုင်ထဲပြန်ဝင်သွားတော့မှ ဦးဇော် ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်ပြီး. .

"ကဲ. . မင်းရပ်ကွက်ကွာ. . မင်းမှာတာဝန်ရှိသွားပြီ၊ မပျောက်အောင် ရှာပေးနိုင်ရင် မင်းအမှတ်တစ်မှတ်ရပြီ"

"အဲ့သလောက်ကတော့ ဦးဇော်မပြောလည်း ကျွန်တော်သိတယ်. . ကြောင်ကိစ္စ ကျွန်တော့်တာဝန်ထား၊ စာကိစ္စ ဦးဇော်တာဝန်ယူ. ."

"အရေးထဲကွာ. ."

ကျွန်တော် နောက်ထပ်ဘာမှမကြားရအောင် ဖိနပ်တွေလိုက်ကောက်ပြီး ထွက်လာခဲ့တယ်၊ ကြောင်ဝင်ပြေးသွားတဲ့ခြံက ကျွန်တော်နဲ့ အထက်တန်းတုန်းက အတူကျောင်းတက်ခဲ့တဲ့ မြဘုန်းရဲ့ခြံပါ။

"မြဘုန်းရေ. ."

"ဝေး. ."

"အေး. . ငါပါ. . ခိုင်မြပါ. ."

"ဝင်ခဲ့လေကွာ. . ခြံတံခါးက စေ့ရုံစေ့ထားတာ"

အသံကြားရပြီး လူမတွေ့လို့ ကျွန်တော်လည်း ခြံတံခါးကို အသာတွန်းဖွင့်ဝင်ပြီး ပြန်စေ့ထားလိုက်တယ်၊ လှမ်းကြည့်လိုက်တော့. . လား. . လား. . မြဘုန်းရယ် တုတ်တစ်ချောင်းနဲ့ စံပါယ်ချုံအနောက်ဖက်ကို ကုန်းကုန်းကွကွနဲ့ ချောင်းနေတာလေ။

"မြဘုန်း. ."

"ရှူး. . ဒီမှာ. . ယုန်ကွ. . ယုန်. ."

"ဟေ. . ဒီနေရာကို ဘယ်ကယုန်ကလာမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မြဘုန်းက အသံတိတ်လှမ်းခေါ်ပြီး ချုံတစ်ဖက်ဆီတို တုတ်နဲ့ညွှန်ပြတယ်။

"ဟာ. . အဲ့ဒါ ငါလိုက်ရှာနေတဲ့ကြောင်ကွ. ."

"ဘာ. . ယုန်ပါကွ၊ ကြောင်က ဒီလောက်အမွေးရှည်မလား"

"ဟမ်. . ယုန်ကရော ဒီလောက်အကောင်ကြီးမလား၊ အဲ့ဒါ ဟိုးထောင့်စတိုးဆိုင်ကကြောင်. . အခုပဲ ခွေးလိုက်ကိုက်လို့ ပြေးလာတာ. ."

"ဟင်. . မင်းလိုက်ရှာနေတဲ့ ကြောင်ဆို. ."

"ဂျွတ်. . ဒီမှာ အဲ့ဒါ ငါ့ရဲ့ရည်းစားလေးဆိုင်၊ ကြောင်က သူ့ကြောင်. . အဲ့ဒါကြောင့် ငါလိုက်ရှာပေးတာ. ."

မြဘုန်းစိတ်ညစ်သွားပြီး တုတ်ကိုပစ်ချလိုက်တယ်။

ပြီးမှ စူထွက်နေတဲ့ ဗိုက်ကိုကုတ်ပြီး. . .

"ချီးပဲကွာ. . ငါ့ဘာသာယုန်လိုက်ရင်ပြီးရော မင်းလာမှ ကြောင်ဖြစ်သွားတာ ငါကံဆိုးတာပဲ"

"မလုပ်လိုက်ပါနဲ့ သူငယ်ချင်းရာ. . အဲ. . ဟုတ်ပြီ"

"ဘာဟုတ်တာလဲ"

"အိမ်မှာဘယ်သူရှိလဲ. ."

"မရှိဘူး. . ငါတစ်ယောက်ထဲမို့လို့ ဒီညနေ ယုန်သားနဲ့ ရှကီကစ်မလို့"

"အိုခေကွာ. . မင်းခဏလေး ကြည့်ထားပေး၊ ငါသူ့ကို သွားခေါ်ပြီး ဖမ်းခိုင်းလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဇယားရှုပ်ဦးမယ်ကွာ၊ ဒါပေမယ့်လည်းလုပ်ပါ. . အလကားတော့ မရဘူး"

"အေးပါကွာ. . ညနေစာ ငါ့တာဝန်ထား"

"တကယ်လား"

မြဘုန်းမြူးသွားတယ်၊ ကျွန်တော်လည်း မြူးပြီး သူမတို့ဆိုင်ဖက် ပြန်ပြေးလာခဲ့ပါတယ်၊ ဆိုင်မှာ ဦးဇော်ကို ငုတ်တုတ်ကြီးတွေ့နေရတုန်းပါပဲ။

"ဦးဇော်. ."

"ဟေ. ."

"ကြောင်က သူ့သခင်ဖမ်းမှရမယ်ဗျ၊ ကျွန်တော့်ကိုကုတ်တာ စုတ်ပြတ်ကုန်ပြီ"

အဲ့ဒီအခိုက်မှာပဲ ယဉ်ယဉ်လေးက. .

"ပုံပုံကိုတွေ့ပြီလား. . ဘယ်မှာလဲ. ."

"ဟိုခြံထဲမှာပဲရှိနေသေးတယ်"

"ဦးဇော်. . သမီးသွားခေါ်လိုက်မယ် ဦးဇော် ခဏစောင့်ပေး. . . ."

"အေး. . အေး. . သတိတော့ထားနော် သမီး"

"အင်းပါ. ."

ကျွန်တော်တို့ ဆိုင်ထဲက အတူထွက်လာကြပြီးမှ သူမက မေးတယ်. .။

"ရှင့်ကို ကုတ်လွှတ်လိုက်တာလား"

"ဟုတ်တယ်. . ရင်ဘတ်တွေမှာ စုတ်ပြတ်ကုန်ပြီ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လား. . "

ကျွန်တော် ခပ်တည်တည်နဲ့ အကြံမပြမယ်လုပ်တော့

"ဟင့်အင်း. . အားနာပါတယ်ရှင်. . ၊ ဟို. . ဆေးလည်း သောက်ချာထည့်လိုက်ဦး. . တော်ကြာ အနာရင်းတာတို့ဘာတို့ ဖြစ်နေမယ်. . "

"အာ. . ရပါတယ်၊ ဒါပေမယ့် ယဉ်ယဉ်လေး ကြောင်က သိတယ်ထင်တယ်ဗျ ကျွန်တော့်ကို ရင်ဘတ်မှ ခွေးကုတ်ပစ်တယ်၊ ရင်ဘတ်ပွင့်ပြီး အသည်းနှလုံးတွေထွက်ကျလာရင် ဝါးတောင်စားပစ်မလား မသိဘူး"

ကျွန်တော့်စကားအဓိပ္ပါယ်ကို သူမ နားလည်သွားပုံပါပဲ၊ မျက်နှာလေး ရဲခနဲဖြစ်ပြီး ခေါင်းငုံ့ထားတယ်ဗျ. . ။

"မြန်မြန်လာကြ အနောက်ခြံဖက်ကူးသွားရင် မချောင်ဘူး ခိုင်မြရေ၊ အဲ့ဒီမှာ ဒိုဘာမင်လေးကောင်လောက်ရှိတယ်"

"ဟာ. . . ဒိုဘာမင်ဆိုရင်တော့ အဝေမတည့်ဘူး ဖြစ်တော့မယ်. . ယဉ်လေး မြန်မြန်ဖမ်း"

"အင်း. . အင်း. . ပုံပုံရေ. . သမီးရေ မိမိမိ. . "

ကြောင်ကြီးလှည့်ကြည့်ပေမယ့် သူမ ထင်သလောက် အလွယ်တကူ မဖြစ်နိုင်ဘူးလို့ ကျွန်တော်ထင်တယ်လေ၊ အဲ့ဒါကြောင့် အိမ်အနောက်ဖက် ထွက်မပြေးနိုင်အောင် ကျွန်တော် အားကပတ်ပြီး ကြိုစောင့်နေလိုက်တာပါ။

ကျွန်တော်ထင်တဲ့အတိုင်းပါပဲ ယဉ်ယဉ်လေး အနား ရောက်သွားပြီး ကြောင်ကိုလှမ်းအပွေ့ လွှားခနဲခုန်ထွက်ပြီး ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ဘေးကနေ ဖြတ်ပြေးလို့ ကျွန်တော်လည်း မိချင်ရာမိဆိုပြီး လှမ်းဆွဲထားလိုက်ပါတော့တယ်။

"အား!. . ကိုက်တယ်. . ကိုက်တယ်. . အား. . ကုတ် ကုတ်. . အား. . "

ကြောင်က အကောင်ကလည်းကြီး သွားတွေကလည်း ထက်လိုက်တာမှ. . ကျွန်တော့်လက်ကနေ သွေးဖျန်းဖျန်းကျ အောင်ပါပဲ။

"ခိုင်မြ. . မလွှတ်နဲ့၊ သူ့. . သူ့ဂုတ်ပိုးကိုမိအောင်ကိုင်"

"အား!. . လား. . သေပြီဟ. . "

"နေ. . နေ. . ငါလာပြီ"

ကျွန်တော် အသားကုန်အခဲခံနေရတဲ့ကြားက အံကြိတ် ပြီး ဆုတ်ကိုင်ထားတာပါ၊ ကြောင်ရဲ့နောက်ခြေတစ်ဖက်ကို မြဲမြဲ ဆုတ်ထားနိုင်လို့ လွှတ်တာတော့ မလွှတ်တော့ပါဘူး၊ ကိုက်တာ ကုတ်တာကတော့ အခုမှ တကယ်စုတ်ပြတ်ကုန်ပြီဆိုတာ သေ ချာပါတယ်။

မြဘုန်းပြေးလာပြီး ကျွန်တော့်ကိုငုံ့ခဲနေတဲ့ ကြောင်ကြီးရဲ့ လည်ဂုတ်နေရာကို အမိအရဆုတ်ကိုင်လိုက်မှပဲ ကျွန်တော့်ကိုခဲ ထားတာကို လွှတ်တော့တာပါ။

"မြင်လား. . . ခိုင်မြ၊ ဘယ်လိုကြည့်ကြည့် ယုန်ပဲကွ၊ နောက်ကိုမှတ်ထား ကြောင်ကို ခုလိုလည်ဂုတ်ကနေ ကိုင်လိုက် တာနဲ့ ယုန်ဖြစ်သွားရော. . "

ဒီလောက်ဆို မြဘုန်းမှာ ဘယ်လောက်အတွေ့အကြုံရှိ



www.burmeseclassic.com

www.burmeseclassic.com



နေသလဲဆိုတာ သိသာပါတယ်၊ ကျွန်တော်သာ အချိန်မီရောက် လာရင် ဒီကြောင်ဟာ မြဘုန်းလက်ထဲမှာ ယုန်ဖြစ်သွားမှာပါ။ ခုလည်း မြဘုန်းမြှောက်ကိုင်ပြတာကို ကြည့်ရတာ တကယ့်ယုန် သစ်ကောင်ပါပဲ။

"ဒီအတိုင်းခေါ်လို့မဖြစ်ဘူးနော်. . ငါလွှတ်လိုက်တာနဲ့ ထုတ်ဖွဲ့ပြီး ထွက်ပြေးမှာပဲ"

"ခ. . ခဏလေး. . ကျွန်မ သူ့. . သူ့လှောင်ချိုင့်ပြန်ယူ လိုက်မယ်. ."

ပြောပြီး သူမ ပြန်ပြေးထွက်သွားတယ်။

မြဘုန်းက. . .

"ဟော့ကောင်. . မင်းလက်ကိုပြန်ကြည့်ဦးကွ၊ သွေးတွေဒီ လောက်ထွက်နေတာ ကြောင်ကိုက်တာလား၊ ကျားကိုက်တာ လား"

"ကျားနီးနီးပဲကွာ. . ငါတော့ အတော်အီနေပြီ. . ကျွတ် ကျွတ်. ."

ကျွန်တော် အကျီချွတ်ပြီး လက်ကဒဏ်ရာနေရာကို ခပ် တင်းတင်း စည်းနှောင်ထားလိုက်တယ်၊ ကြောင်ကလည်း သူ့ကို အန္တရာယ်ပေးပြီအထင်နဲ့ ခွန်အားရှိသရွေ့ ခုခံပစ်လို့ လက်ခုံ ထက်ဖျံနဲ့ လက်မောင်းနေရာတွေအထိ အစွယ်မြုပ်အောင် ပေါက် ပြီဒဏ်ရာတွေ အတော်များပါတယ်၊ အချစ်အတွက် အသက်ပင် သေသေလို့တောင် ပြောကြတာ. . အသားလေးပဲ့တာလေးကို တော့ ခံနိုင်ရည်ရှိရမှာပေါ့. . နော. . ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီအခိုက်မှာပဲ သူမ တစ်ခေါက်ပြန်ရောက်လာပြီး ထ
လာတဲ့ အလူမီနီယံလျှောင်ချိုင့်ထဲ ကြောင်ကို ထည့်ခိုင်းလိုက်ပါ
တယ်။

"ပုံပုံ . . သမီးက အရမ်းဆိုးတာကိုးကွ၊ ဒီအတိုင်းလေး
နေရမှာပဲ . . လိမ္မာမှ အပြင်ပြန်ထုတ်ပေးမယ် ကြားလား"

"ညောင် . ."

"အို . . မရပါဘူး . . မရပါဘူး ဒီလိုချုပ်လို့ မရပါဘူး"

အဲ့ဒီနောက်တော့ ကြောင်ထည့်ထားတဲ့လျှောင်ချိုင့်ကို
ပွေ့လိုက်ပြီး တညောင်ညောင်အော်နေတဲ့ကြောင်နဲ့ပဲ စကားတွေ
ပြောပြီး ထွက်သွားပါတော့တယ်။

"တောက် . . . ရှိုင်းလှချည်လားကွာ၊ ဒီမှာ ဒဏ်ရာတွေ
ပွလန်နေတာတောင် တစ်ချက်မေးဖော်မရဘူး"

"သူက ဒီလိုပဲကွ၊ လောကွတ်မလုပ်တတ်တာလေးတစ်ခု
ပါပဲ . . ၊ ကဲ . . သူငယ်ချင်း ကျေးဇူးပဲကွာ၊ ငါဆေးခန်းပြေးလိုက်ဦး
မယ်၊ ဩော် . . မင်းအတွက် . . "

"နေ . . နေ . . ခိုင်မြ ငါ့အတွက်ပြဿနာမရှိဘူး၊ မင်း
ဆေးခန်းအမြန်ဆုံးပြဖို့လိုတယ်၊ သွေးထွက်များသွားရင် မ
ကောင်းဘူးကွ"

"အေး . . ငါလစ်ပြီ"

အမှန်တကယ် ရှိုင်းတာလို့ပဲ ကျွန်တော်ပြောချင်ပါတယ်
ဗျာ၊ ကျွန်တော်ကလည်း ပြောချင်တာပါ၊ သူများပြောတာတော့
အပြောမခံနိုင်ဘူးလေ၊ အဲ့ဒါကြောင့် မြဘုန်းစိတ်ဆိုးတာကို ကာ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ခဲ့ပေးတာ။

ဒီလိုပါပဲ ပရိသတ်ရယ် ချစ်လာရင် အပြစ်လည်းမမြင်တော့တာ သဘာ၀ကျပါတယ်၊ ဒါပေမယ့် ဘယ်လိုပြောရမလဲ၊ လို့တော့ နည်းနည်းငုတ်တယ်ဗျ၊ ဘယ်လိုပဲ လူမှုရေးအားနည်းချက်ရှိဦးတော့ ကျေးဇူးစကားလေး မဖြစ်ညစ်ကျယ်လောက် ပြောသင့်တယ် မဟုတ်လားဗျာ။



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ယဉ်လေး ကြောင်ပြန်ရလာလို့ ဦးဇော် သက်ပြင်းချပြီး ကြည့်တယ်။ ခိုင်မြဲရော. . ဒီကောင် လိုက်မလာဘူးထင်တယ်။

"ပြန်ရလာလို့ တော်သေးတာပေါ့"

"ဟုတ်. . ဦးဇော်၊ ဟို. . ဦးဇော်ရဲ့လူကို တစ်ချက်သွားကြည့်လိုက်ပါဦး၊ ဆေးခန်းပို့ပေးမှ ကောင်းမယ်ထင်တယ်"

"ဟုတ်လား. . ဘာဖြစ်သွားလဲ"

"အာ. . . လက်တစ်ချောင်းလုံး သွေးတွေချည်းပဲ၊ ပုံပုံ တအားကိုက်ပစ်တာ. .၊ သမီးတောင် မကြည့်ရဲဘူး"

"ဟာ. . အဲ့ဒါဘာပြောခဲ့လဲ သူလိုက်မလာဘူးလား"

"ဟင့်အင်း. . သမီးနဲ့သိပ်မရင်းနှီးလို့ ဘာမှမပြောခဲ့ဘူး ဦးဇော်ဘာသာ ကြည့်လုပ်ပေးလိုက်. . ဒီကနေ ပိုက်ဆံယူသွား



www.burmeseclassic.com

www.burmeseclassic.com



သာ"

"တော်တော်များလား"

"အင်း. ."

"ဒုက္ခပဲကွာ. . ငါ့ကောင်"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



ပိုပုံလေး လှောင်ချိုင့်ထဲကနေ တညောင်ညောင်အော် နေတာကိုကြည့်ပြီး သူမလည်း ခုမှပဲ စိတ်သက်သာရာ ရတော့ တယ်၊ ခွေးကိုက်ခံရရင် ဒါမှမဟုတ် ပျောက်သွားရင် သွားပါပြီ ပေါ့၊ ဘာပဲဖြစ်ဖြစ်. . မွေးမိတော့လည်း သံယောဇဉ်ဖြစ်မိတယ် မဟုတ်လား၊ ဘာဒဏ်ရာမှမရဘဲ ခုလိုလေး ပြန်ရောက်နိုင်တာပဲ တော်လှပြီ။

ပုံပုံရယ်. . နင်အပြင်မထွက်ပါနဲ့တော့. . ၊ ငါ ရင်မောပြီး သေရလိမ့်မယ်၊ ဒီနေ့လိုနေ့မျိုး သူသာရောက်မလာရင်. . ။

ယဉ်ယဉ်လေး အဲ့သလိုတွေးမိမှ လက်မောင်းတစ်ခုလုံး သွေးသံရဲရဲနဲ့ ရှုံ့မဲ့နေတဲ့ ခိုင်မြရဲ့မျက်နှာကို ပြန်မြင်ယောင်လာ တယ်၊ ကျေးဇူးတင်စကားလေးတောင် မပြောဘဲ ဒီအတိုင်း လှည့် ပြန်လာမိတာ ငါတော်တော်လွန်တယ်လို့လည်း တွေးမိတယ်၊

www.burmeseclassic.com



သူသာ အဲ့သလို အရဲစွန့်ပြီး ဖမ်းမထားရင် ပုံပုံလေး ဟိုအနောက်ဘခြံကို ကူးမှာပဲ၊ အဲ့ဒါဆို သွားပြီ. . ။

ဟုတ်ပါရဲ့. . ပုံပုံအတွက် ငါ သူ့ကိုကျေးဇူးတင်ရမယ့်ဟာကို. . ၊ အို. . . ဦးဇော်နဲ့ ဆေးခန်းလွှတ်လိုက်တာပဲ. . ငါ့တာဝန် မပျက်ကွက်ပါဘူး. . ။

"မတွေ့ဘူး ယဉ်လေးရေ၊ ငါ့ကောင် ဘယ်ဆေးခန်းများသွားလဲမသိဘူး၊ ဒီနားကဆေးခန်းတွေမှာတော့ မရှိဘူးကွ၊ ဟဲ. . ငါလည်းပြန်မှပဲ၊ နင့်အဒေါ်လည်း သိပ်နေမကောင်းလို့ ဒီညနေ ဆေးခန်းပြမလို့ဟာ နောက်တောင်ကျနေပြီ"

"ဟုတ်. . ဟုတ်. . ဦးဇော်. . "

ဦးဇော်ထွက်သွားမှ သူမစိတ်ထဲ ပူပန်စိတ်ကလေးဖြစ်မိတယ်၊ ဒီအတိုင်းဆို သူ ငါ့ကို တစ်မျိုးမြင်တော့မှာပဲ၊ အမှန်တော့ ရှက်မွှန်နေတဲ့စိတ်က ရှိနေတော့ ဘာမှကို မပြောဖြစ်ခဲ့တာလေ။

ဟာ. . . သူ အစာလာဝယ်ရင်တော့ သေချာပေါက်တောင်းပန်ရတော့မှာပဲ. . ။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)

ခေဝံခန်းက ပြန်ထွက်လာတော့ သွေးတွေနဲ့နစ်နေတဲ့ အကျီကို လွှင့်ပစ်ခဲ့ပြီး စပို့ရှပ်လက်ရှည်တစ်ထည် ဝယ်ဝတ်ကာ အိမ်ပြန်လာခဲ့တယ်၊ သွေးတွေနဲ့ အကျီကိုမြင်ရင် အိမ်ကလူတွေ အပြုးအပြဲဖြစ် ကုန်မယ်လေ၊ အဲ့ဒါကြောင့်ပါ. .၊ လက်တစ်ချောင်းလုံး စည်းနှောင်ထားတဲ့ ပတ်တီးကတော့ ပြသနာမရှိပါဘူး၊ ဒါကတော့ ကြည့်ကျဲ့ပြီး ဖြီးရမှာပဲ. .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ကသာ အိမ်သားတွေအတွက် အဲ့သလိုတွေး ပြီး ပြန်လာခဲ့တာပါ။ အိမ်ကလူကြီးတွေကတော့. .။

"အေး. . မင်းလာ. . မင်းလာစမ်းခိုင်မြ"

ဧည့်ခန်းထဲ ကျွန်တော်ဝင်တာနဲ့ ဒေါ်သသံတစ်ဝက်ပါနေ တဲ့ အစ်ကို့အသံကို စတင်ကြားရပါတယ်၊ အဲ့ဒီနောက် ဦးအောင် က လေးထောင့်စက္ကူပုံးတစ်ပုံးကို မ,ယူလာပြီး ကျွန်တော့်ရှေ့မှာ ဘုတ်ခနဲပစ်ချလိုက်တယ်။

"အဲ့ဒါ မင်းအခန်းထဲကပဲကွ၊ အားလုံး. . အကောင်သုံး ဆယ်"

ဘုရားသခင်. .။

အတုံးအရုံးသေဆုံးနေကြတဲ့ ကြွက်တွေကို ပုံးနဲ့တစ်လုံး ထည့်ထားပြီး လာပြလို့ ကျွန်တော်ရင်ဆို့ကာ ယိုင်ခနဲတောင် ဖြစ်သွားတယ်။

"ဒါ. . မင်းငါ့ကို သက်သက်ဒုက္ခပေးတာပဲကွ ခိုင်မြ၊ ငါ့မှာတော့ ကြွက်တွေအများကြီးမြင်တာရော ကြွက်သံတွေကြား နေရတာရော တစ်ယောက်ထဲ အရူးလို ခံစားနေရတာ. ."

"နေပါဦး. . ခိုင်မြ၊ ဒီလောက်များတဲ့ကြွက်တွေကို မင်း ဘာစိတ်ကူးနဲ့ မွေးထားရတာလဲ၊ အစာတွေဘာတွေတောင် ဝယ် ကျွေးပြီး မွေးရတယ်လို့ကွာ. . အံ့ရောပဲ. ."

"ဒီမှာ. . နောက်ထပ်သုံးကောင်ရတယ်ဟေ့. .၊ ဟစ် ကောင်ကတော့ ဖြူမ စားနေပြီ"

အပေါ်ထပ်ကနေ ဒေါ်လေးညိုနဲ့ အမေတို့ အမြက်စည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီကိုင်ပြီး ဆင်းလာကြတယ်။

"ဟင်. . ခိုင်မြ. . မင်း. . မင်းတော့"

ကျွန်တော့်ကိုမြင်တာနဲ့ အမေ့ဒေါ်သတွေ ငယ်ထိပ်တက်ဆောင့်ပြီး ပြေးဆင်းလာကာ လက်ထဲကတံမြက်စည်းနဲ့ ရိုက်ပါတော့တယ်၊ ရုတ်တရက်မို့လို့ ကျွန်တော်လည်း ဒဏ်ရာရထားတဲ့ သတ်နဲ့ ကာမိလိုက်လို့ အနာပေါ် နှစ်ချက်သုံးချက်ဆင့်ရိုက်ခံရပြီး ကျွန်တော့်မှာ နာလွန်းတဲ့ဝေဒနာကြောင့် ဒူးထောက်ကျသွားတယ်။

သွေးတွေလည်း စိမ့်ဆင်းလာပါတယ်၊ ဒီတော့မှ အမေ့ဒေါ်သတွေ တဝက်လျှော့သွားတယ်၊ ဒဏ်ရာက ကြောင်ကိုက်တာဆိုပေမယ့် သွေးကြောပြတ်အောင် အကိုက်ခံထားရတာဆိုတော့. . .။

တံမြက်စည်းနဲ့ရိုက်တာလေးတင် သွေးတွေထွက်ကျလာလို့ အမေလည်းလန့်ပြီး တံမြက်စည်းပစ်ချရင်း အနားရောက်လာတယ်၊ စိတ်မကောင်းဖြစ်ပြီး ကိုင်ကြည့်မှ ကျွန်တော့်လက်တစ်ချောင်းလုံး ပတ်တီးနဲ့ဆိုတာ အမေသိသွားတယ်၊ အင်္ကျီဆွဲလှန်ကြည့်တော့ အားလုံး ကျွန်တော့်ဒဏ်ရာမြင်ပြီး ကွက်ပြဲသနာကို မေ့ကုန်ကြပါတယ်။

"ဒါ. . ဒါ. . ဘာဖြစ်တာလဲ သား"

ကျွန်တော် ဘာပြောရမှန်း အစကတည်းက မသိတာပါ။ လောဘနောဆယ် မြီးတိုမတို့ဆွေမျိုးတစ်သိုက် ရက်ရက်စက်စက်ကို အစုလိုက်အပြုံလိုက် အသတ်ခံရလို့ ရင်ကွဲဆို့လှိုက်



www.burmeseclassic.com

www.burmeseclassic.com



နေပြီး ဘာမှမပြောတော့ဘဲ အပေါ်ထပ်ကိုတက်လာခဲ့ပါတယ်။

အားလုံး ကြောင်အပြီး ရပ်ကျန်ခဲ့ကြတယ်၊ ကျွန်တော်လည်း အခန်းထဲရောက်မှ အခန်းတံခါးပိတ်ပြီး ကလေးတစ်ယောက်လို ငိုချမိပါတော့တယ်။

အမှန်တော့ ဒါက ငိုချင်လျက်လက်တို့ ခံရတာပါ၊ လမ်းမှာကတည်းက ယဉ်ယဉ်လေးရဲ့ ရိုင်းပြမှုအတွက် အခံရခက်ပြီး ငိုချင်ခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်မြဲ ဖုန်းနဲ့ ခွင့်လှမ်းတင်တယ်လို့သိရတော့ ဦးဇော်စိုးရိမ်သွားတယ်၊ ဒဏ်ရာတော်တော်များလို့လား၊ ကြောင်ကိုက်တာ အဲ့သလောက်ဖြစ်ပါ့မလားလို့ တွေးမိပေမယ့်. . ကြောင်ကလည်း ကျားပေါက်လောက် အကောင်တွေဆိုတော့ မပြောနိုင်ဘူး မဟုတ်လား။

ခိုင်မြဲရုံးမတက်တော့ ခိုင်မြဲအလုပ်တွေပါ သူလုပ်ရမှာမို့လို့ မသွားနိုင်တော့ဘူးလေ၊ အဲ့ဒါကြောင့် သူ့တူမဆီ ဖုန်းလှမ်းဆက်လိုက်တယ်။

"သွားကြည့်မှကောင်းမယ် သမီး၊ ဒီကောင်ရုံးတောင်မဆက်နိုင်ဘူး"

". . . . . . . . . . . . . . . . . ."

"ကြောင်တောင်တောင်ဖြစ်စရာလားကွာ၊ ဒီမှာ ဦးဇော်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့တူမပါလို့သာပြောလိုက်၊ သမီးကို ဝမ်းသာအားရ ကြိုဆိုလိမ့်မယ်၊ အဲ့ဒါ ဦးဇော်ရဲ့ လူရင်းမိသားစုကွယ့် သမီးရဲ့၊ ကိုယ့်ကြောင့်ဒီလိုဖြစ်ရတာ ကိုယ့်ဖက်က ဝတ္တရားပျက်သလို ဖြစ်နေပြီ. . "

" . . . . . . . . . . . . . . . . . . . . . . . . . "

"အေး. . အေး. . သွားဖြစ်အောင်သွားနော်"

အင်း. . ပြောလို့သာပြော အရှက်အကြောက်ကြီးတဲ့ ဒီကလေးမ သွားမှာမဟုတ်ဘူးလို့တွေးပြီး ညနေအပြန် တစ်ချက်လှည့်ဝင်သွားဖို့ ဆုံးဖြတ်ထားလိုက်တယ်၊ နောက်တစ်ချက်က ခိုင်မြဘက်က တာဝန်ကျေတာတွေများနေပြီး သူ့ဘက်က တာဝန်မဲ့နေတာအတွက်လည်း အားနာစရာလို့တွေးရင်း ခိုင်မြပေးခိုင်းတဲ့စာကို ထုတ်ကြည့်မိတယ်။

ခေါင်းစည်းစာလုံးတစ်ခုကလွဲပြီး ဘာမှရေးမထားလည်း အဲ့ဒီစာရွက်ပြောင်ပြောင်ပေါ်မှာ အဓိပ္ပါယ်လေးနက်မှုတွေ တဖြည်းဖြည်း များလာပြီလို့ သူနားလည်လိုက်တယ်။

ၛ ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကလည်းမထွက်. . တံခါးလည်းမဖွင့်. . ဒုန်းဒုန်း ထုနှက်ပြီး လာဖွင့်ခိုင်းလည်း ကျွန်တော်ဖွင့်မပေးလို့ အိမ်သားတွေ အတော်စိတ်ရှုပ်ကုန်ကြတယ်၊ အိမ်မှာ ကျွန်တော်ဟာ အငယ်ဆုံးမဟုတ်လား၊ ကျွန်တော်အရွယ်ရောက်ပြီဆိုပေမယ့် သူတို့အားလုံးအတွက် ကလေးတစ်ယောက်ပါပဲ၊ အငယ်ဆုံး အလိုလိုက်ထားလို့ အဆိုးဆုံးလို့ သတ်မှတ်ကြလည်း ဒါဟာ ကရုဏာဒေါသဆိုတာ ကျွန်တော်သိတယ်။

အမေ၊ အဒေါ်တို့လင်မယား၊ ပြီးတော့ အစ်ကို၊ အစ်မ၊ ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး၊ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အပြစ်တင်တာပါ၊ မြီးတိုမတို့ဆွေမျိုးတစ်သိုက်ကို စောင့်ရှောက်ဖို့ တာဝန်ယူထားပြီး တာဝန်မယူနိုင်တဲ့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ အပြစ်တင်တာ၊ မကျေနပ်နိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် အပြစ်ကင်းတဲ့ သူတို့ဘဝလေးတွေကို ကျွန်တော်အရမ်းနှမြောပြီး ယူကျုံးမရဖြစ်တယ်ဗျာ၊ အဲဒါကိုတော့ ပရိသတ် ကျွန်တော့်ကိုနားလည်ပေးပါ။

ကျွန်တော်အခုငိုနေတာ ယဉ်ယဉ်လေးအတွက် မဟုတ်ဘူး၊ အိမ်သားတွေအတွက် မဟုတ်ဘူး၊ လူတိုင်းအတွက် အရေးမပါတဲ့ နေရာမှာပဲရှိနေတဲ့ မြီးတိုမတို့အတွက်ပါ။

"ခိုင်မြ. . ခိုင်မြရေ. . တံခါးဖွင့်ပါဦးကွာ၊ ငါပါ ဇော်ဦးပါ"

ဦးဇော်အသံကြားလို့. . ကျွန်တော် မျက်ရည်သုတ်ပြီး ကုတင်ပေါ်က ဆင်းလိုက်တယ်။

"ငါတစ်ယောက်ထဲပါကွ. . တံခါးခဏဖွင့်ပေးပါ"

ကျွန်တော် တံခါးဖွင့်ပေးလိုက်တယ်၊ ဦးဇော် ကျွန်တော့်ကို တွေ့တွေ့ချင်းပဲ ပုခုံးဖက်ပြီး နှစ်သိမ့်တယ်။

"အစ်မပြောပြလို့ ငါအားလုံးကြားပြီးပြီ၊ ငါပြန်ပြောပြလို့ အမ်မတို့လည်း စိတ်မကောင်းဖြစ်နေကြတယ်၊ လောကမှာ မှန်တာဖြစ်ဖြစ် မှားတာပဲဖြစ်ဖြစ် သူ့အမိပ္ပါယ်နဲ့သူ ရှိကြတယ်ကွ၊ အဲ့ဒါမမွှတာပဲ၊ မင်း မှားတယ်လို့ အပြစ်မတင်နဲ့၊ အမှားကျူးလွန်ဖို့အထိ တွန်းပို့ထားတဲ့ အဓိပ္ပါယ်တစ်ခုက အခိုင်အမာရှိနေတယ်၊

အရေးအကြီးဆုံးကတော့ အမှန်နဲ့အမှားကြား ဖြစ်ပေါ်လေ့ရှိတဲ့ အကျိုးဆက်တစ်ခုပဲ၊ အဲ့ဒီအကျိုးဆက်ကလေး ရလဒ်ကောင်းဖို့ သမမျှတတဲ့ အမြင်ထားပေးရမယ်၊ ဒါဟာ လူပီသတဲ့ သူတိုင်း ဖော်ဆောင်တဲ့အဓိပ္ပါယ်ပဲ ခိုင်မြ. ."

"ကျွန်တော် ဘယ်သူ့ကိုမှ အပြစ်မတင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒီအသံကိုက အမြင်မမှန်သေးတာ၊ ငါတို့အပြင်သွားကြမလား၊ မင်းဒဏ်ရာရော ဘယ်လိုနေသေးလဲ"

"ညကတော့ အနာရှိန်ကြောင့်လားမသိဘူး. . အဖျားတက်တယ်၊ ဒီညနေတော့ ဆေးခန်းတစ်ခေါက်ထပ်ပြဖို့ ဆရာဝန်မှာထားတယ်. . ."

"ဟာ. . ဒါဆိုသွားကြမယ်လေ၊ ငါလိုက်ပို့မယ်"

"ကျွန်တော် ဆေးခန်းစာအုပ် သွားယူလိုက်ဦးမယ်"

အဲ့ဒီနောက် ဦးဇော်နဲ့အတူ ထွက်လာခဲ့ပါတယ်၊ အိမ်သားတွေအားလုံး ဧည့်ခန်းမှာရှိနေပေမယ့် ကျွန်တော့်ကို ဘယ်သူမှ စကားမပြောရဲကြပါဘူး၊ ဘာကိုကြောက်နေကြတာလဲဆိုတာ ကျွန်တော်လည်းမသိပါဘူး၊ စိတ်မကောင်းဖြစ်နေတာလည်း ဖြစ်နိုင်ပါတယ်။

အမေတို့အစ်မတို့ဆို ခွေးလေးတွေ အရမ်းချစ်ကြတယ်၊ ခွေးဝဲစားဖြစ်နေလည်း ချစ်စရာလေးလို့ မြည်တတတ်ကြပါတယ်၊ အဒေါ်တော့ ကြောင်ချစ်တယ်၊ အစ်ကိုက သူ့ကိုယ်သူကလွဲပြီး ဘယ်သူ့မှ မချစ်ဘူးလို့ထင်ပါတယ်။

ခွေးဖြစ်ဖြစ် ကြောင်ဖြစ်ဖြစ် ကြွက်ဖြစ်ဖြစ် လူတွေကမေတ္တာပေးမှ မေတ္တာရကြတဲ့ သတ္တဝါတွေပါ၊ ကိုယ်ချစ်တာမှတန်ဖိုးထားပြီး သူများချစ်တာကို တန်ဖိုးလို့ မသတ်မှတ်နိုင်ရင်မကောင်းပါဘူး၊ ကိုယ့်အမျိုးအရင်းကြီးတွေကို ကိုယ်ပြန်ပြောရတာမို့လို့. . မကောင်းဘူးလို့ပဲ ပြောပါရစေ၊ ကိုယ့်အမျိုးမဟုတ်လည်း မကောင်းဘူးနော်လို့ပဲ ပြောမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်က ကျွန်တော် တစ်ညနေလုံးတစ်နေ့လုံး ဘာမှ မစားထားမှန်းသိလို့ ဆေးခန်းမသွားခင် ရှမ်းခေါက်ဆွဲဆိုင်မှာ ဝင်ပြီးကျွေးပါတယ်၊ ပြီးမှ ဆေးခန်းဝင်ကြတယ်၊ ဆေးခန်းထဲ ပြန်ထွက်လာမှ ယဉ်ယဉ်လေးတို့ မျက်စောင်းထိုးက ကော်ဖီဘား မှာ ပြန်ထိုင်ဖြစ်ကြပါတယ်။

ရောက်ရောက်ချင်းပဲ မနေ့က ကော်ဖီဘိုးမရှင်းဘဲ ထပြေးကြတာကိုပြောပြီး အကြွေးတောင်းပါတယ်၊ ဆိုတော့ကာ ဦးဇော်က ဒီနေ့အတွက်ပါ တစ်ခါပေါင်းရှင်းပေးလိုက်တယ်။

"ငါ့ . မင်းပေးခိုင်းတဲ့စာကို မင်းဆီမလာခင်လေးပဲ ဝင် ပေးလိုက်တယ် . ."

မှုန်ဝေနေတဲ့ ကျွန်တော့်မျက်လုံးတွေ ကျယ်ကုန်တယ်။

"တကယ်လား . ."

"တကယ်ပါ၊ မင်းပေးခိုင်းလိုက်တာလို့ပြောပြီး ပေးလိုက် တော့ သူ ချက်ချင်းဖွင့်ဖတ်ကြည့်တယ်၊ ပြီးတော့ . . ရယ်ပါလေ ရောလား"

"ဟမ် . . စိတ်မဆိုးဘူးလား"

"ဆိုးစရာလားကွ၊ မင်းဟာက ဘာကြီးမှန်းမှ မသိတာ"

"ဒါပေမယ့် တစ်ဘဝစာလောက် ကြီးကျယ်ခမ်းနားတယ် ဆိုတာ သူတဖြည်းဖြည်း သိလာမှာပါ၊ ပြဿနာက ကျွန်တော် သူ့ဆီမရောက်နိုင်တော့ဘူး"

"ဟေ . . ဘာကြောင့်လဲ"

"ကျွန်တော့် တိရစ္ဆာန်လေးတွေ မရှိတော့ဘူးလေ၊ အစာ



www.burmeseclassic.com

www.burmeseclassic.com



အည်း ဝယ်စရာမလိုတော့ဘူးဆိုတော့"

"ဟာ. . . သူက တစ်သက်လုံး ဆိုင်ထဲကမထွက်တာမှ ဆတုတ်တာ. ."

"ဟုတ်သားပဲ. . မနက် ဆိုင်လာဖွင့်တဲ့အချိန်၊ ည ဆိုင် ပိတ်ပြန်တဲ့အချိန် လိုက်စကားပြောရင် ဖြစ်တာပဲ. ."

"အေးပေ့ါကွ. . အဲ. . အဲ၊ ဟာ. . ဟော့. . ဟော့ကောင်၊ ဒါတူမက အရှက်အကြောက် ကြီးတယ်ကွ၊ အဲ့ဒါတော့မဖြစ်ဘူး"

"ဟင်. . ဒါဆို ကျွန်တော်ဘယ်လိုလုပ်ရမလဲ"

ဦးဇော် ခေါင်းကုတ်တယ်၊ ရှုံ့မဲ့ပြီး မျက်မှန်ချွတ်တယ်၊ ပြီးတော့ တစ်ရှူးတစ်ရွက်လှမ်းနှိုက်ပြီး မျက်ချေးသုတ်တယ်။

အဲ့ဒီနောက်မှ. .

"မင်း စိတ်မနာဘူးလား ခိုင်မြဲ. ."

"ဘာကိုလဲ. ."

"ဒီလောက်လူမှုရေးမသိတဲ့ မိန်းကလေးကို ဘဝအတွက် ယက်တွဲရဲလို့လား"

"ချစ်ရင် ဘာမှမမြင်တော့ဘူးဆိုတာ ဦးဇော်လည်းသိ တာပဲ၊ စိတ်မနာတတ်တဲ့ လူမျိုးတွေထဲမှာ ကျွန်တော်တို့ ဗုဒ္ဓ ဘာသာ ဗမာလူမျိုးက နံပါတ်တစ်ပဲ. . .

မဆိုင်ဘူးလို့မပြောနဲ့ သည်းခံပြီးနားထောင်. . . ရှမ်း မြောက်ဒေသမှာ ပြဿနာရှာသွားတဲ့ ဖုန်ကြားရှင်ကိုပဲကြည့် ဒီလူ ကြီး ဇကပလက်အောက်ခံတပ်မှူးဘဝနဲ့ ကွန်လုံရက်လေးဆယ် ဝဲမှာ ဝင်တိုက်ဖူးတယ်၊ ပြီးတော့ ထွက်ပြေးတယ်၊ နောက် ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com



ချမ်းရေးယူပြီး ကောင်းကောင်းမွန်မွန်နေချင်ပါတယ်ဆိုလို့ မြန်မာအစိုးရအနေနဲ့ ခွင့်လွှတ်ပြီး နေခွင့်ပေးလိုက်တယ်၊ မကြာဘူး မူးယစ်ကိစ္စနဲ့ ရဲတွေသတ်ပြီး ပြန်ထွက်ပြေးတယ်၊ အဲ့ဒါကိုလည်း ကြံ့ခိုင်ရေးအစိုးရလက်ထက်မှာ လွတ်ငြိမ်းချမ်းသာခွင့်ပေးတယ်၊ ဒါကို ဒီလူတွေ တရုတ်ပြည်နဲ့ မိုင်းလားအထူးဒေသဖက် ရှောင်ပြီး စစ်ရေးပြင်ဆင်တယ်၊ မြန်မာအစိုးရကို တရုတ်မီဒီယာကနေ တရားဝင်စစ်ကြေညာပြီး ကိုးကန့်ဒေသကို ဝင်တိုက်တယ်၊ မြန်မာအစိုးရက သူပုန်ကို သူပုန်လိုဆက်ဆံပြတော့ မတရားအနိုင်ကျင့်သလိုလို သတင်းထုတ်တယ်၊ ပြန်စဉ်းစားကြည့်ရင် ဖုန်ကြားရှင်ဆိုတာ တရုတ်လူမျိုးစစ်စစ်ပဲ၊ ဒီလူတွေ မွေးကတည်းက အခုလို အိုကြီးအိုမအရွယ်အထိ တိုင်းပြည်ကို ဘယ်လိုဖျက်ရမလဲပဲ စဉ်းစားလာတာ၊ ဒါကို ကျွန်တော်တို့စိတ်မနာနိုင်တာ ဘာကြောင့်လဲ. . .

ထားပါ. . နောက်ထပ် UWSA တို့ KIA၊ TNLA တို့ ဟို AA ဆိုတဲ့ ခွေးမွေးလို့ ခွေးပေါက်ဖြစ်တဲ့ကောင်တွေပါ နိုင်ငံက ကြည့်ရှုစောင့်ရှောက်ထားတဲ့ကျေးဇူးကို ခွေးလိုပြန်ဆပ်နေကြတာ၊ ဒါတောင် စိတ်မနာနိုင်ဘဲ ချော့တစ်ခါ ခြောက်တစ်လှည့်နဲ့ အခု လာပြန်ပြီး ကုလားတွေ. .၊ သူတို့မျိုးရင်းစိတ်တွေရှိနေတဲ့ ကုလားပြည်တွေမှာ ခွေးတိုးဝက်ဝင် နေနေရတဲ့ဘဝနဲ့ ဒီတိုင်းပြည်မှာ အေးအေးချမ်း ချမ်းနေနေရတဲ့ဘဝကိုယှဉ်ပြီး ကောင်းကောင်းမွန်မွန်နေမယ် စိတ်မကူးဘူး၊ ဒါလည်း ဘာသာခြားအားလုံးကို မဆိုလိုဘူး၊ တစ်ချို့ဘာသာခြား ကုလားတွေ အမှန်ကို



www.burmeseclassic.com

www.burmeseclassic.com



သိပြီး အမှန်တရားနဲ့ အေးချမ်းစွာနေလိုကြတဲ့ ဆန္ဒတွေရှိကြတယ်၊ ဒါပေမယ့် ခွေးဇာတ်ခင်းချင်နေကြတဲ့ အကြမ်းဖက်နောက်လိုက်တွေရှိတယ်၊ အဲ့ဒီကောင်တွေကြောင့် သူတို့ပါ ကျိုးလန့်စားစား ဖြစ်နေကြရတယ်. . .

ပြောချင်တာက ဒါ ဗုဒ္ဓဘာသာ မြန်မာပြည်ဗျ၊ အခုပါကစ္စတန်တို့ အာဖဂန်နစ္စတန်တို့မှာ လုပ်ကြံသတင်းလွှင့်နေတဲ့အတိုင်း ဗုဒ္ဓဘာသာဝင်တွေက မူဆလင်တွေကို သတ်နေပါတယ်ဆိုတာကို တကယ်သာလုပ်ရရင် မြန်မာပြည် အနံအလျားက မူဆလင်တွေအားလုံးကို တစ်လအတွင်း မျိုးဖြုတ်ပစ်လိုက်လို့ရတယ်၊ ဒါပေမယ့် မြန်မာဗျ. . ဗုဒ္ဓကိုးကွယ်တာဗျ. . သနားတတ်တယ် စိတ်မှတ်မရှိဘူး၊ ရခိုင်ပြည်နယ်တစ်ခြမ်းလည်း ဘင်္ဂလားတွေ ခိုးဝင်နေတာ ပြည့်သလောက်ဖြစ်နေပြီ၊ စိတ်မနာနိုင်ဘူး၊ လဝကကတောင် မှတ်ပုံတင်တွေ ခိုးလုပ်ပေးရှာတယ် သနားလို့. . .

ပင်လယ်ထဲမျောနေတဲ့ကုလားတွေ သူတို့လူမျိုးအချင်းချင်းနိုင်ငံတွေကတောင် ပင်လယ်ထဲမှာ အပြတ်ရှင်းတာ၊ မြန်မာက ခေါ်လာပြီး ဆေးကုပေး အစာရေစာပေး ဝတ်ကောင်းစားလှပေးပြီး သူတို့တိုင်းပြည်ကို ပြန်ပို့ပေးတယ်. . စိတ်မနာဘူး၊ ကိုယ့်ကို ဂျိဟတ်လုပ်နေပြီ. . စိတ်မနာဘူး၊ ကိုယ့်ခြံစည်းရိုးကို ဖြတိုးနေပြီ. . စိတ်မနာဘူး၊ ကိုယ့်လူမျိုး မိန်းကလေးတွေကို အဓမ္မကျင့်သတ်ဖြတ်. . ဒါလည်း စိတ်မနာနိုင်ဘူး၊ လွှတ်တော်ထဲမှာတောင် ဘင်္ဂလီတွေ ရောက်ခဲ့သေးတယ်. . စိတ်မနာဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်းဟာက ပြောရင်းနဲ့ နိုင်ငံရေးတွေ ပါကုန်ပြီး . . တော်တော့"

"ဗုဒ္ဓဘာသာ မြန်မာလူမျိုး စိတ်မနာတတ်တာကို ပြော နေတာ . . အဲ့ဒါကြောင့် သည်းခံပြီးနားထောင်လို့ပြောတာ"

"ပြောလည်းတိုးတိုးပြောကွ . . ချီးပဲ၊ အခု မင်းထိုင်နေတဲ့ ကော်ဖီဆိုင်က ၇၈၆ ဆိုင်လေကွာ"

"ကျွန်တော်စကားကို ရမ်းမပြောဘူး၊ ဘာသာခြား အား လုံးလို့ ကျွန်တော်မပြောဘူး၊ တစ်ချို့က ငြိမ်းငြိမ်းချမ်းချမ်း နေနေ ရတဲ့ ကျေးဇူးတရားကိုသိတယ်၊ ဒါကြောင့် သူတို့ကိုယ်တိုင် သင့် မြတ်အောင်ကြိုးစားပြီး နေနေကြတယ်၊ အဲ့ဒီအထဲမှာ အကြမ်း ဖက်မှုင်းတိုက်ခံထားရတဲ့ကောင်တွေ ချိုကြွနေတာ၊ သူတို့ကြောင့် လူကောင်းတွေပါ ဒုက္ခရောက်နေရပြီလို့ ပြောတာ၊ ဒါကိုမှ နား မလည်ရင် မတတ်နိုင်ဘူး၊ ကျွန်တော်က မြန်မာပဲ . . ရှင်းရှင်းပဲ"

ဆိုတော့ကာ . . ဆိုင်ရှင်အန်ကယ်ကြီး မနေနိုင်တော့ဘဲ ကျွန်တော်တို့ဆီ ရောက်လာကာ . . .

"ငါ့တူပြောတာ ဦးလေးလက်ခံတယ်၊ ဘင်္ဂလားဒေ့ရှ်က စစ်ကိုင်းတိုင်းလောက်ပဲရှိတာ၊ လူဦးရေ သန်းနှစ်ရာကျော်တယ်၊ ဘယ်လိုနေကြမလဲ၊ ဒီမှာနေ့ာ် အားလုံးအေးဆေးပဲ၊ ဦးလေးအ ရမ်းသဘောကျတယ်၊ ဦးလေးတို့အဘိုးက အင်္ဂလိပ်နဲ့ပါလာပြီး ဒီကိုရောက်လာတာ၊ ဒီမှာ အိမ်ထောင်ကျတယ်၊ လွတ်လပ်ရေး ရတော့ ဒီမှာပဲနေခဲ့ကြတယ်၊ ဦးလေးက မူဆလင်အစစ်ပဲ၊ ဒါပေ မယ့် . . ဒါ ဦးလေးတို့တိုင်းပြည်၊ ဦးလေးတို့ တိုင်းပြည်နဲ့ ဥပဒေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုကို လေးစားရမယ်၊ အဲ့ဒါ ဦးလေးတို့ ခံယူချက်ပဲ. .၊ ဒါကြောင့် ငါ့တူပြောတာ မှန်တယ်၊ လွတ်လွတ်လပ်လပ်ပြော ရတယ်"

"ကဲ. . ဦးဇော် ကြားတယ်နော်၊ ဆက်ပြောရရင် မြန်မာတွေစိတ်မနာနိုင်တာ ဘာကြောင့်လဲသိလား၊ ဟောဒီ အန်ကယ်တို့လို လူကောင်းတွေ ထိခိုက်နစ်နာမှာစိုးလို့ သည်းခံစောင့်စည်းနေရတာ၊ အခု ယဉ်ယဉ်လေးနဲ့ ပတ်သက်တာလည်း ဒီလိုပဲ. . ဦးဇော်လို လူကောင်းတွေ စိတ်အနှောင့်အယှက်ဖြစ်မှာစိုးလို့ စိတ်မနာတာ"

"ဘာမှမဆိုင်ဘူး ဟေ့ကောင်"

"မယုံရင်. . ယဉ်ယဉ်လေးကိုခေါ်လာပြီး ကျွန်တော့်ကို ခတ်တည်တည်နဲ့ပါးရိုက်ခိုင်း၊ ရိုက်ပြီးမှ. . 'အဟီး. . နောက်တာ' လို့ ပြုံးပြီးပြော. . ကျွန်တော်လည်း ပါးလေးပွတ်ပြီး ကျေနပ်မှာ အမှန်ပဲဗျ. ."

"တောက်. . သောတာပန်နဲ့ လာတွေ့နေပြီထင်တယ်"

"ဟုတ်တယ်. . အဲ့ဒါကြောင့် ဦးဇော်တူမ သက်သာနေတာ၊ မဟုတ်လို့ကတော့ အဲ့သလောက် အရှက်အကြောက်ကြီးတဲ့ မိန်းကလေးမျိုး တစ်ခါတည်း လက်ဆွဲပြီးပြေး. . ပွဲသိမ်းပြီ"

"ဟကောင်. . ဟကောင်. . အဲ့သလို ခွေးစိတ်ပေါက်လာလို့ကတော့ ငါကလည်း ခွေးရိုက်သလို ရိုက်ပစ်မှာနော်. .၊ ညာလိမ့်မယ်မထင်နဲ့. ."

"သဘောပြောတာပါ၊ ကျွန်တော်ကလည်း ကိုယ့်ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပျက်အောင် လုပ်ပါ့မလား”

ဦးဇော် အသံတိတ်ဆဲပြီး ကော်ဖီသောက်တယ်။

“ကျွန်တော်လည်း ငြီးငွေ့နေပါပြီ”

“ဘာကိုလဲ. . ”

“ဩော်. . . တစ်နေ့တစ်နေ့ သူ့ဦးလေးကိုပဲ ရည်းစားစကား ခွပြောနေရတာကိုပါ. . ”

“ဘာ. . ငါတယ်လေ. . မင်းတော့”

“ဦးဇော်လည်း ငြီးငွေ့မှာပဲလေ”

“စိတ်ကိုညစ်နေတာ. . ”

“သိတယ်. . အဲ့ဒါကြောင့် လူကြီးချင်းပဲ. . ”

“ဒီကောင်တော့ ငါ့ကို တရားမမှုကနေ ရာဇဝတ်မှုဖြစ်အောင်လုပ်နေပြီ. .၊ ကဲ. . ပြန်မယ် ငါလိုက်ပို့မယ်”

“ရပြီ. . ဦးဇော်ပြန်နှင့်တော့ ကျွန်တော်အိမ်ထဲမဝင်ချင်သေးလို့ ဆက်ထိုင်လိုက်ဦးမယ်”

ဦးဇော်ပြန်သွားမှ ကျွန်တော်လည်း စိတ်ရောလူပါပစ်ချပြီး ပြန်ထိုင်နေလိုက်တော့တယ်၊ ခါတိုင်းတော့ အိမ်ပြန်ရောက်ရင် တိရစ္ဆာန်လေးတွေနဲ့ မပျင်းရဘူးမဟုတ်လား၊ ခုတော့ ပြန်သွားရင် ပျင်းစရာရော စိတ်မကောင်းစရာပါ အခန်းထဲမှာ ပြည့်နေလို့ ကျွန်တော် ပြန်ချင်စိတ်မရှိတာပါ။

ကျွန်တော်ထိုင်နေတဲ့ ကော်ဖီဘားလေးဟာ ထိုင်ဖူးသမျှထဲမှာတော့ အငြိမ်သက်ဆုံးနဲ့ အအေးချမ်းဆုံးပါပဲ၊ အဲကွန်းဖွင့်ထားလို့ ဝိုးဝါးစိမ့်ကျနေတဲ့ ရေခဲငွေ့တွေကြားမှာ ဘုန်ဂျိဘိရဲ့



www.burmeseclassic.com

www.burmeseclassic.com



တေးသွားတစ်ပုဒ်ကို ညှိရီရီလေး ဖွင့်ပေးထားပါတယ်။

ပုံမှန်ထိုင်နေကျ လက်ဘက်ရည်ဆိုင်တွေလိုမျိုး 'ဝမ်းတီးကျဆိမ့် ဘယ်ညာတွဲလုံးလာမယ်၊ မုန့်ချပေး၊ ဟိုကောင်တွေ ဘာလုပ်နေတာလဲ၊ ဧည့်သည်ဝင်လာပြီ နေရာပေး. .' ဆိုတာမျိုး၊ တောမင်္ဂလာဆောင်မှာသုံးတဲ့ ဘိုးတော်ဦးဝိုင်း ဆောင်းဘောက်ကြီးတွေ ထောင်ပြီး ဟစ်ပေါ့ ဟစ်ဟော့နေတာမျိုး၊ သီချင်းသံ၊ လူသံ၊ အော်ဟစ်သံ၊ လမ်းမကဖြတ်သွားတဲ့ ကားသံတွေ ဆူညံရောထွေးပြီး ချွေးတလုံးလုံးနဲ့ ထိုင်နေရမျိုး လုံးဝရှိမနေဘဲ သပ်ရပ်သန့်ရှင်းတဲ့ နံရံတွေကြားမှာ မှန်ကြည့်လို့ရတဲ့ ကျွန်းစားပွဲအမြင့်၊ ထိုင်ခုံအမြင့်နဲ့ နီရွှန်မီးရောင် ပိုးရီလေးအောက်မှာ မွှေးပျံ့ခါးဆိမ့်တဲ့ ကော်ဖီအရသာကို ငြိမ်းချမ်းအေးမြစွာ ခံစားခွင့်ရနေခဲ့တာပါ။

အပြင်မှာ အလင်းရောင်ကောင်းစွာရနေသေးတဲ့ အချိန်မျိုးဆို ဆိုင်ရှေ့မျက်နှာစာအပြည့်ကာရံထားတဲ့ မှန်ချပ်ကြီးဟာ အပြင်မှာဘက်က သဘာဝအတိုင်းလှုပ်ရှားသွားလာနေမှုမြင်ကွင်းကို သုံးဘက်မြင် ပရိုဂျက်တာတစ်ခုအဖြစ် မြင်နိုင်ခွင့်မျိုးရနေပါသေးတယ်။

အခု ကျွန်တော်ဟာ အဲ့သလို ငြိမ်သက်ပြည့်စုံတဲ့နေရာမှာ ရောက်ရှိနေပြီး ဝမ်းနည်းခြင်းနဲ့ ပျော်ရွှင်ခြင်းကို အချိုးကျရောစပ်ထားတဲ့စိတ်နဲ့ ထိုင်နေခဲ့တာပါ။

တစ်ခါတစ်ရံလူ့စိတ်ဟာ ကျင့်ကြံအားထုတ်စရာမလိုဘဲ အံ့ဩစရာကောင်းလောက်အောင် တည်ငြိမ်သွားတတ်ပါတယ်။ ဒါပေမယ့် တရားမမွှေအားထုတ်သူတွေလို 'သတိ'လေး ကပ်မနေ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်မှာ ကိုယ့်ဝိညာဉ်မရှိတော့သလို ဖြစ်သွားတာမျိုးပါ။ အဲ့ဒါကို 'ငူငူငေါင်ငေါင်'ကြီးလို့ တချို့က ဝိသေသပြုကြပါတယ်။

ကျွန်တော့်ရဲ့လက်ရှိအခြေအနေဟာ အဲ့ဒီအတိုင်းဖြစ်နေတယ်ပဲဆိုပါတော့၊ အဲ့ဒီအချိန်မှာ ဆိုင်ရှေ့အဝင်တံခါးလေး လျှောခနဲ ဘေးတိုက်ပွင့်သွားတာကို ကျွန်တော်မြင်နေရပါတယ်၊ တစ်စုံတစ်ယောက်သောသူက အပြင်ဖက်ကနေ တွန်းဖွင့်လိုက်တာပါ။

ဖွင့်ဝင်ပြီး ပြန်ပိတ်မှ တစ်စုံတစ်ယောက်မဟုတ်ပါပဲ တစ်စုံနှစ်ယောက်ဖြစ်နေတာကို သိမြင်ရပြီး . . အမျိုးသမီးတစ်ယောက်အမျိုးသားတစ်ယောက်ပါ၊ အမျိုးသားက အနည်းငယ်ဝဖိုင့်ပြီးအရပ်လည်း အတော်မြင့်ပါတယ်၊ ရွှေနီရောင်ဆိုးထားတဲ့ ဆံပင်ကလည်း ဂုတ်ထောက်အောင်ရှည်ပါတယ်၊ အမှတ်တမဲ့ကြည့်ရင်အဆိုတော် ဇော်ပိုင်နဲ့တောင် ခပ်ဆင်ဆင်ပါ၊ အဝတ်အစားကတော့ အကောင်းစားဘောင်းဘီ၊ အကောင်းစား စပို့ရှပ်ဆိုတာအမှောင်ထဲမှာကြည့်ရင်တောင် သိနိုင်မယ်ထင်ပါတယ်။

သူတို့နှစ်ယောက်က အဝင်ဝနဲ့နီးကပ်တဲ့စားပွဲမှာပဲ ထိုင်လိုက်တဲ့အတွက် ကျွန်တော့်အကြည့်ဟာလည်း ထိုသူနဲ့အတူဝင်လာတဲ့ အမျိုးသမီးဆီ အကြည့်ရောက်သွားပါတယ်။

"ဒိန်း!. ."

"ဒုန်း!. ."

"ခလွမ်း!. . . လွမ်. . . လွမ်. . ."

မစိုးရိမ်ပါနဲ့ ပရိသတ်. .။ ဒီလို ကြောက်မက်ဖွယ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့ မြည်ဟိန်းသံကြီးက ကျွန်တော့်တစ်ယောက်ထဲသာ မချိုမဆုံကြားနိုင်တဲ့ ကျွန်တော့်ရင်ထဲကအသံပါ။ 'ခလွမ်း' ဆိုတာ ကျွန်တော်သောက်ဖို့ မ,ယူလိုက်တဲ့ ကော်ဖီခွက်လေး လက်ထဲက လွတ်ကျသွားတာပါ။

ဒီလိုဖြစ်သွားရတဲ့ အကြောင်းကတော့.. ကျွန်တော် အကြည့်ရွေ့သွားလို့ မြင်လိုက်ရတဲ့အမျိုးသမီးဆိုတာ ကျွန်တော် အင်မတန် ချစ်မြတ်နိုးလှတဲ့ 'ယဉ်ယဉ်လေး' ဖြစ်နေလို့ပါပဲ၊ သူမ မှာ ဒီလိုစတိုင်လ်ကျတဲ့ အမျိုးသားအဖော်တစ်ယောက် ရှိလိမ့် မယ်လို့ ဘယ်တုန်းကမှ တွေးထင်မထားလို့ပါပဲ၊ ဒီလိုမြင်ရလိမ့် မယ်လို့ မထင်မိလို့ပါပဲ။

တစ်ချိန်တည်းမှာပဲ လွင့်ပြာနေတဲ့ ကျွန်တော့်စိတ်အစဉ် တာ ကျွန်တော့်ခန္ဓာကိုယ်ထဲ လစ်ခနဲဝင်ပူးကပ်ပြီး မည်းမှောင် သွားပါတယ်၊ အဲ့ဒီအချိန်မှာ ကမ္ဘာကြီးတစ်ခုလုံး တုန်ခါနေတယ် လို့ပြောရင် ကျေးဇူးပြုပြီး ယုံကြည်ပေးကြပါ၊ ဒါဟာ ကျွန်တော့် တစ်ဘဝစာလောက် ကမ္ဘာပျက်သွားတဲ့ မြင်ကွင်းပါ။

ပန်းကန်ကျကွဲတဲ့အသံက တိတ်ဆိတ်တဲ့ဘားခန်းထဲ လိုက် လောက်တဲ့ ဆူညံမှုကိုပေးစွမ်းတဲ့အတွက် စားပွဲထိုးတစ်ယောက် ပြေးလာပြီး ရှင်းလင်းပေးပါတယ်၊ ကျွန်တော့်ကိုလည်း ထိခိုက်နာ ကျင်မှု ရှိမရှိကို စိုးရိမ်တဲ့ ဂရုစိုက်တဲ့လေသံမျိုးနဲ့ ယဉ်ကျေးစွာ မေးပါတယ်၊ ကျွန်တော် တောင်းပန်လိုက်တယ်၊ လက်တစ် ချောင်းလုံး ပတ်တီးပြည့်နေတဲ့ ကျွန်တော့်အပေါ်မှာ နားလည် ခွင့်လွှတ်ပေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကွဲရတာဟာ ဒဏ်ရာရနေတဲ့ လက်ကြောင့်လို့ ဆိုင်ကလူတွေ ထင်နေကြပေမယ့် တကယ့်အဖြစ်မှန်က ဒဏ်ရာရထားတဲ့ ဘယ်လက်ကြောင့် မဟုတ်ပါဘူး . ။ ညာဘက်လက်ကောင်းကောင်းကြီးကနေ လွှတ်ထွက်သွားတာပါ။

အင်းလေ . . ဒီလိုအဖြစ်မျိုးကြုံလာရင် ကိုယ်ကျင့်တရားကောင်းကောင်းကြီးတွေတောင် လွှတ်ထွက်တတ်ကြသေးတာပဲ၊ ပန်းကန်လုံးလေးလောက်ကတော့ . . . ။

ရင်ထဲမှာ တွန့်လိမ်လူးလွန့်နေတဲ့စိတ်ကို နာကျင်မှုနဲ့ မိန်းမောသွားအောင် ကျွန်တော် အချိန်အနည်းငယ်စောင့်ဆိုင်းလိုက်ရပါတယ်၊ အဲ့ဒီအချိန်အတွင်း သူမတို့စကားပြောသံကို ကျွန်တော်ကြားရပါတယ်၊ ကံဆိုးချင်တော့ ကျွန်တော်နဲ့မျက်နှာချင်းဆိုင်လို ဖြစ်နေတဲ့ သူမမျက်နှာကို ခပ်ပြောင်ပြောင်မြင်နေရတာပါ။

"ငါ သတိရတယ်ဟ . . . ယဉ်လေးရ၊ ရောက်ရောက်ချင်း ဟိုမှာအထိုင်ကျဖို့ အလုပ်ရဖို့က စိတ်ကို အလွတ်မပေးဘူးလေ"

"အင်းပေါ့ . ."

"ဒါနဲ့ . . နင် ရည်းစားတွေဘာတွေရနေပြီလား"

"အင်း . . စာပေးတဲ့သူတော့ရှိနေပြီလေ"

အဲ့ဒီစကားကို သူမက ကျွန်တော့်မျက်နှာကိုလှမ်းကြည့်ပြီး ပြောလိုက်လို့ ကျွန်တော့်တစ်ကိုယ်လုံး ယိမ်းထိုးသွားတယ်၊ ပယ်နယ်တီအကွာအဝေးလောက်ကို အားနဲ့ကန်သွင်းခံလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ. . .။

"နင်. . နင် ပြန်ကြိုက်လိုက်ပြီလား"

"စဉ်းစားတုန်းပဲ. ."

"ဘယ်သူလဲ. . ငါတို့ အတန်းဖော်တွေထဲကပဲလား"

"ဟင့်အင်း. . နင်မသိတဲ့တစ်ယောက်ပါ"

"ငါ့ကိုတစ်ခါလောက်ပြပါလား၊ ငါ ဒီမှာ တစ်လလောက် ကြာမှာဆိုတော့လေ"

"အင်း. . ပြမယ်လေ၊ အခုတောင် သူပေးတဲ့စာ ငါ့မှာပါ လာသေးတယ်၊ နင်ကြည့်မလား. ."

သူမ ပြောရင်း စာထုတ်ပေးတော့ ဟိုတစ်ယောက်က လည်း ခပ်သွက်သွက်ယူပြီး ဖွင့်ကြည့်ပါတယ်၊ 'ရည်းစားစာ' လို့ ဆော့ပင်နဲ့ ရေးထားတဲ့စာလုံးကြီးကို ကျွန်တော်တောင်လှမ်းမြင် နေရပါတယ်၊ စိတ်ထဲမှာ အရှင်လတ်လတ် မီးရှို့ခံနေရတယ်လို့ လည်း ခံစားနေရတယ်။

ယဉ်လေး. . ဘာလုပ်တာလဲ. . . ငါ့ကို သက်သက်မဲ့ နောက်ပြောင်နေတာလား. . .။

"ဘာလဲဟ. . ဒီကောင် ကြောင်ပဲ"

"မသိဘူးလေ. . သူ့အတွက်တော့ အဓိပ္ပါယ်ရှိချင် ရှိနေ မှာပေါ့၊ ဘာပဲပြောပြော ငါဖတ်ဖူးတဲ့ရည်းစားစာတွေထဲမှာတော့ ဒီစာတစ်စောင်ကို သဘောကျတယ်"

"ဟေ. . ဘာလို့လဲ"

"စိတ်အညောင်းသက်သာတယ်. . လိုရင်းကို ထိထိမိမိ



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်တယ် . . ”

“အာ . . ငါနားမလည်တော့ဘူး ယဉ်လေးရာ၊ ငါ့စိတ်ထဲမှာတော့ ဒီစာကိုရေးပေးတဲ့ကောင်လောက် ကြောင်တာ မရှိတော့ဘူး၊ ရေးပါဦးတော့လား တဖွဲ့တနွဲ့ . . ၊ ကိုယ်မြတ်နိုးတဲ့သူကို ဒီလို ကရော်ကမယ်လုပ်စရာလား”

အေး . . မင်းနှမကိုကျမှ ရှယ်ရေးပေးမယ် . . ၊ မဟုတ်ဘူး ငါ့အစ်ကိုရေးထားတဲ့ ဖိုင်တွဲတစ်ခုလုံး လိုက်ပေးမယ်ကွ . . ။

လို့ ကျွန်တော့်စိတ်က ချဉ်တူးတူးတွေးပစ်လိုက်ပါတယ်၊ ဒီနေရာမှာ ယဉ်လေးရဲ့ ‘သဘောကျတယ်’ဆိုတဲ့ ဆန္ဒပြမှုမျိုး ကျွန်တော်မကြားမိရင် အဲ့ဒီလဒကို ထထုပစ်မိတော့မှာပါ။

“အဲ့ဒီကောင်က ဘယ်မှာနေတာလဲ”

“ဒီရပ်ကွက်ထဲကပါပဲ . . ”

“ဟာ . . ငတုံးပဲဟ . . ဒီကောင် အမ်းဒိတ်ပဲ၊ လက်ဖက်ရည်ဆိုင်၊ စာအုပ်ဆိုင်၊ ဖုန်းဆိုင်၊ စတိုးဆိုင်တို့မှာ ကောင်မလေးလှလှတစ်ယောက်ယောက်မြင်ရင် ကိုယ်ကြိုက်တာ စာပေးတာတို့က ဆယ်စုနှစ် နှစ်ဆက်စာလောက် ကျန်ခဲ့ပြီဟ . . ၊ ထားလိုက် စမ်းပါဟာ အဲ့ဒီအရေးမပါတဲ့ အမ်းဒိတ်ကောင်ကိုများ နင်က စဉ်းစားနေသေးတယ် . . ”

“ဒါပေမယ့် . . မဆိုးပါဘူး၊ အသည်းငယ်တာကလွဲလို့ သဘောထားကြီးမယ့်ပုံပဲ၊ ခုနေ နင်နဲ့ငါနဲ့ တွဲထိုင်နေတာမြင်ရင် သူဘယ်လိုနေမယ်တော့မသိဘူး”

“အဲ့ဒါထားလိုက်တော့ ယဉ်လေး၊ ငါအခုပြန်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စတစ်ခုပဲရှိတယ်၊ အဲ့ဒီအတွက် မိုင်ထောင်ချီဝေးတဲ့ခရီးကို နှင်လာခဲ့တာ၊ တစ်နေ့ဒေါ် လာငါးရာရတဲ့အလုပ်ကို လန့်ချိပြီး ပစ်ချထားခဲ့လိုက်တာ. ."

"ဘုရားရေ. . ကြီးကျယ်ခမ်းနားလိုက်တာ"

"ဖြစ်နိုင်ရင် လေယာဉ်စင်းလုံးငှားပြီး လာခဲ့ချင်တာပါ"

"ပြောပါဦး ဘာကိစ္စမို့လို့လဲ"

"နင့်ကို လက်ထပ်ခွင့်တောင်းဖို့လေ. ."

"ဟင်!. ."

သူမ အကြည့်တွေ ကျွန်တော့်ထံ လွင့်ပျံလာပါတယ်၊ ကျွန်တော့်ရဲ့ သေအံ့မူးမူး မေ့မိန်းစပြုနေတဲ့ စိတ်ဟာလည်း အနာပေါ် တုတ်ကျသလို ဟစ်ဟစ် ပြန်ဖြစ်သွားပါတယ်၊ အဲ့ဒီနောက် ရဲစိုနေတဲ့သူမမျက်နှာလေး ငုံ့ကျသွားပြီး. . .။

"နင်ဘယ်တုန်းကမှ ငါ့ကို ချစ်တယ်လို့လည်း မပြောဖူးဘဲနဲ့"

"အဲ့ဒါက အကင်းလောက်ပါ ယဉ်လေးရာ၊ လက်ထပ်ပြီဆိုမှတော့ ချစ်တာရော သစ္စာရော တစ်စုတစ်စည်းတည်း ပေါင်းပြီးသားလေဟာ. . ."

"ငါ. . ငါစဉ်းစားမယ်လေ. ."

အဲ့ဒီအခိုက်မှာပဲ စားပွဲစွန်းပေါ် တင်ထားတဲ့ သူမ လက်သီးဆုပ်ကလေးကို ဟိုတစ်ယောက် လှမ်းဆုပ်ကိုင်လိုက်တဲ့အတွက် ကျွန်တော်လည်း ထိုင်နေရာကနေ မြောက်ခနဲ ထရပ်မိသား ဖြစ်သွားပါတယ်၊ ဒါကို သူမမြင်ပြီး လက်ကို ရုက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ရှန်းဖယ်လိုက်နိုင်လို့ ကျွန်တော်လည်း ပြန်ထိုင်ကျသွားတယ်။

ဘာလုပ်တာလဲ ယဉ်ယဉ်လေး ကျွန်တော့်နှလုံးသားကို စမ်းသပ်ခန်းထဲ ပစ်ထည့်နေတာလား၊ ကျွန်တော်လည်း သွေးနဲ့ကိုယ် အသားနဲ့ကိုယ်ဆိုတာ စဉ်းစားပါဦးဗျာ၊ ခံနိုင်ရည်မရှိတော့တဲ့အချိန်မှာ ကျွန်တော်ဘာလုပ်မိမလဲ၊ ဘယ်လိုဖြစ်သွားမလဲဆိုတာ မတွေးတတ်ဘူးနော်။

"ကျော်မိုးသက်. ."

"အင်း. . ပြော"

"နင်. . ဘယ်လောက်အထိ မျှော်လင့်ထားသလဲ"

"ငါတို့ မြန်မာပြည်မှာလက်ထပ်မယ်၊ အော်စီမှာ ညည့်ခံပွဲကျင်းပမယ်၊ ဟိုမှာ ဒီထက်အဆင့်မြင့်တဲ့ စတိုးဆိုင်ကြီးတစ်ဆိုင်ထူထောင်ပေးမယ်"

"ဒါပဲလား"

"နင့်အဖွားနဲ့ အမေ့ကို ခေါ်ချင်ရင်တစ်ခါတည်း ခေါ်သွားပေးမယ်. ."

"ပြီးတော့ရော. ."

"ကလေးတွေအများကြီးမွေးမယ်. . အဟဲဟဲဟဲ. ."

"ကောင်းပါတယ်. . နင့်အစီစဉ်နဲ့ နင့်မျှော်လင့်ချက် အတွက် လူသားတစ်ယောက်မဟုတ်ဘဲ စက်ရုပ်တစ်ရုပ်ဆိုရင် ပိုပြီးပြည့်စုံမယ်"

"ဟမ်. . နင်. . နင် ဘာကိုဆိုလိုတာလဲ"

"နင်တွေးကြည့်လေ. . . လူဟာ ခံစားမှုနဲ့အသက်ရှင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် ခံစားမှုအတွက်နေရာမပေးတဲ့ ရုပ်ဝါဒီစိတ်ကူးအပေါ်မှာ စက်ရုပ်က ပိုပြီးမသင့်တော်ဘူးလား၊ နှင့်အတွက် ငါ့စိတ်ကူးကိုပြောရရင် ဂျပန်မှာ အိမ်ရှင်မ ရှိဘော့တစ်ရုပ်လောက်မှာပြီး ပေါင်းသင်းသင့်တယ်. . ”

ဘယ်လိုကြောင့်လဲတော့ မပြောတတ်ဘူး နှာမှုတ်သံရှူးခနဲ တစ်ချက်ထွက်ပေါ်လာပြီး ကျော်မိုးသက်ဆိုသော လူခန့်ကြီး ဝုန်းခနဲ မတ်တပ်ရပ်သွားတယ်။

“ကျေးဇူးပဲ ယဉ်လေး၊ ငါ အချိန်မကုန်ဘဲ နှင့်စိတ်ကိုသိလိုက်ရတဲ့အတွက်ပါ။ ငါနေတဲ့တိုင်းပြည်မှာတော့ စိတ်ကူးယဉ်ဖို့အချိန်မရှိဘူးကွ၊ ငါသွားပြီ. . . ”

ပြောပြောဆိုဆို စိတ်ဆိုးမာန်ဆိုးနဲ့ တံခါးကိုတောင် ခပ်ကြမ်းကြမ်းတွန်းဖွင့်ထွက်ပြီး ပြန်ပိတ်မသွားတဲ့ နိုင်ငံကြီးသားကြောင့် စားပွဲထိုးတစ်ယောက် အပြေးအလွှား သွားပြန်ပိတ်လိုက်ရတယ်။

သူမ ပခုံးတွန့်ပြုံးလိုက်ပြီး စားပွဲထိုးလေးကို ကျသင့်ငွေရှင်းပေးလိုက်တယ်၊ ပြီးမှ ကျွန်တော်ထိုင်နေတဲ့ဝိုင်းဆီ လျှောက်လာပြီး ဝင်ထိုင်လို့ ကျွန်တော် အံ့အားသင့်သွားပါတယ်။

“ရှင့်ဒဏ်ရာ ဘယ်လိုနေသေးလဲဟင်”

“ဗျာ. . အင်း. . ကောင်းပါတယ်”

“ရှင်စိတ်ဆိုးနေမလား မသိပေမယ့် တောင်းပန်ပါတယ်၊ အဲ့ဒီနေ့က ထူပူပြီး ဘာမှမပြောမိခဲ့လို့လေ၊ ဆိုင်ရောက်မှ ဦးထုပ်ကို ပြန်လွှတ်လိုက်သေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပြီးပါပြီ. ."

"အခုလည်း ဦးဇော်က ရှင်ဆိုင်ထဲမှာထိုင်ကျန်ခဲ့တယ်ဆိုလို့ ကျွန်မ ဦးဇော်ကိုဆိုင်မှာထားခဲ့ပြီး ရှင့်ဆီထွက်လာခဲ့တာပါ။ ဆိုင်ကထွက်လာမှ ဧည့်သည်ရောက်လာလို့ ဧည့်သည်ကိုအရင် ဧည့်ခံလိုက်ရတာ. ."

ကျွန်တော် ဘာမှမပြောပေမယ့် သူမ အတွေးနဲ့သူမ ပြုံးပြန်ပါတယ်။

ပြီးမှ. . .

"ဒါလည်း ရှင့်အတွက် စိတ်မကောင်းစရာပါပဲ၊ ဘာကြောင့် ရှင့်ကိစ္စကို နောက်ကျပြီးမှ လုပ်ခွင့်ရနေသလဲဆိုတာ ကျွန်မလည်း မပြောပြတတ်တော့ဘူး"

အဲ့ဒီနောက် သူမက ကျွန်တော်ပေးထားသော ရည်းစားစာကို ကျွန်တော့်ရှေ့ ပြန်ချပေးလိုက်တယ်။

"ကျွန်မဘဝမှာ ယောကျ်ားတွေရဲ့စိတ်ဝင်စားမှု၊ ခုလို မေတ္တာရှိကြောင်း အသိပေးတောင်းခံမှုတွေ အများကြီး ကြုံခဲ့ရပါတယ်၊ ခုချိန်ထိပဲဆိုပါတော့၊ ဒါပေမယ့် အားလုံးနီးပါး စိတ်ထဲမှာ ကျန်မနေခဲ့ဘူး၊ ရှိလည်းမရှိချင်ခဲ့ဘူးလေ၊ ဒါဟာ ဘဝရဲ့ ခံစားချက်တွေနဲ့ သက်ဆိုင်ပါတယ်. .၊

ဒီနေ့အချိန်အထိ အမေနဲ့အဖွားအတွက် ငါရှိမှဖြစ်မယ် ဆိုတဲ့စိတ်နဲ့ ရပ်တည်လာလို့ ဘယ်လိုပတ်သက်ချင်မှုမျိုးမှ ကျွန်မ စိတ်ထဲ မဝင်နိုင်ခဲ့တာပါ၊ ဝန်ခံရရင် ရှင်ကတော့ ချွင်းချက်ပေါ့၊ ကျွန်မတို့ ရင်းနှီးပတ်သက်ချိန် အရမ်းနည်းပါးလွန်းပြီး စိတ်ထဲမှာ

www.burmeseclassic.com



အများကြီး ကျန်ရစ်ခဲ့အောင် ရှင်က တတ်နိုင်ခဲ့တယ်ဆိုတော့ အံ့သြစရာပဲနော်"

ကျွန်တော့်ကိုယ်ကျွန်တော် အသက်ရှင်နေသေးတာ ဟုတ်ရဲ့လားလို့ သံသယဖြစ်အောင်ကို မှင်တက်မိနေခဲ့ပါတယ်၊ ကျွန်တော် သူမနဲ့ ဒီလိုတွေ့ဆုံခွင့်ရပြီး သူမဆီက ဒီလိုစကား ပြောဆို ဆက်ဆံမှုတွေရလိမ့်မယ်လို့ မျှော်လင့်မထားတာလည်း ပါပါတယ်။

နောက်ထပ် ဘာတွေဆက်ဖြစ်လာဦးမလဲလို့ ယောင်နနတွေးရင်း အရမ်းကို နည်းပါးလွန်းတယ်ဆိုတဲ့ ကျွန်တော်တို့နှစ်ယောက်တွေ့ဆုံမှုကို ဝေဝါးစွာ ပြန်တွေးမိပါတယ်။

ဟုတ်ပါရဲ့. . . ကြွက်စာ ပထမဦးဆုံးဝယ်တဲ့တစ်ခါ၊ နောက်တစ်ခါ၊ နောက်ထပ် ဦးဇော်နဲ့ဆုံတဲ့တစ်ခါ၊ ပြီးတော့. . ကြောင်လိုက် ဖမ်းတဲ့တစ်ခါ၊ အခုတစ်ခါ အဲ့ဒါပဲလေ. .၊ အဲ့ဒီအပြင် ဖြစ်နိုင်ချေရှိတာကတော့ ကျွန်တော် ဒီဆိုင်လေးမှာ လာလာထိုင်ပြီး စောင့်ကြည့်တယ်ဆိုတာလောက်ပါပဲ၊ ဒါလည်းထိုင်နေရတဲ့ကာလတစ်လျှောက် သူမနဲ့ ဆုံဖြစ်တာဆိုလို့ အခုတစ်ကြိမ်ထဲပါ၊ ဒါနဲ့တောင်. . .။

"ရှင့်စာကို သဘောကျပါတယ်၊ ကျွန်မ ပြန်ပေးတာက ရှင်လည်းဖတ်စေချင်လို့ပါ၊ ရှင့်ကိုအားကျပြီး အဲ့ဒီစာရွက်ရဲ့ကျောဘက်မှာ ကျွန်မလည်း ရေးထားတယ်လေ. ."

ကျွန်တော် လန့်ပြီး ကပျာကသီ ယူကြည့်လိုက်ပါတယ်၊ A4 ဆိုဒ်စာရွက်နှာပြင်တစ်ခုလုံး စာနဲ့တူတာ တစ်လုံးမှမတွေ့လို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အအဖြစ်သွားပြီးမှ အတွေးတစ်ချက် လက်ခနဲဝင်လာပြီး ဟက်ဟက်ပက်ပက် ရယ်မိတယ်လေ။

"ကောင်းလိုက်တာဗျာ. . ဘဝမှာ ဒီလောက်ကျေနပ်နှစ်လိုဖွယ်ကောင်းတဲ့ စာနဲ့ အဓိပ္ပါယ်ကို ဖတ်ပြီးသဘောကျမိတာ ဒါပထမဦးဆုံးပဲ. . "

ကျွန်တော့်စကားဆုံးတော့ သူမ ပြုံးပါတယ်။ အလွန်ပီရိလျှို့ဝှက်တဲ့ အပြုံးပါ. . ။

"ကောင်းပြီလေ. . ရှင်သဘောကျလောက်တဲ့ အဓိပ္ပါယ်က ဘာလဲ. . "

"ယဉ်ယဉ်လေး ကျွန်တော့်စာကိုဖတ်ပြီး သဘောကျတဲ့ အဓိပ္ပါယ်နဲ့ အတူတူပဲလေ. . "

"အံမယ်. . ဒါတော့ ရှင်လူလည်ကျတာပဲ. . "

နှစ်ယောက်သားဖြစ်နေပုံကတော့ ဘေးလူအမြင်မှာ အနည်းငယ် ရှူးနှမ်းနေမှာပါ။

သေချာတာကတော့ ကျွန်တော်တို့နှစ်ယောက်စလုံး ရှူးသွပ်မှုတွေ တူညီကြတာပါ။ အဲ့ဒီအခိုက်မှာပဲ သူမက. .

"အဲ. . ဦးဇော်တော့ ဒုက္ခပဲ. . "

"ဟင်. . ဦးဇော်ဘာဖြစ်လို့လဲ"

"ဒီညနေ အန်တီ့ကို ဆေးခန်းပို့ရဦးမယ် လို့ပြောတယ်၊ အဲ့ဒါကိုမေ့ပြီး ဆိုင်စောင့်ခိုင်းထားခဲ့တာလေ. . "

ကျွန်တော် ကျသင့်ငွေရှင်းတုန်း သူမ ပြန်နှင့်ဖို့ပြင်လို့ လှမ်းတားလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး. ."

အဲ့ဒီနောက် ဆိုင်ထဲကအတူထွက်လာပြီး. .

"ကျွန်တော့်အတွက် မှာထားတဲ့အစာတွေ ရောက်ပြီလား"

"ဟင်. . ရှင့်ကြွက်တွေ သေကုန်ပြီဆို"

"ဒါပေမယ့် ကျွန်တော့်အတွက်ရည်ရွယ်ပြီး မှာထားတာမဟုတ်လား. . ဝယ်ပါ့မယ်. ."

"အဓိပ္ပါယ်မရှိတာ. ."

"ကျွန်တော့်ဆီမှာနေနေတဲ့ ကြွက်တွေမရှိတော့ပေမယ့် နောက်ထပ်အသစ်ရောက်လာဦးမယ် ကြွက်တွေစားပါစေ. .! အမှန်တော့ ဒါပြီးရင် ပြီးပြီလို့ထင်နေတာဟာ. . လူတွေရဲ့ ခတ်တိမ်တိမ်အတွေးပါ၊ ဘုရားရှင်ကလည်း ဟောခဲ့တယ် ပျက်ပြီးရင်ဖြစ်တယ်၊ ဖြစ်ပြီးရင်လည်း ပျက်တာပဲတဲ့၊ သံသရာထဲမှာ နေနေသရွေ့ ဘယ်တော့မှ မပြီးဆုံးတဲ့ ဒဏ္ဍာရီတွေနဲ့ပဲ အဖန်တလဲလဲရှိနေတာကို လူတွေသတိမထားမိတာပါ. .၊

ငါ ဒီလိုမျိုး နင်နဲ့တွဲထိုင်နေတာကို သူမြင်ရင်ဘယ်လိုနေမလဲမသိဘူးလို့ ယဉ်လေးပြောလိုက်တာ ကျွန်တော်ကြားပါတယ်၊ ကျွန်တော်အရမ်းခံစားရတယ်၊ ဒါပေမယ့် ဒါနဲ့ပဲမပြီးနိုင်ဘူးလို့ လက်ခံထားတဲ့စိတ်ကြောင့် ကျွန်တော် ဘာမှမဖြစ်ခဲ့ပါဘူး၊ အသေချာဆုံးပြောရရင် အကြောင်းအမျိုးမျိုးကြောင့် ကျွန်တော့်ရင်ထဲက အချစ်တွေ ကုန်ခမ်းသွားပါစေ ထပ်ဖြစ် ထပ်ချစ်ဦးမှာပဲ. .၊ ကျွန်တော် အဲ့ဒီလိုအချစ်မျိုးနဲ့ ယဉ်လေးကို ချစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ. . နောက်နေ့မှဆက်ချစ်တော့. . မင်းတို့ ချစ်နေတာကြာလို့ ငါ့မိန်းမ ငါ့ကို အချစ်ပေါ့တော့မယ်"

"ဟာ. . ဦးဇော်. ."

"ကြာလို့လိုက်လာတာကွ. ."

"ကျေးဇူးပဲနော်. ."

"ဘာကိုလဲကွ. ."

"ဦးလေးတူမနဲ့ သဘောတူ ကူညီပေးတဲ့အတွက်ပါ"

"တယ်. . ဒီကောင်တော့ ဆေးမှန်မှန်သောက်၊ မနက်ဖြန် ဆေးခန်းဆက်ပြ. . ယဉ်လေး. . ဦးဇော်သွားပြီ"

"ဟုတ်. ."

ဦးဇော်ထွက်သွားလို့ သူမလည်း ဆိုင်ထဲဝင်ဖို့လှည့်လိုက်လို့ ကျွန်တော် သူမလက်ကို လှမ်းဆုပ်ယူလိုက်ပါတယ်။

သူမ ဘာမှမပြောနိုင်ခင်ပဲ. . .

"ကျွန်တော် တစ်ဖက်တည်း ကျန်နေတဲ့လက်နဲ့ လှမ်းဆုပ်မိတာပါ ယဉ်လေး. . ပုံပုံလိုတော့ မကုတ်လွှတ်ပါနဲ့၊ ဒီလက်ပါ စုတ်ပြတ်သွားရင် အိမ်သာတက်ဖို့တောင် မလွယ်တော့လို့ပါ"

သူမရဲ့ ရှက်ရွံ့ဒေါသမျက်နှာက ခဏနဲ့ တစ်ချက်အသံထွက်ရယ်ပြီး ပြေပြစ်လှပသွားတယ်လို့ ထင်မိပါတယ်၊ ကျွန်တော် မြင်ဖူးသလောက် သူမ လှတာ ဒါပါနဲ့ဆို နှစ်ခါပေါ့။

"ကျွန်မ ဘယ်လောက်ပဲချစ်ချစ် ရှက်တတ်တယ်နော်"

ကျွန်တော် ဝမ်းသာလန့်ဖြန့်ပြီး လွှတ်လိုက်တယ်ဆိုရင်ပဲ သူမဆိုင်ထဲ ပြေးဝင်သွားပါတော့တယ်၊ ကောင်တာနားရောက်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လှည့်ကြည့်လို့ ကျွန်တော်လက်ပြ နှုတ်ဆက်လိုက်တယ်။


ဟုတ်ကဲ့ ကောင်းနေတဲ့ တစ်ဖက်တည်းနဲ့ပါပဲ၊ သေချာသွားပြီလေ. . ကျွန်တော့်အတွက် အလှဆုံးတစ်ပွင့် ပွင့်ခဲ့ပြီဆိုတာ. . .။





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com





## အခန်း (၇)

ကံတရားကပဲ ကျွန်တော့်ကိုစီမံတာလား၊ ကျွန်တော်ကပဲ ကိုယ့်ကြမ္မာကိုယ် ဖန်တီးသလားဆိုတာ မသေချာ၊ သေချာတာ တစ်ခုကတော့. . အစုလိုက်၊ အပြုံလိုက် သတ်ဖြတ်ခံလိုက်ရတဲ့ ကပ်ဘေးဆိုးကြီးထဲမှာ မြီးတိုမတို့ သားအမိရွေ တျန်ရစ်ခဲ့တယ် ဆိုတာပဲ။

ကျွန်တော်လည်း ယဉ်ယဉ်လေးနဲ့လမ်းခွဲပြီး ဝမ်းသာလုံး

www.burmeseclassic.com

www.burmeseclassic.com



ဆို့နေတဲ့စိတ်နဲ့ အိမ်ပြန်လာပြီး၊ အိမ်ဧည့်ခန်းဝရောက်မှ ကြွက်တွေရိုက်သတ်မိလို့ တရားခံလိုခံစားနေရတဲ့မိသားစုကို သတိရတာ မျက်နှာပိုးသတ်လိုက်ပါတယ်၊ အိုက်တင်ခံတာတော့ မဟုတ်ဘူးခင်ဗျ၊ အိမ်သားတွေမကြိုက်တဲ့အလုပ်ကို ကိုယ်လုပ်ထားမိတော့ ကိုယ်လည်းအပြစ်မကင်းတာ အမှန်ပဲလေ။

ဒါပေမယ့် လူဆိုတာ သိတဲ့အတိုင်း သူများအပြစ်သာသေးသေးလေးကို အကြီးကြီးလိုမျိုးမြင်တာ ကိုယ့်အပြစ်တော့ ဆင်လောက်ကြီးလည်း ကြွက်လောက်ပဲ ဖုံးကွယ်ချင်ကြတာ မဟုတ်လား. . .။

"သား. ."

ကျွန်တော်ခေါင်းငုံ့လျှောက်ပြီး အပေါ်ထပ်ဖက် ခြေဦးလှည့်နေလို့ အမေလှမ်းခေါ်တာပါ၊ ဒါပေမယ့် ကျွန်တော် ရပ်မသွားပါဘူး. . .။

"သား နားချင်ပြီ. . မနက်ကျမှပဲ ပြောတော့"

"အေး. . အေး"

ကျွန်တော်လှေခါးအတိုင်းဆက်ပြီး တက်လာတာဟာ ကံကြွင်းပြီး ကျန်ရစ်နေရှာတဲ့ မြီးတိုမတို့ အသက်ဆက်နိုင်ဖို့ ကံတရားပါပဲ၊ ဘာကြောင့်လဲဆိုတော့ ဖွင့်ထားတဲ့ ကျွန်တော့်အခန်းထဲမှာ ဝုန်းဒိုင်းကြဲဆူညံသံတွေကြောင့် ကျွန်တော်အပြေးလေး ရောက်သွားပါတယ်။

လား. . လား. . အဒေါ်ရဲ့အချစ်တော် ဖြူမတစ်ကောင်စာအုပ်စင်တွေကြား သဲသဲမဲမဲ ဝင်တိုးရှာဖွေနေတာလေဗျာ၊ အဲ့ဒီ



www.burmeseclassic.com

www.burmeseclassic.com



မှာ ကျွန်တော်ပေါက်ကွဲပြီး. . အခန်းထောင့်က တံမြက်စည်းနဲ့ အသားကုန် လိုက်ကြုံးလိုက်ဖျင်းထုတ်တော့မှပဲ ဖြူမလည်း ကျောကော့အောင် ပြေးတော့တာ။

“ဟူး. . ဒါဆို ကျန်နေသေးတာပဲဖြစ်ရမယ်”

ကျွန်တော် အဲ့ဒီလိုတွေးပြီး အခန်းတံခါးကို ပြန်ပိတ်လိုက်တယ်၊ ပြီးတော့ အစာပူးထဲမှာ ကြွက်စာလေးရှိလိုရှိငြား ရှာကြည့်တော့ လေးငါးဆယ်စေ့လောက်ရှိနေလို့ အဲ့ဒါကိုယူပြီး ကြမ်းပြင်ပေါ် ထိုင်လိုက်ပါတယ်။

“မြီးတို. . မြီးတို. . ”

ကျွန်တော်ဘာရယ်မဟုတ်ဘဲ စိတ်ထဲရှိတဲ့အတိုင်းခေါ်ပြီးမှ မြီးတိုမရှိမရှိ မသိနိုင်တာကို သတိရပြီး ကြမ်းပြင်ကိုပဲ လက်နဲ့ခေါက်ကာ ခေါ်လိုက်တယ်။

“ဒေါက်!. . ဒေါက်!. . ”

“လာ. . လာ. . ဘယ်သူကျန်သေးလဲ. . လာ. . လာ”

အံ့ဩစရာပါပဲ စာအုပ်စင်ကြားထဲကနေ တစ်ကိုယ်လုံးနတ်ကသလို တုန်နေတဲ့မြီးတိုမ ထွက်ပေါ်လာတာပါ၊ ကျွန်တော် ဝမ်းသာပြီးထထိုင်တော့ မြီးတိုမခမျာ အန္တရာယ်နဲ့ကြုံထားရတဲ့ ထိတ်လန့်စိတ်ကြောင့် ပြန်ဝင်ပြေးပါတယ်။

“မြီးတို. . မြီးတို. . ဒေါက်. . ဒေါက်”

ကျွန်တော်ခေါ်လည်းခေါ် ကြမ်းပြင်ကိုလည်းခေါက်ပြီး အစာလေးတွေဖြန့်ချပေးတော့ မြီးတိုမ ပြန်ထွက်လာပါတယ်၊ သူတစ်ကောင်ထဲမဟုတ်ပါဘူး၊ သူကြမ်းပြင်ပေါ်ဆင်းလာမှ



www.burmeseclassic.com

www.burmeseclassic.com



ကုတင်အောက်က တိုးထွက်လာတဲ့ ကြွက်ပေါက်လေးနှစ်ကောင် ပါမြင်ရလို့ ကျွန်တော်တအားပဲ ဝမ်းသာသွားပါတယ်။

"စားပါကွယ် ငါမင်းတို့ကို အန္တရာယ်မပေးပါဘူး၊ မင်းတို့ကို မကာကွယ်ပေးနိုင်ခဲ့တာကိုပဲ စိတ်မကောင်းဖြစ်နေတာပါ"

ကံကောင်းမကြီးမြီးတို တွေ့မှ ကျွန်တော့်မေတ္တာစေတနာကို နားလည်ပုံရပြီး အစာစားရင်း သူ့ကလေးတွေကိုလည်းကျွေးရင်း ကျွန်တော့်ကို မျက်လုံးရွဲရွဲကြီးတွေနဲ့ လှမ်းကြည့်နေလို့ ကျွန်တော် ကြမ်းပြင်ပေါ်မှာ အသာအယာလေး လက်ဖဝါး ဖြန့်ပေးလိုက်တယ်၊ ပထမတော့ တွေဝေနေပြီး သူရဲရဲရင့်ရင့် ဆုံးဖြတ်လိုက်ပုံပါ၊ သူ့ကလေးတွေကို သူတို့ဘာသာဗေဒနဲ့ ဘယ်လိုပြောလိုက်တယ် မသိဘူးဗျ၊ ကလေးနှစ်ကောင် ခုတင်အောက်ကို လှစ်ခနဲ တိုးဝင်ပျောက်ကွယ်သွားမှ မြီးတိုမ ကျွန်တော့်ဆီ တိုးကပ်လာပြီး လက်ဖဝါးပေါ် တက်လိုက်ပါတယ်၊ မြီးတိုမ တစ်ကိုယ်လုံး ဆတ်ဆတ်တုန် ကြောက်ရွံ့နေမှုဟာ. . ကျွန်တော့်လက်ဖဝါးဆီက တဆင့် ကျွန်တော့်ရင်ထဲအထိရောက်ပြီး အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်။

အဲ့ဒါကြောင့် မြီးတိုမကို ဖွဖွလေးဆုပ်ယူပြီး. . .

"ညည်းတို့သားအမိက တကယ်ကံကောင်းခဲ့တာပါပဲ၊ နောက်ထပ် ဒီလိုမဖြစ်ရအောင်. . ငါစောင့်ရှောက်ပေးပါ့မယ် ကလေးရယ် မကြောက်နဲ့နော်၊ မနက်ဖြန် မင်းတို့စားစရာတွေ ပြန်ဝယ်ရမယ်ကွ သိလား၊ ကဲ. . ကဲ. . ကလေးတွေကိုသွားပြီး အားပေးလိုက်ပါဦးကွာ. . "



www.burmeseclassic.com

www.burmeseclassic.com



အဲ့သလိုပြောပြီး ကျွန်တော်လွှတ်ပေးလိုက်တော့ မြီးတိုမ ချက်ချင်း မသွားသေးဘဲ ကျွန်တော့်ကို မော့ကြည့်တယ်၊ ကျွန်တော် နောက်တစ်ခါ သူ့ကိုယ်လုံးလေးကို ပွတ်သပ်ပေးလိုက်တော့မှ တဖြည်းဖြည်းချင်း ထွက်သွားပြီး ခုတင်အောက်ဖက် တိုးဝင်ပျောက်ကွယ်သွားတယ်။

အဲ့ဒါပါပဲ ပရိသတ်ရယ်. .၊ လူတွေက ကိုယ့်အသက်မှ အသက်လို့ထင်ကြတာ၊ ဒီလို တိရစ္ဆာန်လေးတွေမှာလည်း အသက်နဲ့ ခန္ဓာနဲ့ ခံစားမှုရှိတဲ့စိတ်နဲ့ ဆိုတာကို ဘာလို့များ မတွေးပေးနိုင်ကြတာလဲ၊ ဘာကြောင့်များ နိုင်ရာစား တောစိတ် မွေးချင်ကြတာလဲဗျာ၊ ကဲ. . ဘယ်လောက်သနားဖို့ကောင်းလဲ၊ လူဟာ အသိဉာဏ် အဆင့်အတန်း အမြင့်ဆုံးသတ္တဝါပါလို့ ဂုဏ်ယူနိုင်ဖို့ အဆင့်အတန်းမြင့်တဲ့ ကိုယ်ချင်းစာစိတ်ရှိဖို့လိုတယ် ထင်တာပဲ၊ အဲ့ဒါ ကျွန်တော်မှားနေလား. . စဉ်းစားဗျာ. .။

ဌ ဌ ဌ ဌ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် မြီးတိုမတို့သားအမိအတွက် အစာထွက်ဝယ်မယ်ဆိုပြီး အခန်းထဲကထွက်တော့ မြီးတိုမတို့ သားအမိ ကျွန်တော့်နောက်ကပါလာလို့. . ။

"ဟာ. . နင်တို့နေခဲ့ကြလေ. . သွား. . သွား"

မရပါဘူး. . ၊ ကျွန်တော်ထိုင်ပြီး သူတို့ကို အခန်းထဲ ပြန်တွန်းထည့်ပေမယ့် မရမက ပြန်ထွက်ပြီး ကျွန်တော့်ကိုယ်ပေါ်ကို တောင် တက်လာကြပါတယ်၊ ကျွန်တော်သိလိုက်ပါပြီ၊ ကျွန်တော် မရှိရင် ဒီအခန်းဟာ သူတို့အတွက် ငရဲခန်းနှိုတာ နားလည်လိုက်ပါတယ်။

အဲ့ဒါကြောင့် မဖြစ်ချေတော့ဘူးဆိုပြီး အခန်းထဲ ပြန်ဝင်၊ ဆောင်းတွင်းကာလ တအားအေးမှ ထုတ်ဝတ်လေ့ရှိတဲ့ ဖလန်ထည် လောင်းကုတ်ကြီးကို ဝတ်လိုက်ပါတယ်၊ ပြီးတော့ မြီးတိုမတို့သားအမိကို လက်နှိုက်လို့ရတဲ့ ကုတ်အင်္ကျီအိတ်ထဲ ထည့်ယူ



www.burmeseclassic.com

လာခဲ့တယ်၊ ဒီလိုတော့လည်း သူတို့သားအမိ ငြိမ်ပြီးပါလာတာလေ၊ သနားစရာပါဗျာ. . .။

"သားရေ. . လာလေ ကော်ဖီသောက်ရအောင်"

ကျွန်တော် ဒီလောက်နဲ့ပဲ ရပ်လိုက်ဖို့ဆုံးဖြတ်ပြီး ထမင်းစားခန်းထဲ ဝင်လိုက်ပါတယ်၊ အားလုံး မနက်အဆာခံမုန့်နဲ့ ကော်ဖီသောက်စားနေကြချိန်မို့လို့ အိမ်သားအားလုံး အစုံအလင်ပါပဲခင်ဗျာ။

အမေက ကျွန်တော့်အရောက် ပေါင်မုန့်ကြက်ဥကြော်ပြင်ဆင်ပေးပြီး ကော်ဖီငှဲ့ပေးပါတယ်။ အဲ့ဒီနောက် အမေက. .

"သား ဒါဏ်ရာတွေ သက်သာရဲ့လားဟင်"

"ဟုတ် သက်သာပါတယ်"

"မင်းကွယ် ဒုက္ခများလိုက်တာ. . ဒါနဲ့စကားမစပ် သားဘယ်လိုစိတ်ကူးနဲ့များ ကြွက်တွေမွေးထားရတာလဲ"

"ဟုတ်တယ် ကျွန်တော်လည်းဒီကောင့်ကို အဲ့ဒါ မေးချင်တာ"

"အေးကွာ ခိုင်မြဲ. . ဦးအောင်လည်း မစဉ်းစားတတ်ဘူးဖြစ်သွားတယ်"

ကျွန်တော်နားထောင်ရင်း ဟာနေတဲ့ဝမ်းကို ဖြည့်နေလိုက်တယ်၊ စားရင်းက အိတ်ထဲမှာရှိနေတဲ့ မြီးတိုမတို့သားအမိကိုသတိရပြီး ပေါင်မုန့်ကြက်ဥကြော်လေး မသိမသာဖဲ့ပြီးအိတ်ထဲထိုးထည့်ပေးလိုက်တယ်၊ နည်းနည်းလှုပ်လှုပ်ရှုပ်ရှုပ်ဖြစ်သွားပြီး. ကျွိကျွိ. . ကျဲ့ကျဲ့. . အသံတွေ ထွက်လာလို့ အိမ်သားတွေ

www.burmeseclassic.com



အသံတိတ်ပြီး နားစွင့်ကုန်ကြတယ်၊ ဒါပေမယ့် ဣန္ဒြေမပျက် စားသောက်နေတဲ့ ကျွန်တော့်ကိုကြည့်မြင်နေရတာရော မြီးတိုမတို့သားအမိ အဝေတည့်ပြီး အသံတိတ်သွားတာရောကြောင့် ကိုကြီးက. . .

"အမေ ကြွက်သံကြားလိုက်လားလို့"

"ဟုတ်တယ် ငါလည်းကြားတယ်"

အဲ့ဒီအခိုက်မှာပဲ ဦးအောင်က. . .

"စိတ်စွဲနေလို့နေမှာပါ ငါတော့မကြားပါဘူး"

ဦးအောင်စကားကြောင့် အားလုံး စိတ်ပေါ့လူပေါ့ ဖြစ်ကုန်ကြပြီးမှ အစ်မက. . .

"ကဲ. . ငါမေးပါဦးမယ် နင်ဘာစိတ်ကူးနဲ့ ကြွက်မွေးတာလဲ"

ကျွန်တော်ကော်ဖီလက်ကျန်နဲ့ မုန့်လက်ကျန်ကိုရှင်းပြီးမှ တစ်ရှူးတစ်ရွက် ယူသန့်ရှင်း. .

"ကျွန်တော်လည်း အစ်မကိုမေးမယ်၊ အစ်မက ခွေးဆိုရင် နူနူဝဲဝဲ အကုန်ချစ်တယ် ဘာကြောင့်လဲ"

"ဟဲ့. . ခွေးဆိုတာ သစ္စာရှိတဲ့တိရစ္ဆာန်မျိုးဟဲ့၊ ချစ်ရတာလည်းတန်တယ် ကျွေးရတာလည်းတန်တယ်"

"ဟုတ်ပြီ. . အဒေါ်ကိုမေးမယ် အဒေါ်ရော ကြောင်ကို ဘာလို့ချစ်တာလဲ"

အဒေါ် ပခုံးတွန့်ပြပြီး. . .

"ကြွက်ခုတ်တယ်၊ လူတွေအတွက် ရောဂါပိုးတွေ သယ်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်လာတဲ့ ကြွက်တွေကို ကာကွယ်ပေးတယ် အဲ့ဒါကြောင့် ကြောင်ချီး၊ ကြောင်သေးနံလည်း တန်တယ်"

"ကောင်းပြီလေ ဒါက ကိုယ့်အမိပ္ပါယ်နဲ့ကိုယ် လက်ခံကြလို့ ကျွန်တော်မငြင်းပါဘူး၊ ဒါပေမယ့် ရောဂါကိုသယ်လာတာ ကြွက်တစ်မျိုးတည်းကပဲလား၊ ကြောင်မွေးကတဆင့်ရနိုင်တဲ့ အသက်ရှူလမ်းကြောင်းနဲ့ အဆုတ်ကင်ဆာရောဂါ၊ ခွေးရူးပြန်ရောဂါ၊ အဲ့ဒါက ကြွက်လောက်မဆိုးဘူးလို့ ပြောချင်သလား"

အဒေါ် ဆတ်ခနဲ ကိုယ်လုံးကြီးတွန့်တက်လာလို့ ကျွန်တော်လက်ကာပြပြီး အစ်မဘက်လှည့်ကာ. . .

"ခွေးသွားရည်ကတဆင့် ကူးစက်တဲ့ အရေပြား ကင်ဆာရောဂါတွေ၊ ခွေးရူးပြန်ရောဂါတွေ ကာလသားပိုးရောဂါတွေက ကြွက်လောက်မဆိုးဘူးလို့ အစ်မပြောချင်သလား"

"နင် လျှာအရိုးမရှိတိုင်းလျှောက်ပြောမနေနဲ့၊ ကြွက်က ရောဂါအပြင် အိမ်ထောင်ပစ္စည်းတွေပါ ကိုက်ဖျက်ပစ်တာရော နင်ဘာပြောချင်လဲ"

"ကျွန်တော့်အခန်းထဲမှာ ကြွက်တွေ အကောင်သုံးလေးဆယ် ခြောက်လလောက်ရှိနေတာ စာအုပ်အနှောင့်လေးတောင် မကိုက်ကြပါလား၊ ရောဂါကူးစက်ခံထားရတဲ့ လက္ခဏာမျိုးရော ကျွန်တော့်မှာမရှိပါလား"

"နင် သွားစစ်ဆေးကြည့်လိုက်လေ"

"စစ်တာပေါ့. . ကျွန်တော်လည်း သေမှာကြောက်တာ ပေါ့၊ ရောဂါရှိမရှိ စစ်တဲ့အပြင် ကျွန်တော့်ဆီမှာ လူစီးတကယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိမရှိပါ စစ်ထားတာ၊ ကိုယ်မွေးတဲ့တိရိစ္ဆာန်မှအကောင်း ကိုယ်မချစ်မနှစ်သက်တဲ့ တိရိစ္ဆာန်ဆို သတ်သတ်. . သေသေ. . ဆိုတဲ့ လူစိတ်ကင်းမဲ့တဲ့လုပ်ရပ်မျိုး ကျွန်တော့်မှာရှိရင် ဖြူမလည်းသေပြီ၊ ဂျက်ကီလည်း လစ်သွားပြီ. .၊

ကျွန်တော် ခွေးကြောင် မချစ်ဘူး၊ ဒါပေမယ့် သူတို့အသက်ကို ရန်မရှာဘူး၊ ကျွန်တော် ကြွက်ကလေးတွေကို ချစ်တယ်၊ အစာနဲ့ဆေးဝါးကအစ သူတို့နေထိုင်ဖို့ နေရာကအစ စီစဉ်ပေးထားတယ်၊ အဲ့ဒီအတွက် အဲ့ဒီကြွက်တွေ ကျွန်တော့်အခန်းထဲမှာပဲ နေကြပျော်ကြတယ်၊ သူတို့ကျေးဇူးရှိတဲ့ ကျွန်တော့်ကို ဒုက္ခမပေးဘူး၊ မဖျက်ဆီးဘူး၊ အိမ်ထဲမှာနေနေပြီး အိမ်သားတွေကိုဒုက္ခမပေးဘူး၊ အခု သူတို့ကို အိမ်သားတွေက ဒုက္ခပေးလိုက်ကြပြီဘယ်သူမှားနေလဲ. . ."

"ဪ. . နင်မမှားဘူးပေါ့ ဟုတ်လား"

"ဟုတ်တယ်အစ်မ၊ လူတိုင်း ကိုယ့်ဆန္ဒနဲ့ကိုယ် လွတ်လပ်စွာ ဆန္ဒပြုပိုင်ခွင့်ရှိတယ်၊ စည်းကမ်းရှိဖို့တော့လိုတယ်၊ ကျွန်တော့်ကြွက်တွေက အစ်မတို့ ကြောင်တွေ၊ ခွေးတွေလို ဘုရားခန်းမရှောင်၊ အိပ်ခန်းမရှောင် ချီးပါသေးပေါက် မလုပ်ဘူး၊ သူ့စည်းကမ်းနဲ့သူတို့ နေကြတယ်"

"နင်. . နင်နော်"

"ကဲ. . ကဲ. . တော်ကြစမ်း"

ကျွန်တော့်စကားကို အမေလက်ခံပုံရပါတယ်၊ ကြွက်သတ်ပွဲတုန်းက တစ်ညီတစ်ညွတ်တည်းပါပေမယ့် အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ပြေရာပြေကြောင်း ပြောချင်ပုံရလာတယ်။

"သားရယ် မင်းပြောတာ အမေလက်ခံပါတယ်၊ ဒါပေမယ့် ဒီအလုပ်မျိုး ဘယ်အိမ်မှမလုပ်ကြဘူးလေ"

"သားလုပ်ချင်တယ်"

ကျွန်တော်ပြောပြီး ထိုင်ရာကထရပ်တုန်း အိတ်ထဲက မြီးတိုမတို့သားအမိကို နှိုက်ယူပြီး ပြလိုက်လို့ အားလုံးလန့်ဖြန့်ပြီး ထခုန်ကြတယ်။

"ကြည့်ကြပါဦး လူတွေ အစုလိုက်အပြုံလိုက် ရိုက်သတ်ကြလို့ ကံကောင်းပြီးကျန်ခဲ့တဲ့ မြီးတိုမတို့သားအမိ၊ အခု ကျွန်တော်အပြင်ထွက်တော့ သူတို့အခန်းထဲမှာ အရင်လို မနေရဲကြတော့လို့ ကျွန်တော့်နောက်ကိုခိုကပ်ပြီး လိုက်လာကြတယ်၊ ဘယ်လောက်တောင် သနားဖို့ကောင်းလဲဗျာ"

ပြီးတော့ ကျွန်တော့်အိတ်ထဲပြန်ထည့်ပြီး ထမင်းစားခန်းထဲက ထွက်လာခဲ့လိုက်တယ်၊ ကျွန်တော် ဧည့်ခန်းထဲဖြတ်လျှောက်လာတဲ့အထိ ထမင်းစားခန်းထဲ တိတ်ဆိတ်ပြီး ကျန်ခဲ့တာကိုတော့ ကျွန်တော်မပြောပြလည်း ပရိသတ် တွေးကြည့်ရင်သိမှာပါ။ လူ့စိတ်ဆိုတာ ဘာလဲ၊ လူတွေက လူသားချင်းပဲ စာနာထောက်ထားကြတော့မှာလား၊ ကမ္ဘာပေါ်မှာ အတူတကွနေထိုင်တဲ့ သက်ရှိသတ္တဝါတွေချင်းအတူတူ ကိုယ့်အသက်မှ အသက်လို့ထင်တာ လူတဲ့လား. . စဉ်းစားကြပါဦး။

၄ ၄ ၄ ၄



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ရောက်သွားတော့ ယဉ်ယဉ်လေးတို့စတိုးဆိုင်က ဖွင့်ကာစမို့လို့ အားလုံးခင်းကျင်းပြီးတာတောင် သန့်ရှင်းရေးကိစ္စ ဆိုင်ကဝန်ထမ်းကောင်မလေးတစ်ချို့ လုပ်ကိုင်နေဆဲလေ၊ ကျွန်တော့်ကိုမြင်တော့ ကောင်မလေး ပြုံးစေ့စေ့မျက်နှာနဲ့ ဆိုင်အတွင်းဘက် တစ်ချက်လှမ်းကြည့်ပြီး. . .

“အထဲမှာ မမရှိတယ် ဝင်သွားလေ”

ကျွန်တော်ဝင်သွားတော့ ယဉ်ယဉ်လေးလှမ်းကြည့်ပြီး အပြုံးနွေးနွေးလေးနဲ့ သူမစားပွဲက ထလာပြီး. . .

“နေမကောင်းဘူးလားဟင်. . ”

“ကောင်းပါတယ်”

“မသိပါဘူး အနွေးထည်ကြီး ဝတ်ထားလို့”

“ဩော်. . အဲ့ဒါက. . ဟဲဟဲ. . ဟိုလေ ကြွက်စား[illegible]
ဒယ်တာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ကြွက်တွေလည်းမရှိတော့ဘဲနဲ့"

"ရှိသေးတယ်ဗျ"

ကျွန်တော်ပြောရင်း မြီးတိုမကိုထုတ်ပြလိုက်တော့ သူမ ပျို့တက်သလို တွန့်ရွံ့သွားပြီး. . .

"ဟာ. . ဘာလို့ယူလာတာလဲ"

"ကျွန်တော်ယူလာတာမဟုတ်ဘူးယဉ်ယဉ် သူတို့လိုက်လာတာ၊ အခန်းထဲမှာကျွန်တော်မရှိဘဲ မနေရဲတော့ဘူးလေ၊ ဒီမှာ သူ့ကလေးနှစ်ကောင်လည်း ပါတယ်လေ"

ကျွန်တော်ထပ်ပြီးထုတ်ပြရော သူမ ကောင်တာနားက နေ ထွက်ပြေးတော့တယ်၊ အဲ့ဒီအခိုက်မှာပဲ သူမရဲ့ ဂျာမန်မျိုးရင်း ကြောင်ကြီး ကောင်တာပေါ် ဝုန်းခနဲခုန်တက်ကာ ကျွန်တော့် လက်ကို လှမ်းပုတ်ပါတော့တယ်။

"ညောင်!. . ဝိုး!. . ခွီး!. . "

"ဟာ!. . "

ကျွန်တော်လန့်ဖျန့်ကာ နောက်ကိုခုန်ဆုတ်ပြီး မြီးတိုမ တို့သားအမိကို အိတ်ထဲပြန်ထိုးထည့်လိုက်တဲ့အပြင် ဇစ်ဆွဲပိတ် ထားလိုက်တယ်။

"ပုံပုံရေ. . ပုံပုံ မလုပ်နဲ့"

လုံးဝမျှော်လင့်မထားတဲ့ အခြေအနေကြောင့် သူမကိုယ် တိုင် လန့်ဖျန့်ကာတားဆီးပေမယ့် ဂျာမန်မျိုးရင်းကြီးရဲ့ သတ်ချင် ဖြတ်ချင်စိတ်က လျော့ကျမသွားပါဘူး၊ ကျွန်တော့် ကိုယ်ပေါ်မှာ သူနှစ်သက်တဲ့သားကောင်တွေ ရှိနေတယ်ဆိုတာ အခိုင်အမာ



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပြီး ကျွန်တော့်ကိုယ်ပေါ် ခုန်အုပ်ပါတော့တယ်။

"ညောင်!. . ဝေါင်!. . "

ကြောင်က ကြောင်နဲ့မတူဘဲ ကျားပေါက်တစ်ကောင်လောက် သန်မာနေတဲ့ပုံပုံဟာ ကျွန်တော့်ကိုယ်ပေါ် မှာ ကြွက်ကိုသဲသဲမဲမဲ ရှာဖွေတော့တာခင်ဗျ၊ ကျွန်တော်လည်း မြီးတိုတို့ သားအမိကိုကာကွယ်ဖို့ အကျီအိတ်ကိုဆွဲမပြီး ခန္ဓာကိုယ်ထဲ ပွေ့ဝှက်ထားလိုက်ပါတယ်၊ သူတို့သားအမိလည်း သေအံ့မူး အန္တရယ်ကိုသိနေတော့ စိတ်မလုံနိုင်တော့ဘဲ ရှန်းတိုးကြ၊ အော်ဟစ်ကြနဲ့မို့လို့ ဂျာမန်ကြီး အလျှော့မပေးတာပါ။

အဆိုးဆုံးက မြီးတိုတို့သားအမိကို ပွေ့ဝှက်ပေးထားတဲ့ကျွန်တော့်လက်ကို ကိုက်ခဲကုတ်ဖွဲ့ပြီး ဖယ်ရှားနေတော့တာပါပဲ။

"ပုံပုံရေ. . ဒုက္ခပါပဲ"

သူမပြေးလာပြီး သူ့ကြောင်ကြီးကို သူဆွဲပေမယ့် မရပါဘူး၊ တခီးခီးမာန်ဖီကာ ငုံ့ခဲထားတဲ့ကျွန်တော့်လက်ကို မလွှတ်ပါဘူး၊ အဲ့ဒီအခိုက်မှာပဲ ဆိုင်အကူကောင်မလေးတွေ လျှောင့်ချိုင့်ပါယူလာပြီး ဟိုနေ့က မြဘုန်းလုပ်သလို ဂုတ်ကနေ ဆွဲကိုင်လိုက်မှလက်ကိုခဲထားတဲ့ မေးရိုးကြီးတွေကို လျှော့ချလိုက်ပါတယ်။

"ရပြီ. . ရပြီ. . လျှောင်ချိုင့်ဖွင့်"

"ပုံပုံရယ် ဆိုးလိုက်တာ ဒုက္ခပါပဲ၊ အိုး. . သွေး. . သွေးတွေ"

"ရပါတယ် ဟိုနေ့လောက်မဆိုးပါဘူး"

"ဟာ. . မဖြစ်ဘူး. . လာ ဆေးခန်းသွားမယ် နိုင်ခိုင်ရေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သေချာကြည့်ထားစမ်း"

"ဟုတ်. . မမ"

သူမ သိပ်တွေဝေမနေဘဲ ကျွန်တော့်လက်မောင်းကိုဆွဲပြီး ဆိုင်အပြင်ဘက် ထွက်လာခဲ့ပါတယ်၊ အဲ့ဒီနောက် သူမကားထဲ ဖွင့်ဝင်ခိုင်းပြီး ခတ်သွက်သွက်ပဲမောင်းထွက်လာခဲ့တယ်။

"ကျွန်မရှင့်ကို အရမ်းအံ့သြတာပဲ"

"ဗျာ. . ဘာကြောင့်လဲ"

"ဘာမဟုတ်တဲ့ အဲ့ဒီကြွက်တွေအတွက် ရှင်အနာခံတာကို ပြောတာပါ"

ကျွန်တော်ပြုံးပြီး. .

"ဘာမှမဟုတ်ဘူးတဲ့လား ယဉ်ယဉ်ရယ်. . သူတို့လည်း အသက်နဲ့ခန္ဓာကိုယ်နဲ့ပါ ကြောက်မှာပေါ့"

BURMESE CLASSIC

"ပုံပုံ ရှင့်ကို ဒီလောက်လုပ်နေတာတော့ မကြောက်ဘူးလား၊ လည်ပင်းတွေဘာတွေ ကိုက်မိရင် ဘယ်လိုလုပ်မလဲ"

"မတတ်နိုင်ဘူးပေါ့ ပုံပုံက သူ့အစာအတွက် သူကြိုးစားတာလေ၊ ကျွန်တော်က ဒီကလေးတွေအတွက် ကာကွယ်ပေးတာပါ၊ အားလုံးကိုယ့်အခွင့်အရေးကိုယ် လုပ်ကြတာပါ၊ ခုလို အနာတရတွေ ဖြစ်ကုန်တာတော့ မတတ်နိုင်ဘူးပေါ့"

သူမ ပင့်သက်ရှိုက်ပြီး စကားပြတ်သွားတယ်။

အတော်လေးကြာမှ. . .

"ကျွန်မ ကြွက်တွေကို မုန်းတယ် မကြိုက်ဘူး"

"ကျွန်တော်က သနားတယ်၊ သူတို့ဘက်မှာ ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



မယ့်သူ မရှိဘူး"

"ဒါတော့ ရှင်နဲ့ကျွန်မ သဘောထားချင်းမတိုက်ဆိုင်ဘူး"

"ညှိယူရမှာပေါ့"

"အိုခေလေ ရှင့်အိတ်ထဲကကြွက်တွေ လွှင့်ပစ်ပြီး နောက်ကို ဘယ်တော့မှ ကြွက်မမွေးပါဘူးလို့ ကတိပေးရင် ကျွန်မနဲ့ရှင်နဲ့ တစ်သက်လုံး လက်တွဲခွင့်ရပြီး ဘယ့်နှယ့်လဲ"

သူမ စကားသံဆုံးတော့ ဆေးခန်းရှေ့ရောက်လာလို့ ကားကို ဘေးချရပ်လိုက်တယ်၊ ဒါပေမယ့် ဆေးခန်းကမဖွင့်သေးလို့ သူမ ဂုတ်သပ်ငြီးငြူခိုက်မှာပဲ. . .

"ကျွန်တော်ကတိပေးမယ်၊ သူတို့ကိုဘယ်တော့မှ အိမ်မှာခေါ်မမွေးဘူး၊ အိမ်ခြံဝင်းထဲက တစ်နေရာ ဒါမှမဟုတ် သူတို့ အန္တရာယ်ကင်းနိုင်တဲ့ တစ်ခြားတစ်နေရာမှာ စနစ်တကျလေးထားပေးလိုက်မယ် ဆိုရင်ကော. . ."

သူမ ကျွန်တော့်ကို ဘယ်လိုမျက်လုံးမျိုးနဲ့ ကြည့်တယ် ထင်လည်းဗျာ၊ တကယ်ပါ. . လောကမှာ ဘယ်လိုရှာရှာ ဒီလို ချစ်စရာကောင်းတဲ့အကြည့် မျက်လုံးမျိုး ရှာတွေ့ဖို့ ဘယ်လိုမှ မဖြစ်နိုင်တဲ့ အကြည့်မျိုးပါ. . .॥

"ရှင့်အိမ်က ရှင့်ကို အတော်စိတ်ပျက်မှာပဲနော်"

"ကျွန်တော်လည်း စဉ်းစားပါတယ် ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှာ ကြွက်အခွင့်အရေးကာကွယ်ပေးဖို့ တင်ပြရင် ကောင်းမလားလို့"

"ကဲ. . တော်ပြီ. . တော်ပြီ နောက်ထပ်ဆေးခန်းတစ်နေ

www.burmeseclassic.com



ရာ ရှာရမယ်"

"ခဏလေး ယဉ်ယဉ်"

"ဘာလဲ"

"ကျွန်တော်တို့ ချစ်သူတွေဖြစ်သွားတာ သေချာသွားပြီလားဟင်"

"ဟာ. . ဘာတွေလာ. . ဟင်"

ကျွန်တော်တစ်ဖက်ကို အာရုံကျသွားလို့ မြီးတိုမတို့ သားအမိကို ဂရုမစိုက်မိတဲ့အတွက် ကျွန်တော့်အင်္ကျီကို ကိုက်ဖောက်ပြီး တိုးထွက်ကုန်ကြပါတယ်။

"အား!. . အိုး!. . "

မြီးတိုမတို့ ပြဿနာရှာပြီ ပရိသတ်ရေ. .၊ အိတ်ထဲကထွက်ပြီး လန့်ဖျန့်လျှောက်ပြေးကုန်လို့ ယဉ်ယဉ်လည်း ဒရိုင်ဘာခုံနေရာကနေ ကျွန်တော့်ဆီ ဘယ်လိုရောက်လာသလဲဆိုတာ မပြောပြတတ်လို့ ကျွန်တော်အလိုက်သင့်ဖက်ပြီး နှစ်သိမ့်ရတယ် ခင်ဗျ။

BURMESE CLASSIC

"မကြောက်နဲ့ယဉ်ယဉ်. .၊ မြီးတိုနှင်တို့သားအမိ ငြိမ်ငြိမ်နေကြစမ်း. . "

"ကျွီ!. . ကျွီ!. . "

နိဂုံး

www.burmeseclassic.com